Golden Lion Wire Co.,Ltd

The VOICE Daily

AIR KBZ

Vol. 6 / No.19 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်၊ (Thursday, May 3, 2018)

# ထိန်ပင်အမှိုက်ပုံမီး အပြီးငြိမ်းပြီဟု မီးသတ်တပ်ဖွဲ့အတည်ပြု

**ရန်ကုန်၊ မေ ၂**

ရန်ကုန်တိုင်းအတွင်း ဆယ်ရက်ကျော်ကြာလောင်ကျွမ်းခဲ့သော လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးကို မေ ၂ ရက်တွင် အပြီးငြိမ်းသတ်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောကြားသည်။

ဧပြီလ ၂၁ ရက်မှ မေလ ၂ ရက်အထိ လောင်ကျွမ်းနေသော ထိန်ပင်အမှိုက်ပုံမီးလောင်မှုမှာ ရန်ကုန်တိုင်းတွင် ရက်အကြာရှည်ဆုံး လောင်ကျွမ်းသည့် မီးလောင်မှုဖြစ်ပြီး မေလ ၂ ရက်တွင် ကျန်ရှိသည့်နောက်ဆုံးအပိုင်းကို အပြီးသတ်ငြိမ်းသတ်ပြီးပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

"အပြီးသတ်ငြိမ်းနိုင်ပြီဆိုပေမယ့် နောက်ရက်မှာ အင်အားထုတ်ပြီး ထားဦးပါမယ်။ မီးငြိမ်းတယ်ဆိုပေမယ့် အောက်မှာ အပူငွေ့ဆိုတာ ရှိသေးတယ်။ မိုးရွာတာမရှိဘူး။ ရာသီဥတုက ပူနေသေးတော့ ပြန်လောင်မှာစိုးလို့ မီးခိုးထွက်တာနဲ့ စာ 2



ဓာတ်ပုံ – ရဲပြည့်ဇာနည်

၁၂ ရက်ကြာလောင်ကျွမ်းနေသည့် လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးကို အပြီးငြိမ်းသတ်ရန်ဆောင်ရွက်နေကြသည်ကို မေလ ၂ ရက်နေ့ ညနေပိုင်းက တွေ့ရစဉ်

## "ဘက်လိုက်မှုတွေ ရှိတယ်ဆိုတာ ပြောတော့ သူတို့ (UN ကိုယ်စားလှယ်များ)က မဲ့ရွဲ့သွားတာပဲ"

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုနှင့် တွေ့ဆုံခြင်း စာ 8

## ပုဂံဘုရားများပေါ် ပြန်တက်ခွင့်ပေးရန် စိစစ်

စာ 11

## ယူနန်ပြည်နယ်သို့ ဆန်တန်ချိန်တစ်သန်း တရားဝင်ရောင်းချရန် စီစဉ်

စာ 7

# နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူးဟောင်းကို ရဲတပ်ဖွဲ့မှ ထုတ်ပယ်

**ရန်ကုန်၊ မေ ၂**

ရခိုင်ပြည်နယ် အကြမ်းဖက်မှုဖြစ်စဉ်တွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူးအဖြစ် တာဝန်ပေးအပ်ခံရသော လက်ရှိအမှတ် (၁) လုံခြုံရေး ကွပ်ကဲမှု ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် သူရစန်းလွင်ကို ရဲတပ်ဖွဲ့မှ ထုတ်ပယ်၍ စစ်ဆေးနေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"မှန်ပါတယ်။ ထုတ်ပယ်လိုက်ပြီးတော့ စစ်ဆေးမှုတွေ လုပ်နေတယ်။ လောလောဆယ် ဒီလောက်ပဲ ပြောလို့ရတယ်။ ကျန်တာတော့ ဘာမှမသိဘူး" ဟု ၎င်းက စာ 8

## "မေးခွန်းပုံစံ အပြောင်းအလဲမှာ မြန်မာစာနဲ့ ပတ်သက်ရင် နံပါတ် ၆(ခ)က အပြောင်းလဲဆုံးဖြစ်တယ်"

ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန၊ လက်ထောက်ကထိက ဦးမင်းဇင်နှင့် တွေ့ဆုံခြင်း စာ 9

# ဒုရဲမှူးမိုးရန်နိုင်ကို မယုံကြည်ရသက်သေအဖြစ် လျှောက်ထားမှု တရားရုံးက ပယ်ချ

**ရန်ကုန်၊ မေ ၂**

နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့်ဖမ်းဆီးခံရသည့်ရိုက်တာသတင်းထောက်နှစ်ယောက်ကို ရဲတပ်ဖွဲ့က ထောင်ချောက်ဆင်ဖမ်းခဲ့သည်ဟု ထွက်ဆိုခဲ့သည့် ဒုရဲမှူးမိုးရန်နိုင်ကို မယုံကြည်ထိုက်သော သက်သေအဖြစ်တင်သွင်းသည့် အစိုးရရှေ့နေ၏ လျှောက်လဲချက်ကို တရားရုံးက ပယ်ချခဲ့သည်။

"တရားလိုဘက်က ရဲမှူးမိုးရန်နိုင်ကို မယုံကြည်ရတဲ့သက်သေအဖြစ် စာ 2



# စားသုံးရန်မသင့်၍ အစားအသောက်ခုနစ်မျိုး ပြန်သိမ်းရန် လုပ်ငန်းရှင်များကို FDA က အကြောင်းကြား

**ရန်ကုန်၊ မေ ၂**

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသုံးရန် မသင့်သည့် အစားအသောက် ခုနစ်မျိုးကို ပြန်လည်သိမ်းဆည်းရန် လက်လီရောင်းချသူများနှင့် လုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ အကြောင်းကြားထားကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ်တွင် FDA မှ ဈေးကွက်အတွင်း ရှောင်တခင်ကွင်းဆင်း၍ အစားအသောက်နမူနာများကို စစ်ဆေးခဲ့ရာ ခွင့်ပြုအစားအသောက် ထပ်ဖြည့်ပစ္စည်း (Sodium Benzoate) ကို ခွင့်ပြုအမြင့်ဆုံးပမာဏထက် ကျော်လွန်နေသော အစားအသောက် ၆ မျိုး၊ (အထက်ပါ အစားအသောက် ၁ မျိုးတွင် ခွင့်မပြုဓာတုဆိုးဆေး Rodamine-B)နှင့် ခွင့်မပြုဓာတုဆိုးဆေး Orange II ပါဝင်သော အစားအသောက် ၁ မျိုးတို့ဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

ဈေးကွက်အတွင်းမှ သိမ်းဆည်းရန် အကြောင်းကြားထားသည့် အမှတ်တံဆိပ်များမှာ Net Weight မပါရှိဘဲ ၂၀၁၈ ဒီဇင်ဘာ ၂၇ တွင် သက်တမ်းကုန်မည့် ရွှေပုံချစ်အမှတ်တံဆိပ် အစေ့လွတ်ဆီးရှယ်-ခြောက်စပ်၊ Net Weight မပါရှိဘဲ ဧပြီလ၊ ၂၀၁၈ တွင် သက်တမ်းကုန်သည့် စံချိန်မီအမှတ်တံဆိပ် ငရုတ်ဆီ၊ Net Weight 60g ပါ ၂၀၁၈ မေလ ၂၁ တွင် သက်တမ်းကုန်မည့် GU GU အမှတ်တံဆိပ် အောင်ပန်းဆိတ်သားခြောက်ကြော်၊ Net Weight 100g ပါ ၂၀၁၈ ဇွန်လ ၁၆ ရက်တွင် သက်တမ်းကုန်မည့် Wao အမှတ်တံဆိပ် Preserved Fruit Cherry Red ၊ Net Weight 150g ပါ Lot no.12၊ ၂၀၁၉ ခုနှစ် မတ်လတွင် သက်တမ်းကုန်မည့် မေမေ့သမီး အမှတ်တံဆိပ် မရမ်းခြောက်စပ်၊ Net Weight မပါရှိဘဲ ၂၀၁၈ ဧပြီလတွင် သက်တမ်းကုန်သည့် ကျားရုပ်ပုံနှင့် နေလုံးပုံပါအမှတ်တံဆိပ်မကျည်းငရုတ်ဆီနှင့် Net Weight 500g ပါ သက်တမ်းကုန်မည့်ရက်မပါသော KKK အမှတ်တံဆိပ် ငရုတ်ဆီ စသည်တို့ဖြစ်ကြောင်း FDA ၏ စာရင်းများအရ သိရသည်။

အဆိုပါအစားအသောက်များကို ဈေးကွက်အတွင်း ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် ဈေးကွက်အတွင်းမှ အမြန်ဆုံး ပြန်လည်သိမ်းဆည်းရန်၊ ဖြန့်ဖြူးရောင်းချထားမှုစာရင်း၊ ပြန်လည်သိမ်းဆည်းမှုမှတ်တမ်းများကို FDA သို့ ခုနစ်ရက်အတွင်း တင်ပြပေးရန်နှင့် ဈေးကွက်အတွင်း ထပ်မံစစ်ဆေးစဉ် ခွင့်မပြုဓာတုပစ္စည်း တွေ့ရှိပါက အမျိုးသားအစားအသောက် ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ ယင်းလုပ်ငန်းများကို အစားအသောက်ထပ်ဖြည့်ပစ္စည်း သုံးစွဲမည်ဆိုပါက ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်းများကို ခွင့်ပြု အမြင့်ဆုံးပမာဏအတွင်းသာ သုံးစွဲရန် ခံဝန်ကတိရေးထိုးထားပြီးဖြစ်ကြောင်းနှင့် FDA တွင်အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြားသည်။ ■

## မျက်နှာဖုံး - ဒုရဲမှူးမိုးရန်နိုင်ကို မယုံကြည်ရသက်သေအဖြစ် မှ အဆက်



Photo by The Voice

လျှောက်လဲချက်ကို တရားရုံးက ပယ်ချလိုက်တယ်။ လာမယ့်ရုံးချိန်းကျရင် ရဲမှူးမိုးရန်နိုင်ကို ဆက်စစ်ဆေးသွားမယ်။ သူဒီနေ့မလာဖြစ်တာက ပြီးခဲ့တဲ့ သောကြာနေ့က သူ့ကိုထောင်တစ်နှစ်ချလိုက်တယ်” ဟု သတင်းထောက်နှစ်ယောက်၏ ရှေ့နေ ဦးသန်းဇော်အောင်က ဆိုသည်။

ရိုက်တာသတင်းထောက်နှစ်ယောက် အမှုတွင် ဒုရဲမှူး မိုးရန်နိုင် သက်သေအဖြစ် ပြန်ပါလာသည့်အတွက် သတင်းထောက်နှစ်ယောက်ကို ထောင်ချောက်ဆင်ဖမ်းခံရသည်ဆိုသည့်ထွက်ချက်သည် သက်သေအဖြစ် ဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒုရဲမှူးမိုးရန်နိုင်နှင့် မိသားစုဝင်များ ဖိအားပေးခံရမည်ကို စိုးရိမ်ကြောင်း ရုံးချိန်းအပြီးတွင် ရိုက်တာသတင်းထောက်ကိုကျော်စိုးဦးက ပြောကြားသည်။

“ဒုရဲမှူးမိုးရန်နိုင်ကို ယုံကြည်ရတဲ့ သက်သေအနေနဲ့ အတည်ပြုလိုက်ပြီးဆိုတော့ တရားခွင်မှာ ကျွန်တော်တို့ကို ထောင်ချောက်ဆင်ဖမ်းတယ်လို့ ထွက်ဆိုထားတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး နိုင်ငံတော်အဆင့်အနေနဲ့ စုံစမ်းပေးစေချင်တယ်။ ဒါပေမဲ့ကျွန်တော့်အနေနဲ့ သူရော သူ့မိသားစုတွေကို ဖိအားပေးခံရရင် မဆီလျော်တာတွေ ထွက်ဆိုမှာကို စိုးရိမ်တယ်။ ကျွန်တော်တို့ မီဒီယာသမားတွေကို အနိုင်မကျင့်ကြပါနဲ့” ဟု ၎င်းကပြောကြားသည်။

နောက်ထပ်ရုံးချိန်းကို မေ ၉ ရက်သို့ ထပ်မံချိန်းဆိုထားပြီး ရုံးချိန်းတွင် ဒုရဲမှူး မိုးရန်နိုင်ကို တရားလိုပြသက်သေအဖြစ် မြောက်ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်သည်။

ဒုရဲမှူးမိုးရန်နိုင်ကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်ချမှတ်ထားသည်။

■J-18




# ATM ကတ် ခိုးယူပြီး ငွေကျပ် ၁၅ သိန်း ထုတ်ယူသည့် ရည်းစားဖြစ်သူကို အမှုဖွင့်

**ရန်ကုန်၊ မေ ၂**

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်တွင် နေထိုင်သူ အသက် ၃၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး၏ ATM ကတ်ကို ခိုးယူကာ ငွေကျပ် ၁၅ သိန်းထုတ်ယူသည့် ရည်းစားဖြစ်သူ အမျိုးသားတစ်ဦးကို အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှစုံစမ်းသိရသည်။

သာကေတ မြို့နယ်၊ မာန်ပြေ(၃)ရပ်ကွက်၊ မာန်ပြေ ၇ အနောက်လမ်းတွင် နေထိုင်သူအသက်၃၆ နှစ်အရွယ်အမျိုးသားတစ်ဦးသည် ၂၀၁၇ခုနှစ်၊ ဩဂုတ်လခန့်က သမီးရည်းစားအဖြစ် ချစ်ကြိုက်ခဲ့သူ အမျိုးသမီး၏ ATM ကတ်ကိုခိုးယူကာ ဘဏ်စာအုပ်အတွင်းမှ ငွေများကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ နေ့ကတစ်ကြိမ်၊ မတ်လ ၃ ရက်နေ့က လေးကြိမ်၊ မတ်လ ၇ရက်နေ့က တစ်ကြိမ်နှင့် မတ်လ ၉ ရက်နေ့က တစ်ကြိမ်ဖြင့် စုစုပေါင်းငွေကျပ် ၁၅ သိန်းကို ခိုးထုတ်ယူသွားကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှသိရသည်။

“ပိုက်ဆံခိုးထုတ်ခံရတာကို ဘဏ်ငွေ သွားထည့်မှ သိခဲ့တာ။ ပိုက်ဆံတွေလျော့နေလို့ ဘဏ်ရုံးချုပ်ကို လိုက်စစ်ဆေးတော့ ATM ကတ်ကနေ ထုတ်ထားတယ်ဆိုတာ သိခဲ့ရတာ။ ATM ကတ်ရဲ့ Passwords ကိုလည်း သူ့ရည်းစားဖြစ်သူ သိတာ၊ အဲဒါနဲ့ ထုတ်ထားတဲ့ မှတ်တမ်းတွေ ယူပြီး အမှုဖွင့်ခဲ့တာပါ။ ပြစ်မှုကျူးလွန်သူကိုတော့ ဖမ်းမမိသေးဘူး” ဟု အမှုဖွင့်တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရည်းစားဖြစ်သူ၏ ငွေကျပ် ၁၅ သိန်းကို ATM ကတ်မှတစ်ဆင့် ခိုးယူသွားသည်ဟုဆိုသော အသက် ၃၆နှစ်အရွယ် အမျိုးသားကို ဥပဒေအရ အရေးယူပေးရန် အမှုဖွင့်တိုင်ကြားသဖြင့် ဗဟန်းမြို့မရဲစခန်း က (ပ) ၂၃၄/၁၈ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် ဆောင်ရွက်ထားသည်။

■ J 16

## မျက်နှာဖုံး - ထိန်ပင်အမှိုက်ပုံမီး အပြီးငြိမ်းပြီဟု မီးသတ်တပ်ဖွဲ့မှ အဆက်

ငြိမ်းနိုင်အောင်လို့ အရန်အင်အားတွေ မေလ ၄ ရက်နေ့အထိ ထားခဲ့ဦးမယ်။ မီးကတော့ အပြီးငြိမ်းပြီ” ဟု ၎င်းကဆိုသည်။

မီးလောင်မှုကို ရေဖြင့် ငြိမ်းသတ်ခဲ့သော်လည်း အငွေ့များပါ ငြိမ်းနိုင်စေရန် ဧပြီလ ၂၆ ရက် ညက ထိုင်းနိုင်ငံမှ ရောက်ရှိလာသည့် Bio Foam ဂါလန် ၂၀၀၀ ကိုသုံးပြီး ဧပြီလ ၂၇ မှစတင်ကာ ငြိမ်းသတ်ခဲ့ရာ လှိုက်လောင်နေသောအငွေ့များ ကျန်နေသေးဖြင့် ထိုင်းနိုင်ငံမှ ပညာရှင်များ၏အကြံပေးချက်အရ ဧပြီလ ၂၉ ရက်မှစ၍ နေရာလေးခုခွဲကာ Bio Foam နှင့်ဆပ်ပြာရောစပ်ကာ မီးငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်။

“ဘိုင်အိုဖောင်းတွေက စုစုပေါင်း ဂါလန် ၇၀၀၀ လောက်ရှိတယ်။ လိုအပ်တဲ့ နေရာတွေပဲ ဖျန်းတဲ့အတွက် ဂါလန် ၂၀၀၀ ကျော်လောက်ကုန်တယ်” ဟု ၎င်းက ဆိုသည်။

မေလ ၂ ရက်တွင် မီးအားလုံးငြိမ်းသတ်နိုင်ပြီဖြစ်သော်လည်း နောက်ရက်များတွင် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များလည်း အဆင်သင့်ထားရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တပ်မတော်သားများ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အမှတ်(၅)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ ဝိုင်းဝန်းကူညီငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်။ ■



# ပုသိမ်တွင် နာဂစ်မုန်တိုင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ် ကျင်းပ

ပုသိမ်၊ မေ ၂



ဓာတ်ပုံ-မောင်မျိုးထက် (ပုသိမ်)

လူတစ်သိန်းလေးသောင်းကျော် သေဆုံးခဲ့သော နာဂစ်မုန်တိုင်းတိုက်ခတ်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ် လူထုအသိပညာပေး အစီအစဉ်ကို ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမတွင် မေလ ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစီအစဉ်ကို တိုင်းအစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းကာ ကျင်းပခဲ့ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းအစိုးရအဖွဲ့ဝင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ NGO, INGO များနှင့် ဖိတ်ကြားထားသူများ အပါအဝင် လူဦးရေ ၄၀၀ ခန့် တက်ရောက်ကြောင်း အခမ်းအနားကျင်းပရေးကော်မတီထံမှ သိရသည်။

အဆိုပါအစီအစဉ်တွင် သဘာဝဘေးဒဏ်ဆိုင်ရာ အသိပညာပေး ပြခန်းများပြသခြင်း၊ အသိပညာပေး စာရွက်စာတမ်းများ ဖြန့်ဝေခြင်းများလုပ်ဆောင်ခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် 'နာဂစ်အလွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ် ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်ပေါ်လာစေရေး' အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်လာစေရေးအတွက် အသိပညာပေး လုပ်ငန်းများအပြင် ဘေးဒဏ်ကို တုံ့ပြန်နိုင်စွမ်းရှိရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ရှိရန်လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

နာဂစ်မုန်တိုင်းအပြီး ဆောက်ပြီးသော ဒေသခံများ ခိုလှုံရန်တည်ဆောက်ထားသော မုန်တိုင်းဒဏ်ခံ အဆောက်အအုံများအနက် အချို့မှာ မသုံးရသေးဘဲ ပျက်စီးမှုများရှိနေကြောင်း၊ ယင်းအဆောက်အအုံများထံ သွားရောက်ခိုလှုံရန် လမ်းခရီးအဆင်မပြေမှုများ ရှိသည်ကို ကွင်းဆင်းသုတေသနပြုချက်များအရ တွေ့ရကြောင်း၊ ယင်းကြောင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ခိုင်ခံ့ရေး၊ ယင်းအဆောက်အအုံများသို့ အမြန်ဆုံး သွားလာနိုင်ရေးအတွက် လမ်းနှင့် တံတားများရှိနေရန် လိုအပ်နေသေးကြောင်း ပညာအလင်း မြန်မာ့သုတေသန ဖောင်ဒေးရှင်းမှ တာဝန်ခံ ဒေါ်မြသက်သစ္စာက အကြံပြုသည်။

နာဂစ်မုန်တိုင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်ကို ပုသိမ်သာမက လပွတ္တာ၊ မြောင်းမြ ၊ ဘိုကလေး မော်လမြိုင်ကျွန်း ဖျာပုံမြို့တို့တွင် ဆွမ်းကျွေးကာ သေဆုံးခဲ့သူများကို အမျှဝေခြင်းနှင့် သဘာဝဘေးနှင့် ပတ်သက်၍ အသိပညာပေး အစီအစဉ်များ လုပ်ဆောင်ခဲ့ကြောင်း ယင်းဒေသများထံမှ သိရသည်။

■ R12

# မယ့်လိမ့်လုံဆိုင်ပိုင်ရှင် အာမခံလျှောက်ထားမှု ပယ်ချခံရ

ရန်ကုန်၊ မေ ၂

စားပွဲထိုးဝန်ထမ်း လူငယ်တစ်ဦးကို ဓမ္မတာနှင့်ဆန့်ကျင်၍ ကာမစပ်ယှက်မှုဖြင့် တရားရင်ဆိုင်နေရသော မယ့်လိမ့်လုံ စားသောက်ဆိုင်ပိုင်ရှင် အောင်မျိုးထွဋ်၏ ကျန်းမာရေးအရ အာမခံလျှောက်ထားမှုကို မေ ၂ ရက် ရုံးချိန်းတွင် ပယ်ချခဲ့ကြောင်း တောင်ဥက္ကလာပမြို့နယ်တရားသူကြီးက သတင်းထောက်များကို ပြောကြားသည်။

"တရားလိုမလာလို့ ဒီနေ့မစစ်ဖြစ်ဘူး။ တရားစွဲဆိုခံရသူရဲ့ အာမခံလျှောက်ထားမှုကို ပယ်ချတဲ့ အမိန့်ချမှတ်ခဲ့တယ်" ဟု မြို့နယ်တရားသူကြီးကဆိုသည်။

အာမခံလျှောက်ထားမှု ပယ်ချခံရသည့် အောင်မျိုးထွဋ်မှာ HIV ရောဂါကြောင့် ဆေးဝါးမှီဝဲနေရပြီး လတ်တလော ၎င်း၏ ကျန်းမာရေး အခြေအနေမှာ အကျဉ်းထောင်တွင် နေထိုင်ရန် အဆင်မပြေကြောင်း၊ ယင်းအပြင် တရားစွဲဆိုခံရသူမှာ တရားလိုပြသက်သေများ ဖျက်ဆီးခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်းတို့ကို ပြုလုပ်မည့်သူ မဟုတ်သောကြောင့် အာမခံ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တရားစွဲဆိုခံရသူဘက်မှ အကျိုးဆောင်ရှေ့နေက သတင်းထောက်များ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အာမခံ လျှောက်ထားမှု ပယ်ချခံရသည့်အတွက် ဥပဒေအရ ခရိုင်တရားရုံး၌ ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း၊ ယင်းအမှုတွင် ရှာဖွေပုံစံ သက်သေ၊ ဆရာဝန်၊ အမှုစစ်ရဲနှင့် တရားလိုအပါအဝင် တရားလိုပြသက်သေ ၁၁ ဦးကို စစ်ဆေးရန် တင်ပြထားပြီး လာမည့်ရုံးချိန်းကို မေ ၁၆ ရက်နေ့ ချိန်းဆိုထားကြောင်း တရားရုံးထံမှ သိရသည်။

ရာဇသတ်ကြီးပုဒ်မ ၃၇၇ ဖြင့် တရားစွဲဆိုခံရသူ အောင်မျိုးထွဋ်က အာမခံပယ်ချခံရမှုနှင့်ပတ်သက်၍ "ကျွန်တော် ရင်ဆိုင်မှာပါ" ဟု ပြောဆိုခဲ့ပြီး ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ "လောလောဆယ် မျက်လုံး နည်းနည်းဝါတယ်" ဟု ရုံးချိန်းအပြီးတွင် သတင်းထောက်များကို ပြောဆိုခဲ့သည်။

■ S-03




# ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) မြို့နယ်ပါတီရုံးများဖွင့်မှု ရပ်နား

စစ်တွေ၊ မေ ၂

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ALD)က ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် မြို့နယ်ပါတီရုံးများ ဖွင့်လှစ်လျက်ရှိရာ ကျန်ရှိနေသော မြို့နယ် ၉ မြို့နယ်တွင် ပါတီရုံးဖွင့်လှစ်မှု လတ်တလော ရပ်နားထားကြောင်း ယင်းပါတီမှ အထွေထွေ အတွင်းရေးမှူး ဦးမျိုးကျော်က ပြောသည်။

လတ်တလောတွင် ပါတီဗဟိုရုံးချုပ်ကို ကျောက်တော်မြို့နယ်တွင် ဖွင့်လှစ်ထားပြီး မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ တောင်ကုတ်၊ ရမ်းဗြဲနှင့် ကျောက်ဖြူမြို့နယ်တို့တွင် ဖွင့်လှစ်ထားကြောင်း၊ မိုးကာလကျရောက်တော့မည် ဖြစ်သောကြောင့် သွားလာရေးအဆင်မပြေသဖြင့် စစ်တွေ၊ အမ်း၊ မာန်အောင်၊ ဂွ အပါအဝင် မြို့နယ် ၉ မြို့နယ်တွင် မြို့နယ်ပါတီ ရုံးဖွင့်ရန် လတ်တလော ရပ်နားထားကြောင်း၊ မိုးရာသီအပြီးမှသာ မြို့နယ်ပါတီရုံးများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယင်းအပြင် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် ပလက်ဝ မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ လတ်တလောတွင် ပါတီတည်ဆောက်ရေးလုပ်ငန်းများနှင့် ပါတီရေးရာ ကော်မတီဝင်များကို သင်တန်းများ ပို့ချပေးပြီး နိုင်ငံရေးလှုပ်ရှားမှုများကို မဆောင်ရွက်နိုင်သေးကြောင်း ၎င်းထံမှ သိရသည်။

ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို ၁၉၈၈ ခုနှစ် အောက်တိုဘာလက စတင်တည်ထောင်ပြီး ၁၉၉၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းနောက် ၂၀၁၂ ခုနှစ်တွင် ဒုတိယအကြိမ် ပါတီတည်ထောင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ရဟန်းသံဃာတော်များ၊ ပြည်သူများ တောင်းဆိုမှုကြောင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(RNDP)နှင့် ပူးပေါင်း၍ ရခိုင်အမျိုးသားပါတီ(ANP)အဖြစ် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၆ခုနှစ်မှာ ပါတီမှ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အုပ်စုထုတ်ပယ်ခံရသဖြင့် ပါတီကို တတိယအကြိမ်မြောက် ပါတီတည်ထောင်ခွင့်လျှောက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇူလိုင်လ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တည်ထောင်ခွင့်ပြုခဲ့သည်။

■ R-22

# အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုတွင် အဆင့်မြင့်ရေဒါများ ယခုနှစ်အတွင်း တပ်ဆင်ရန် စီစဉ်

ရန်ကုန်၊ မေ ၂

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်များတွင် လေကြောင်း စောင့်ကြည့်သည့် အဆင့်မြင့်ရေဒါစက်( Primary radar) များကို ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် ယခုနှစ်အတွင်း တပ်ဆင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဦးသန့်စင်မောင်က ပြောကြားသည်။

"Primary radar တွေကို ဒီနှစ်ထဲမှာ တပ်ဖို့ စီစဉ်နေတယ်။ ဂျပန်အစိုးရကလည်း အကုန်လုံးလုပ်ပေးဖို့ စီစဉ်နေတယ်။ ဘယ်လိုအရာမျိုး တပ်သင့်လဲဆိုတာကို အသေးစိတ်စီစဉ်နေတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အသုံးပြုနေသော လေကြောင်းစောင့်ကြည့်သည့် ရေဒါစက်များသည် နည်းပညာပိုင်းအရ ပျံသန်းသွားသည့် လေယာဉ်များမှ သတင်းပေးပို့မှသာ ဖမ်းယူနိုင်ကြောင်း၊ ပြောင်းလဲတပ်ဆင်မည့် အဆင့်မြင့်ရေဒါ (Primary radar) စက်များသည် ပျံသန်းသွားသည့် လေယာဉ်တိုင်းကို မြေပြင်မှတစ်ဆင့် တိုက်ရိုက် ဖမ်းယူစောင့်ကြည့်နိုင်မည်ဖြစ်ကြောင်း ဦးသန့်စင်မောင်က ဆက်လက်ရှင်းပြသည်။

"ဒီရေဒါတွေ တပ်တယ်ဆိုတာက မြန်မာနိုင်ငံကို ဖြတ်ကျော်ပျံသန်းသွားတဲ့ လေယာဉ်တိုင်းကို သိနိုင်မယ်။ လေကြောင်းဖြတ်သန်းတဲ့ လေယာဉ်တွေကို ဖြတ်သန်းခ ကောက်တာတို့ ဝန်ဆောင်မှုပေးတာတို့ ပိုလုပ်နိုင်မှာဖြစ်တယ်" ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးအောင်ရဲထွန်းက ဆိုသည်။

အဆိုပါအဆင့်မြင့်ရေဒါစက်များ တပ်ဆင်နိုင်ရန် ဂျပန်နိုင်ငံမှ ပညာရှင်အဖွဲ့က ယခုလအတွင်း လေဆိပ်များတွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပျံသန်းလျက်ရှိသည့် လေယာဉ်အခြေအနေများကို စစ်တမ်းကောက်ယူမည်ဖြစ်ပြီး တပ်ဆင်သင့်သည့်ရေဒါများကို ရွေးချယ်မည်ဖြစ်ကြောင်း ဦးအောင်ရဲထွန်းထံမှ သိရသည်။

J-14

မြန်မာပြည်မှာဆန်းရှိုင်း
သားရေစစ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ(ပင်ရင်း)
နှစ်စဉ်နှစ်တိုင်းဈေးရာသီတွင် ဘိုင်ပြက်နေသော ဆန်းရှိုင်း
တိုက်တွေအလှပ်နဲ့တွေ ဘာကိုမှာပေါင်ထားပြီး မရွှေ့နိုင်သော ဆန်းရှိုင်း
ရေရာလည်လည် ဘိုင်ပြက်နေသော ဆန်းရှိုင်း
မှန်မှန်ကန်ကန် ဆန်းရှိုင်း
၁။အမှတ်(၁၄/၁)၊ ၁၈ × ၁၉ လမ်းကြား၊ ၈၃ လမ်း၊ မန္တလေးမြို့ ☎ ၀၂-၇၂၈၀၆
၂။ ၁၉ လမ်း၊ ၈၀ လမ်းထောင့်၊ မန္တလေးမြို့ ☎ ၀၂-၇၁၁၀၆
၃။ လမ်း ၈၀ × ၈၉ လမ်းထောင့်၊ မန္တလေးမြို့ ☎ ၀၂-၂၂၆၄၀၊ ၀၂-၇၅၁၁၄
၄။ မြို့မရုပ်ရှင်ရုံရှေ့၊ ပြင်ဦးလွင်မြို့ ☎ ၀၈၅-၂၂၉၂၇ ၀၉-၅၁၀၄၀၁၁
၅။ အမှတ် ၄၃၆၊ ကုန်သည်လမ်း၊ (၄၄)လမ်းထိပ်၊ ရန်ကုန်မြို့ ၀၉-၇၃၁၆၁၄၂

# E D I T O R I A L

## ရခိုင်ပြဿနာ၊ လုံခြုံရေးကောင်စီ သံတမန်အဖွဲ့နှင့် ပီအာ

ရခိုင်ပြဿနာနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိုင်ငံများမှ သံအမတ်များပါဝင်သောအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိကာ စုံစမ်းလေ့လာပြီးနောက် ရခိုင်အထူးစုံစမ်းရေးကော်မရှင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းပြောဆိုမှုကို ဆုံးအောင်နားမထောင်ဘဲ ထပြန်သွားသည်ဟုဆိုကာ ၎င်းတို့အား မောက်မာ၊ ရိုင်းပြ၊ စော်ကားသူများအဖြစ် အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် ဝေဖန်ပြစ်တင်မှုများဖြင့် ပွဲဆူသွားခဲ့သည်။

အကယ်၍သာ ထိုသတင်းအတိုင်း အဆိုပါ သံတမန်များ ပြုမူသွားသည်ဆိုပါက သံတမန်ဆိုသော ဂုဏ်အင်္ဂါနှင့်မလျော်ညီစွာ အလွန်အမင်း မယဉ်ကျေးသည့်အပြုအမူဖြစ်ပြီး တစ်ဖက်မှ ဇာတ်နာသည့် တင်ပြချက်များကိုသာ အလေးကဲကာ မြန်မာနိုင်ငံအပေါ် မလေးမစားပြုမူခြင်းဟု ဆိုနိုင်သည်။

သို့ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကဲ့သို့ များစွာ အရေးပါသောနေရာတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးက အထူးအာဏာကုန် တာဝန်လွှဲအပ်ထားသော ဝါရင့် သံတမန်များဖြစ်သည့်အတွက် ထိုကဲ့သို့ သံတမန် မဆန်လွန်းသော အပြုအမူမျိုးဖြင့် တုံ့ပြန်လာစေရန် မည်သို့သော အကြောင်းအရင်းများ ရှိခဲ့သနည်း ဆိုသော မေးခွန်းမေးရန်လည်း လိုအပ်မည်ဖြစ်သည်။

၎င်းတို့သိလို၍ မေးသော မေးခွန်းအပေါ် မြန်မာဘက်က တာဝန်ရှိသူများ၏ အဖြေများက လိုရင်းမရောက်ခြင်း သို့မဟုတ် မေးခွန်းနှင့် မဆီလျော်သော အဖြေများဖြစ်နေခြင်း သို့မဟုတ် ထပ်ချည်းတလဲလဲ ဖြစ်နေသော ရှင်းလင်းချက်ကို ပြန်လည်နားထောင်ရခြင်းကဲ့သို့ အခြေအနေမျိုးများ ကြုံခဲ့၍လောဟု စဉ်းစားစရာရှိပေသည်။

မည်သို့ပင် ဖြစ်စေကာမူ နိုင်ငံတကာ သံတမန်များဖြစ်သည့် အားလျော်စွာ ထိုကဲ့သို့ အပြုအမူမျိုးဖြင့် တုံ့ပြန်ခြင်းမှာ ၎င်းတို့ တစ်ဦးချင်းစီသာမက ၎င်းတို့ ကိုယ်စားပြုသော နိုင်ငံအပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကိုပါ အရုပ်ဆိုးသွားစေခဲ့သည်။

အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၏ ပီအာခေါ် လူထုဆက်သွယ်ရေးနည်းနာ၊ အတတ်ပညာ လိုအပ်ချက် ကွက်လပ်ကိုလည်း ဤအဖြစ်အပျက်က မီးမောင်းထိုးပြလိုက်သကဲ့သို့ရှိသည်။ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာက အထူးအာရုံစိုက် စောင့်ကြည့်နေသော အချိန်မျိုးတွင် လုံခြုံရေးကောင်စီမှ တာဝန်ပေးလိုက်သော သံတမန်များကို မည်သို့ဆက်ဆံစည်းရုံးရမည်၊ မိမိနိုင်ငံဘက်မှ အခြေအနေမှန်များကို နားဝင်သွားစေရန် မည်သို့ဆွဲဆောင်မှုရှိရှိ တင်ပြမည်၊ ကျေနပ်လက်ခံသွားစေရန် မည်သို့လက်တွေ့ဆောင်ရွက်လုပ်ကိုင်နေကြောင်း ပြသမည်ဆိုသော သံတမန်ဆန်ဆန် ဆက်ဆံပြောဆိုစည်းရုံးသည့် နည်းပရိယာယ် မည်မျှအရေးကြီးကြောင်း သတိပေးခြင်းဟုလည်း ဆိုနိုင်သည်။

လက်ရှိ မြန်မာနိုင်ငံရင်ဆိုင်နေရသည့် ရခိုင်ပြဿနာသည် အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် မိမိတို့နှင့်အမြင်၊ အယူအဆမတူသူများကို အိုအိုင်စီ၊ ဘင်္ဂလားဒေ့ရှ် ဘက်တော်သားများအဖြစ် တံဆိပ်ကပ်၊ အပြစ်တင်၊ အဆိုးပြော၊ ရန်ထောင်၊ ဆဲဆိုနေရုံဖြင့် ပြေလည်သွားမည့်ကိစ္စမဟုတ်ဘဲ မိမိတို့ဘက်က မည်မျှ ရိုးဖြောင့်မှုရှိရှိ ပြဿနာကို ချဉ်းကပ်ဖြေရှင်းနေကြောင်း လက်တွေ့လုပ်ရပ်များဖြင့် ပြသရမည့် အချိန်ဖြစ်သည်။

ထို့အတွက် မိမိတို့ဘက်က မှားယွင်းခဲ့သော သို့မဟုတ် စီမံခန့်ခွဲမှု အလွဲအချော်ဖြစ်ခဲ့သော ကိစ္စရပ်များကိုလည်း အမှန်အတိုင်း သိရှိရန်နှင့် တာဝန်ယူ၊ တာဝန်ခံရန်၊ တာဝန်ရှိသူများကို ထိုက်သင့်သည့် အပြစ်ဒဏ်များ စီရင်ချမှတ်ရန်၊ ပြဿနာအပေါ် မိမိတို့ ကိုင်တွယ်ဖြေရှင်းမှုအားလုံးကို ပွင့်လင်း မြင်သာမှုရှိရှိ ထုတ်ပြန်ကြေညာရန်၊ ယင်းပြဿနာနှင့် ဆက်စပ်နေသော အမှုကိစ္စများကိုလည်း တရားဥပဒေနှင့်အညီ တရားမျှတမှုရှိရှိ ကိုင်တွယ်စီရင်ရန် လိုပေသည်။

အထူးသဖြင့် ပြဿနာ၏ ရင်းမြစ်အကြောင်းအရင်းများ၊ ဖြစ်စဉ်ဖြစ်ရပ်များ၏ လက်တွေ့မြေပြင်မှ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက သိရှိရန် တစ်နည်းအားဖြင့် တစ်ဖက်က တင်ပြထားသော ဇာတ်လမ်းများကို ချေဖျက်နိုင်သည့် ကိုယ်ပိုင် အမှန်အကန် ဇာတ်လမ်းတစ်ခု အသင့်ရှိနေရန် လိုပေသည်။

သို့မဟုတ်ပါဘဲ အွန်လိုင်းလူမှုကွန်ရက်ပေါ်မှလည်းကောင်း၊ ပြင်ပတွင်လည်းကောင်း ကုလလုံခြုံရေးကောင်စီမှ သံတမန်အဖွဲ့အား အမုန်းစကားခေါင်းစဉ်အောက်တွင် အကျုံးဝင်နေသော မယဉ်မကျေး စကားလုံးများဖြင့် ဆဲဆို၊ ပြစ်တင်၊ ရန်တွေ့နေပါက ၎င်းတို့ သိရှိထားသော တစ်ဖက်စောင်းနင်း သတင်းစကား၊ အချက်အလက်များအတိုင်း မြန်မာပြည်သူလူထုသည် အမုန်းတရားကိုသာ လက်ကိုင်ပြုနေသူများအဖြစ် သတ်မှတ်သွားနိုင်သဖြင့် လိမ္မာပါးနပ်ထက်မြက်စွာ တုံ့ပြန်ကြပါမည့်အကြောင်း အကြံပြု တိုက်တွန်းအပ်ပေသည်။

**အယ်ဒီတာ ( ၂-၅-၂၀၁၈ )**

# တန်ဖိုးကျပ်သိန်း ၂၀၀အထက် လိုင်စင်မဲ့ယာဉ် ၃၀ ကျော် နိုင်ငံပိုင်သိမ်း

**ရန်ကုန်၊ မေ ၂**

ရန်ကုန်တိုင်း၌ သုံးလအတွင်း တန်ဖိုးကျပ်သိန်း ၁၀၀ မှ ၂၀၀ အထက်ရှိ လိုင်စင်မဲ့ယာဉ် ၃၀ ကျော်ကို ဖမ်းဆီးရမိပြီး နိုင်ငံပိုင်အဖြစ် သိမ်းဆည်းလိုက်ကြောင်း အမှတ် ၂ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိတစ်ဦးက ပြောကြားသည်။

"တစ်လ၊ တစ်လကို ဆယ်စီးကျော် ဖမ်းဆီးရမိတယ်။ တန်ဖိုးငွေကတော့ သိန်း ၁၀၀ နဲ့ ၂၀၀ အထက်မှာပဲရှိပါတယ်။ နံပါတ်ပွားထားတဲ့ယာဉ် မဟုတ်ဘူး။ သာမန် without ကားတွေပါ" ဟု ၎င်းက ဆိုသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် လိုင်စင်မဲ့ယာဉ် ၁၁ စီး၊ ဖေဖော်ဝါရီလတွင် ၁၃ စီး၊ မတ်လတွင် ၁၃ စီး ဖမ်းဆီးရမိပြီး ပိုင်ရှင်မဲ့ယာဉ်အများဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်မြို့တွင်း လိုင်စင်မဲ့ယာဉ်များကို စစ်ဆေးဖမ်းဆီးရာတွင် ယခင်နှစ်က နှစ်ရက်လျှင် တစ်စီးနှုန်းဖြင့် ဖမ်းဆီးမှုရှိခဲ့ပြီး ယခုနှစ်တွင် တစ်ရက်ကို တစ်စီး၊ နှစ်စီးခန့် ဖမ်းဆီးရမိကြောင်း အမှတ် ၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးထံမှ သိရသည်။

တရားမဝင်လိုင်စင်မဲ့ယာဉ် စစ်ဆေးဖမ်းဆီးရာတွင် ၂၀၁၇ ခုနှစ်က ၁၄၉ စီး ဖမ်းဆီးရမိကာ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း အမှတ် ၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးထံမှ သိရသည်။

ရန်ကုန်တိုင်းအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရှောင်တခင်စစ်ဆေးဖမ်းဆီးပြီး လိုင်စင်မဲ့ယာဉ် ဝင်ရောက်မှုကို နယ်စပ်ဂိတ်များတွင်လည်း စစ်ဆေးဖမ်းဆီးမှုများ ဆောင်ရွက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးအရေးယူရာတွင် ပိုင်ရှင်နှင့်တကွ ဖမ်းဆီးရမိပါက ယာဉ်ပိုင်ရှင်ကို တရားမဝင် ပို့ကုန်သွင်းကုန် ဥပဒေ ပုဒ်မ ၈အရ ဒဏ်ငွေကျပ်နှစ်သိန်းနှင့်ထောင်ဒဏ် သုံးနှစ် ချမှတ်ကာ အမှုဖွင့်အရေးယူပြီး ပိုင်ရှင်မဲ့ဖြစ်ပါက ယာဉ်ကိုနိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းကာ လေလံတင်ရောင်းချကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

■ J-06

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Hoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# အပန်းဖြေကစားကွင်း တည ်ဆောက်ရန် EIA အစီရင်ခံစာ ရေးဆွဲမည်

**ရန်ကုန်၊ မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေကမ္ဘာဥယျာဉ်အပန်းဖြေကစားကွင်းတည်ဆောက်ရန်စီမံကိန်းအတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာရေးဆွဲမည်ဖြစ်ရာ ဒေသခံများနှင့် လူထုတွေ့ဆုံပွဲကို ဧပြီလ ၂၈ ရက်နေ့က ငှက်ကြီးသိုက်ကျေးရွာတွင်ပြုလုပ်ခဲ့ကြောင်း Myanmar Environment Sustainable Conservation Co.,Ltd. - MESC ထံမှ သိရသည်။

အဆိုပါစီမံကိန်းကို ပြင်ဦးလွင်မြို့နယ်၊ လွန်းကောင်းကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာ၊ ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ မြေ ၁၈ ဧကပေါ်တွင် Media One Co.,Ltd. က ကျပ် ၁၅ ဘီလီယံဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး Roller- Coaster slide၊ Tsunami wave pool၊ Spa၊ Leisure pool၊ Hotel and Bungalow၊ ဖူဆယ်ဘောလုံးကစားကွင်းနှင့် စားသောက်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာ အချက်အလက်များအရ သိရသည်။ ■

## NEWS IN BRIEF

### တူရကီနိုင်ငံက ပေးအပ်မည့် TURKIYE Scholarship သင်တန်းတက်ရန် ဖိတ်ခေါ်

**ရန်ကုန်၊ မေ ၂**

တူရကီနိုင်ငံက အစိုးရအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများအတွက် ရည်ရွယ်ဖွင့်လှစ်မည့် TURKIYE Scholarship သင်တန်းသို့တက်ရောက်ရန် ပြည်တွင်းမှ တက်ရောက်လိုသူများကို ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

အဆိုပါသင်တန်းတွင် တူရကီဘာသာစကား သင်ကြားပေးခြင်း၊ ပြည်သူ့ရေးရာကဏ္ဍနှင့် ဆက်စပ်သည့် ဆွေးနွေးပွဲများ၊ တူရကီနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး သင်တန်းသူ၊ သင်တန်းသားများအတွက် ကုန်ကျစရိတ်များကို တူရကီအစိုးရက ကျခံပေးမည်ဖြစ်ကြောင်း၊ သင်တန်းကို ကုန်သည်စက်မှုအသင်းချုပ်ဝန်ထမ်းများ၊ အသင်းဝင်ကုမ္ပဏီများ၏ အဖွဲ့ဝင်များ (သို့) ဝန်ထမ်းများသာ လျှောက်ထားနိုင်မည်ဖြစ်ပြီး လျှောက်ထားလိုသူများအနေနှင့် CV Form၊ ဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသင်းဝင်ကတ်၊ Passport မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ အသင်းချုပ်ထံ မေလ ၉ ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ကာ ကုန်သည်စက်မှုအသင်းချုပ်၊ HRD ဌာန ဖုန်း ၀၁- ၂၃၁၄၃၄၄-၄၉၊ လိုင်းခွဲ ၁၃၃၊ ၁၃၄ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

■ J-11

The VOICE Daily CARTOON








ဓာတ်ပုံ - ရဲပြည့်ဟာနည်

# ထိန်ပင်အမှိုက်ပုံ မီးငြိမ်းခဲ့သည့် မီးသတ်တပ်ဖွဲ့ကို ပြည်ထောင်စုအစိုးရ ဂုဏ်ပြုမည်

**ရန်ကုန်၊ မေ ၂**

မြန်မာနိုင်ငံတွင် ရက်အရှည်ဆုံး မီးလောင်မှုဖြစ်သည့် ထိန်ပင်အမှိုက်ပုံ လောင်ကျွမ်းမှု၌ တာဝန်အပြည့်အဝယူ၍ ငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များကို မေလ ၅ ရက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပထမဆုံးဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့၊ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

“ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်ပြီးတော့ မီးငြိမ်းသတ်ပေးတဲ့ ရဲဘော်ကနေ အနီးကပ် စီမံကွပ်ကဲပေးတဲ့ အရာထမ်းအထိ ဂုဏ်ပြုချီးမြှင့်မှာပါ။ အခုဆို ပြည်သူအားလုံးစိုးရိမ်နေကြတဲ့ ထိန်ပင်အမှိုက်ပုံမီးကို ငြိမ်းသတ်နိုင်ခဲ့ပါပြီ”ဟု ၎င်းက ဆိုသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲကို ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံး၌ မေလ ၅ ရက် နံနက်ပိုင်းတွင် စတင်ပြုလုပ်ရန် စီစဉ်ထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအပါအဝင် အခြားပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များ တက်ရောက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

ယခုနှစ် ဧပြီလ ၂၁ ရက်မှ စတင်လောင်ကျွမ်းခဲ့သည့် ထိန်ပင်အမှိုက်ပုံကို ကနဦးတွင် ရေဖြင့် ပုံမှန်ငြိမ်းသတ်ခဲ့သော်လည်း ဧက ၃၀၀ ခန့်ကျယ်သည့်အတွက် မီးမှာ အမှိုက်ပုံအောက်ခြေအထိ လိုက်လောင်နေခြင်းကြောင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့က ထိုင်းနိုင်ငံမှ Bio Foam ဆေးရည် ဂါလန် တစ်သောင်းနီးပါး အရေးပေါ် မှာယူ၍ ဇွန် ၄ ဇွန်ခွဲကာ အဆင့်ဆင့် ငြိမ်းခဲ့ရာတွင် ၂ ရက်နေ့၌ နောက်ဆုံးအဆင့် ၁၀ ရာခိုင်နှုန်းကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနထံမှ စုံစမ်းသိရသည်။

“ဒီနေ့ မွန်းလွဲပိုင်းက အပြီးသတ်ငြိမ်းနိုင်ခဲ့ပါပြီ။ ပြည်သူတွေ စိုးရိမ်သောကဖြစ်စရာ မလိုတော့ပါဘူး။ လောလောဆယ် ဘယ်လိုကြောင့် မီးလောင်မှုဖြစ်လဲဆိုတဲ့ (Cause Of Fire) ကို ရှာဖွေစစ်ဆေးနေတယ်” ဟု မီးသတ်အရာရှိတစ်ဦးက ဆိုသည်။

ရက်ပေါင်း ၁၂ ရက်ကြာ လောင်ကျွမ်းခဲ့သည့် ထိန်ပင်အမှိုက်ပုံမီးသည် စတင်လောင်ကျွမ်းပြီး ငါးရက်အတွင်း လှိုင်သာယာမြို့နယ်အပါအဝင် မြို့နယ်အများအပြား မီးခိုးငွေ့နှင့် လေထုမှတစ်ဆင့် ပျံ့နှံ့ခဲ့သည့်အတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို ပြည်သူများက စိုးရိမ်ခဲ့သည်။

သို့သော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ထိန်ပင်အမှိုက်ပုံအနီးရှိရပ်ကွက်အချို့တွင် ဆေးကုခန်းများဖွင့်၍ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခဲ့ပြီး ဆေးရုံသို့ အရေးပေါ်တင်ပို့ရန် လိုအပ်သည့် လူနာများကိုလည်း အရေးပေါ်ကားများဖြင့် လှိုင်သာယာဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။ ■ J-17

## NEWS IN BRIEF

### တစ်မိနစ် ၆ ကျပ်ကျသင့်မည့် Package အသစ် MPT မိတ်ဆက်

**ရန်ကုန်၊ မေ ၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က MPT ဆင်းမ်ကတ်အချင်းချင်း ဖုန်းခေါ်ဆိုရာတွင် တစ်မိနစ်လျှင် ၆ ကျပ်သာကျသင့်မည့် ပျော်ပျော်သုံး Package အသစ်ကို စတင်မိတ်ဆက်လိုက်သည်။

အဆိုပါ Package တွင် အော်တိုတယ်လီဖုန်းလိုင်းများအပါအဝင် MPT ဖုန်းအားလုံးသို့ ဖုန်းခေါ်ဆိုရန် မိနစ်ပေါင်း ၂၀၀ နှင့် စာတို SMS အစောင်ရေ ၂၀၀ ပေးပို့နိုင်မည်ဖြစ်ပြီး *200# သို့ ဖုန်းခေါ်ဆိုကာ ရယူနိုင်မည်ဖြစ်ကာ ယင်းအစီအစဉ်အတွက် ကျပ် ၁၂၆၀ ကျသင့်မည်ဖြစ်သည်။ ■ J-01

### ကြက်ခြေနီရန်ပုံငွေဈေးပွဲတော် နှစ်ရက် ကျင်းပမည်

**ရန်ကုန်၊ မေ ၂**

ဖျော်ဖြေပွဲများ၊ ရိုးရာအစားအသောက်များ ခင်းကျင်းရောင်းချမည့် ကြက်ခြေနီရန်ပုံငွေဈေးပွဲတော် မေလ ၅ ရက် နှင့်၆ ရက်များတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်(စမ်းချောင်းသာကွင်း)၌ နံနက် ၉ နာရီမှ ည ၉နာရီထိ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းထံမှသိရသည်။

ရန်ပုံငွေဈေးပွဲတော်တွင် နာမည်ကြီးရုပ်ရှင်ဂီတ အနုပညာရှင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ သရုပ်ဆောင်များ၊ မော်ဒယ်လ်များ၏ ဖက်ရှင်သရုပ်ပြအစီအစဉ်များ၊ မျက်လှည့်အစီအစဉ်များအပြင် တိုင်းရင်းသားရိုးရာအစားအစာများနှင့်ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ကံစမ်းမဲလက်မှတ်များ ရောင်းချခြင်း၊ အဖိုးတန်ဆုမဲများ မဲဖောက်ပေးခြင်း၊ ဈေးနှုန်းသက်သာသောအဝတ်အထည်၊ အလှကုန်နှင့်လူသုံးကုန်များရောင်းချခြင်း အစရှိသည်တို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါဈေးပွဲတော်မှ ရရှိလာသောရန်ပုံငွေများကို ကြက်ခြေနီအသင်းက ဆောင်ရွက်နေသည့် လူမှုကရုဏာလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုမည်ဖြစ်သည်။ ■ J-06

### ရန်ကုန်မြို့တွင်းမြို့နယ် ၂၀ ယနေ့မီးပြတ်မည်

**ရန်ကုန်၊ မေ ၂**

ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ကောင်းမွန်စေရန် ဓာတ်အားလိုင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သဖြင့် ယနေ့ (မေလ ၃ ရက်)တွင် ရန်ကုန်မြို့တွင်း မြို့နယ် ၂၀ အချိန်ပိုင်း မီးပြတ်မည်ဖြစ်ကြောင်း ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းထံမှသိရသည်။

အချိန်ပိုင်းမီးပြတ်ရာတွင် နံနက်၉ နာရီမှ ၁၂ နာရီအတွင်း အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ အဖျောက်၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ဗဟန်း၊ မရမ်းကုန်းမြို့နယ်များတွင် အသီးသီးမီးပြတ်တောက်မည်ဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်းထံမှ သိရသည်။

ယင်းအချိန်တွင် ဓာတ်အာခွဲရုံများ စစ်ဆေးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်ကြိုးနှင့်မလွတ်သောသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ■

# အထည်ချုပ်စက်ရုံများ၌ တရားမဝင်လုပ်သားများ ခန့်ထားမှု အရေးယူမည်

**ရန်ကုန်၊ မေ ၂**

နိုင်ငံခြားသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံသည့် အထည်ချုပ်စက်ရုံများတွင် တရားမဝင်လုပ်သားများ ခန့်ထားခြင်းကို တွေ့ရှိသဖြင့် တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုးက ပြောကြားသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလမတိုင်မီက အထည်ချုပ်လုပ်ငန်း ၅ ခုကို ဝင်ရောက်စစ်ဆေးခဲ့ရာ လုပ်ငန်းတစ်ခုမှာ လုပ်ငန်းအဆိုပြုလွှာတင်စဉ် အကြောင်းအရာများနှင့်ကွဲလွဲကာ တရားမဝင်လုပ်သားများ ခန့်အပ်ထားသည်ကို တွေ့ရှိခဲ့သဖြင့် အရေးယူမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

“ရင်းနှီးမြှုပ်နှံမှုဝင်ပြီးနောက်ပိုင်း အခြေအနေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကခွဲပြီး စစ်ဆေးတာရှိပါတယ်။ ကျွန်မစိစစ်တာကတော့ အထူးစိစစ်တာပါ။ နောက်ပိုင်းလည်း စစ်ဆေးဖို့ရှိတယ်။ ဒါမျိုးတွေတွေ့လာပြီဆိုလည်း ဆက်ပြီး အရေးယူသွားမှာပါ” ဟု ၎င်းကဆိုသည်။

အစိုးရတက်ခါစအချိန်တွင် ပြည်တွင်း ပြည်ပအထည်ချုပ်စက်ရုံပေါင်းမှာ ၂၀၀ ကျော်ရှိပြီး လက်ရှိအချိန်တွင် စက်ရုံပေါင်းမှာ ၆၀၀ ကျော်ရှိလာသည့်အတွက် ၂ နှစ်တာကာလအတွင်း စက်ရုံပေါင်း ၄၀၀ နီးပါး တိုးလာခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မည်ဆိုပါက ပညာရှင်အဆင့်များကိုသာ လုပ်သားခေါ်ယူခွင့်ပြုထားသဖြင့် အခြေခံလုပ်သားများ ပါဝင်လာပါက အဆိုပြုလွှာနှင့် မကိုက်ညီသောကြောင့် စိစစ်အရေးယူခြင်းများ ပြုလုပ်ရကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

အထည်ချုပ်စက်ရုံများမှာ တရုတ်၊ ဗီယက်နမ်၊ ဟောင်ကောင်တို့မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြပြီး ၎င်းတို့နိုင်ငံမှ အခြေခံလုပ်သားများ ခေါ်ယူလာခြင်းများရှိကြောင်း၊ အချို့သောလုပ်ငန်းများမှာ ပြည်တွင်းလုပ်သားများကို ဟန်ပြအနေနှင့် ခေါ်ယူခန့်ထားခြင်းများရှိပြီး လုပ်ခလစာ နှိမ်ပေးခြင်းများရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင်များထံမှ သိရသည်။

■ J-13




## ယူနန်ပြည်နယ်သို့ ဆန်တန်ချိန်တစ်သန်း တရားဝင်ရောင်းချရန်စီစဉ်

ရန်ကုန်၊ မေ ၂

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဆန်တန်ချိန်တစ်သန်း တရားဝင်ရောင်းချရန်အတွက် ယူနန်အစိုးရနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သန်း ဝယ်ယူရန်အတွက် ယူနန်ပြည်နယ်အစိုးရအနေနှင့် ယူနန်ပြည်နယ်မှ ရွှေချိုက်ကုမ္ပဏီကိုဝယ်ယူပေးရန် အဆိုပြုထားပြီး လက်ရှိတွင် ဈေးနှုန်းနှင့် ရောင်းချနိုင်မည့် တန်ချိန်ပမာဏတို့ကို ညှိနှိုင်းထားကာ ယူနန်အစိုးရဘက်မှ အကြောင်းပြန်သည်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

"လက်ရှိမှာ စာချုပ်ချုပ်ဖို့ညှိနေတယ်။ ဝယ်ဖို့အတွက် ရွှေချိုက်ကုမ္ပဏီကို ယူနန်အစိုးရက အဆိုပြုထားတာပါ။ ဒီက အဆိုပြုထားတဲ့ ဈေးနှုန်းတွေကို ယူနန်အစိုးရကို ပို့ပေးထားတယ်။ သူတို့ဘက်က တရားဝင်အကြောင်းပြန်တာကို စောင့်နေတာပါ။ သိရရင်တော့ အသိပေးမှာပါ" ဟု ဦးရန်နိုင်ထွန်းက ပြောဆိုသည်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ချိန် သုံးသန်းခွဲကျော် တင်ပို့ခဲ့ပြီး အဆိုပါ တန်ချိန်သုံးသန်းခွဲကျော်တွင် တန်ချိန် နှစ်သန်းခန့်ကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အများဆုံးတင်ပို့ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ဆန်များကို နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ တစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေခြင်းဖြစ်ပြီး ပြည်တွင်းမှ ကုန်ပစ္စည်းများတင်ပို့ရာတွင် လက်ရှိအချိန်အထိ တရုတ်နိုင်ငံက တရားဝင်ခွင့်ပြုမထားသောကြောင့် ကုန်ပစ္စည်းများကို တရားမဝင် တင်ပို့နေရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင်လည်း ပြည်တွင်း ဆန်ကုန်သည်များအနေနှင့် တောင်သူများထံမှ စပါးများကို ဈေးကောင်းပေး ဝယ်ယူရသော်လည်း တရုတ်နိုင်ငံသို့ တင်ပို့သည့် နယ်စပ်ဂိတ်များတွင် တရုတ် ဆန်ကုန်သည်များက ဈေးနှိမ်ဝယ်ယူလျက်ရှိသောကြောင့် ဆန်ကုန်သည်များအနေနှင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။ ■J-11

### မေ ၂ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | 12000 | 12000 | 12000 | 12000 | 12000 | - | 3194 | 38,328,000 |
| MTSH | 3050 | 3050 | 3000 | 3050 | 3050 | - | 12486 | 38,027,300 |
| MCB | 7800 | 7800 | 7800 | 7800 | 7800 | - | 0 | 0 |
| FPB | 25500 | 25500 | 25500 | 25500 | 25500 | - | 30 | 765,000 |
| TMH | 2950 | 2950 | 2950 | 2950 | 2950 | - | 335 | 988,250 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 2.5.2018 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၂၆ | ၁၆၁၀ | ၁၀၀၃ |
| ရောင်းဈေး(ကျပ်) | ၁၃၃၀ | ၁၆၂၀ | ၁၀၀၇ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 2.5.2018 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၄၀,၀၀၀ (ဖွင့်) | ၉၄၃,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၀၆ (ဖွင့်) | ၁၃၀၇ (ပိတ်) |

## ရန်ကုန်တိုင်းအစိုးရနှင့် ငွေပေးချေကတ်စနစ်လုပ်ခွင့်ရကုမ္ပဏီ ယခုလကုန် MoU ထိုးမည်

ရန်ကုန်၊ မေ ၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခရီးသည်တင်ယာဉ်လိုင်းတွင် အသုံးပြုမည့် ငွေပေးချေကတ်စနစ် လုပ်ကိုင်ခွင့်ရရှိသည့်ကုမ္ပဏီနှင့် ယခုလကုန်တွင် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးမည်ဖြစ်ကြောင်း ယင်းအစိုးရအဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် နောက်ဆုံးအဆင့်တင်ဒါအောင်မြင်ထားသည့် Anypayment Service ကုမ္ပဏီနှင့် Asia Starmar Transport Intelligent ကုမ္ပဏီ နှစ်ခုထဲမှ တစ်ခုကိုရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္စာမျိုးက ပြောကြားသည်။

"ပဏာမတင်ဒါအောင်ထားတဲ့ကုမ္ပဏီကို တင်ဒါပယ်ဖျက်လိုက်တဲ့ကိစ္စကတော့ တင်ဒါတင်သွင်းတုန်းက ကုမ္ပဏီခြောက်ခုနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါ့လေ။ လက်မှတ်ထိုးတဲ့အခါကျတော့ နာမည်ကျော် Acer ကုမ္ပဏီက အဲဒီအဖွဲ့ထဲကနေ နုတ်ထွက်သွားတယ်။ ဒါကြောင့် တင်ဒါစည်းမျဉ်းစည်းကမ်းနဲ့မညီလို့ စိစစ်ရေးအဖွဲ့က ပယ်ဖျက်လိုက်တာပါ" ဟု ၎င်းကရှင်းပြသည်။

Yangon Payment Services (YPS) ငွေပေးချေကတ်စနစ်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က ဆန်ခါတင်ရွေးချယ်ခံရသော ကုမ္ပဏီသုံးခုကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်က Excel KC Myanmar ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YPS တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့က ပဏာမတင်ဒါအောင်မြင်သည့် ကုမ္ပဏီအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တင်ဒါပဏာမ အောင်မြင်ထားသော Excel KC Myanmar ကုမ္ပဏီနှင့် စာချုပ်စာတမ်း ညှိနှိုင်းမှုဆောင်ရွက်ရာတွင် တင်ဒါတင်သွင်းစဉ်က အဆိုပြုခဲ့သောအခြေအနေ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသဖြင့် တင်ဒါပဏာမ ရွေးချယ်အောင်မြင်ထားမှုကို ဧပြီလ ၂၀ ရက်နေ့က ပယ်ဖျက်လိုက်ကြောင်း YPS တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

YPS ငွေပေးချေကတ်စနစ်အတွက် တင်ဒါရွေးချယ်ပြီးချိန်မှစတင်၍ သုံးလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားသည်။

■ J-13

## အေးရှားဝေါဆိပ်ကမ်း၌ ကုန်သေတ္တာများ ပိုမိုသယ်ဆောင်နိုင်မည့် စက်ယန္တရားများ ထပ်မံတပ်ဆင်

ရန်ကုန်၊ မေ ၂

ကုန်သေတ္တာများ သယ်ဆောင်ရာ၌ ပိုမိုလျင်မြန်စေရန်အတွက် အေးရှားဝေါဆိပ်ကမ်းတွင် သေတ္တာအလုံးရေ ပိုမိုသယ်ဆောင်နိုင်သည့် စက်ယန္တရားကရိန်း ၁၄ စီးကို ဧပြီလနောက်ဆုံးပတ်က ထပ်မံတပ်ဆင်လိုက်ကြောင်း Asia World Port Management ကုမ္ပဏီထံမှ သိရသည်။

စက်ယန္တရားကရိန်း ၁၄ စီးတွင် Rubber Tyred Gantry (RTG) ၉ စီး၊ Mobile Harbour Crane (MHC) ၁ စီး၊ Reach Stackers (RS) ၂ စီး၊ Empty Container Handlers (ECH) ၂ စီးတို့ကို ထပ်မံတပ်ဆင်လိုက်ခြင်းဖြစ်ပြီး စက်ယန္တရားအသစ်များ ထပ်မံတပ်ဆင်ခြင်းကြောင့် ကုန်သေတ္တာသယ်ဆောင်နိုင်မှုမှာ ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

စက်ယန္တရားအသစ်များ စတင်အသုံးပြုခြင်းကို ဧပြီလ ၂၉ ရက်နေ့က ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ကွင်းကျောင်းလမ်းတွင် စမ်းသပ်ပြုလုပ်ခဲ့ပြီး အဆိုပါ စက်ယန္တရားများသည် ကုန်သေတ္တာများကို ခြောက်လုံးဆင့်သယ်ဆောင်နိုင်မည့် စက်ယန္တရားများဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိ အေးရှားဝေါဆိပ်ကမ်းတွင် ကုန်သေတ္တာအလုံးပေါင်း လေးသိန်းကျော်ကို ပို့ဆောင်တင်သွင်းလျက်ရှိပြီး နောက်ပိုင်းတွင် ၃၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာမည်ဟုခန့်မှန်းထားကာ အေးရှားဝေါဆိပ်ကမ်းမှ ကုန်ပစ္စည်းများကို မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ အများဆုံးပို့ဆောင်နေခြင်းဖြစ်ကြောင်း Asia World Port Management ကုမ္ပဏီထံမှ သိရသည်။ ■ J-11

# “ဘက်လိုက်မှုတွေ ရှိတယ်ဆိုတာပြောတော့ သူတို့ (UN ကိုယ်စားလှယ်များ) က မဲ့ရွဲ့သွားတာပဲ”

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုနှင့် တွေ့ဆုံခြင်း

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော အကြမ်းဖက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်သွားသော ဒုက္ခသည်များ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်ခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တွေ့ဆုံခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြပါသည်။

**Voice : ရခိုင်အရေးနဲ့ပတ်သက်လို့ ကုလလုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့ဝင်တွေလာတဲ့အချိန်မှာ နားလည်မှုလွဲခဲ့တဲ့အခြေအနေကို သိရလို့ပါ။ ဒီဘက် ကျွန်တော်တို့အစိုးရဘက်ကအဖွဲ့တွေနဲ့ တွေ့တဲ့အချိန်မှာ ဒီဘက်ကပြောတာကို နားလည်မှုလွဲခဲ့တယ်ဆိုတဲ့အခြေအနေကို ပြောပြပေးပါခင်ဗျ။**

**Dr. DKN :** သူတို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ ကာကွယ်ရေးဦးစီးချုပ် တွေ့ပြီးပြန်လာတော့ နောက်ကျတယ်။ ကျွန်မတို့လည်း တော်တော်ကြာကြာ စောင့်ရတယ်။ သူတို့ နည်းနည်းလည်း ပင်ပန်းနေတယ်ထင်ပါတယ်။ သူတို့နဲ့တွေ့တော့ ဦးကျော်တင့်ဆွေက ရှင်းပြတယ်။ လက်ရှိဘာလုပ်နေတယ်ပေါ့။ UEHRD က ဒေါက်တာအောင်ထွန်းသက်ရှင်းပြတယ်။ ဦးဝင်းမြတ်အေး (လူ/ကယ်/ပြန်ဝန်ကြီး) ရှင်းပြတယ်။ ကျွန်မတို့ပြင်ဆင်ပြီးထားတယ်ဆိုတဲ့အကြောင်း၊ လက်ခံမယ့်ဖောင်တွေအကြောင်း၊ ခုထိ မလာသေးတဲ့အကြောင်း၊ ဖောင်တွေဖြည့်တဲ့အခါမှာလည်း သူတို့ဘက်က တလွဲတွေလုပ်တယ်ဆိုတဲ့အကြောင်း။ သူတို့က အဲဒါကို စိတ်မရှည်ချင်ဘူး။ ဒါတွေကို ဘယ်လိုနည်းနဲ့လွယ်အောင်လုပ်ကြမလဲပေါ့။ ဒီဖောင်တွေနဲ့မဟုတ်ဘဲနဲ့ ဘယ်လိုနည်းနဲ့ လွယ်အောင်လုပ်ကြမလဲဆိုတာမျိုးပေါ့။ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း သူတို့ကို ပရက်ရှာ (ဖိအား) ပေးခဲ့တာလား မပြောတတ်ဘူး။ ကျွန်မကိုပြောတဲ့တစ်ယောက်က ဘင်္ဂလားဒေ့ရှ်က သူတို့ဆီမှာ အဲဒီလူတွေရှိတာ အနှောင့်အယှက်ဖြစ်နေတဲ့ပုံစံမျိုး ကျွန်မကို ပြောတယ်။ ခေါ်တဲ့နေရာမှာ ကျွန်မတို့ဘက်က လုပ်ပုံလုပ်နည်း မမှန်တဲ့ပုံစံမျိုးပေါ့။ ဒီဖောင်နဲ့ဘာလို့လုပ်တာလဲ။ ရှုပ်တယ်ဆိုတဲ့ပုံစံမျိုးပြောတယ်။ ကျန်တဲ့နည်းနဲ့ခေါ်လို့မရဘူးလားပေါ့။ ကျွန်မတို့ဘက်ကလည်း ပြောတယ်၊ စိစစ်ရမှာပဲပြောပြတယ်။ ARSA တွေ ရှိတယ်ပေါ့။ ကျွန်မတို့က ARSA ကိုပဲ အကြောင်းပြတဲ့ပုံစံမျိုးဆိုတယ်။ ကျွန်မအထင်ပြောတာပါ။ ဒီဘက်က ရှင်းပြတာကို စိတ်မရှည်သလို မလိုအပ်တာတွေ ပြောတဲ့ပုံစံမျိုးပေါ့။ သူတို့လိုချင်တဲ့ပုံစံကို ကျွန်မတို့ဘက်က ဘောင်မဝင်ဘူးဆိုတဲ့ပုံစံမျိုးပြောပါတယ်။ လက်မခံချင်ဘူးဆိုတဲ့ပုံစံပေါ့။

**Voice : သူတို့ဘက်က တွေ့ဆုံမှုအခြေအနေမှာ တောင်းဆိုတာတွေ ဘာတွေလုပ်ခဲ့သလဲခင်ဗျ။**

**Dr. DKN :** ဖောင်ဖြည့်ခိုင်းတာထက် လွယ်လွယ်ကူကူနည်းနဲ့ မြန်မြန်ဆန်ဆန်စိစစ်လို့ရတဲ့ပုံစံနဲ့ခေါ်စေချင်တာ။



**Voice : ဆိုလိုတာက ARSA ကို စိုးရိမ်ပါတယ်လို့ သူတို့ကိုရှင်းပြလို့မရနိုင်တဲ့အခြေအနေလားခင်ဗျ။**

**Dr. DKN :** ဟုတ်တယ်။ သူတို့ကပြောတာက ကျွန်မတို့က အာဆာ(ARSA) ကိုပဲ ပြောတယ်။ ဟိုကလူတွေက ပြန်ချင်တယ်။ ဒါပေမဲ့ပြန်လို့မရဘူး။ အဲဒါကိုပဲ မယုံဘူး။ ကျွန်မတို့မှာ နေစရာ စားစရာ ဆေးဝါးအတွက် အဆင်သင့်ရှိနေပြီ။ သူတို့ပြန်လာရင် အိမ်ကိုလည်း ညှိနှိုင်းနေရာမှာ ဆောက်နေခွင့်ပြုထားပြီဆိုတာကို ကိုယ်တွေက ရှင်းပြတာပေါ့နော်။ အဲဒါကို သူတို့က လက်မခံချင်တာလား။ ဘယ်လိုလဲတော့မသိဘူး။ ဖောင်နဲ့စစ်ပြီး လက်ခံနေတာကို သူတို့ မကြိုက်တာ။

**Voice : သူတို့ဆိုလိုချင်တာက ပြည်တွင်းကို ပြန်ဝင်မယ့်ကိစ္စမှာ ဖောင်နဲ့စိစစ်တာမဟုတ်ဘဲ အလွယ်တကူလက်ခံပေးပါဆိုပြီး ဖိအားပေးတဲ့သဘောမျိုးကို ဆိုလိုတာလားခင်ဗျ။**

**Dr. DKN :** ဖိအားပေးတဲ့ပုံစံမျိုးတော့မဟုတ်ပါဘူး။ ဘာလုပ်ပါ ဘာလုပ်ပါလို့တော့ သူတို့ မပြောပါဘူး။ ရှင်းပြတာကို လက်မခံချင်တာ။ ဒါတွေပဲ ရှင်းပြနေတယ်ဆိုတဲ့ပုံစံမျိုး။ နားသိပ်မထောင်ချင်ဘူး။

**Voice : နေပြည်တော်လေဆိပ်မှာ သူတို့ပြန်ခါနီး သတင်းစာရှင်းလင်းပွဲလုပ်တဲ့အခါ မြန်မာအနေနဲ့ ဒီကိစ္စ ကို နိုင်ငံတကာခုံရုံးကိုပဲ လွှဲပြောင်းပေးမလား၊ ကိုယ့် အစိုးရကပဲ စုံစမ်းစစ်ဆေးမှုလုပ်မလားဆိုတာမျိုး နှစ်ခုချပြတာဆိုတော့ မြန်မာအစိုးရကပဲ စုံစမ်းစစ်ဆေးမှု မလုပ်သလိုပြောတဲ့အတွက် အဲဒီအပေါ်မှာရော ဘယ်လိုမြင်လဲခင်ဗျ။**

**Dr. DKN :** အဲဒါကတော့ ကျွန်မကို သူတို့ထဲက တစ်ယောက်ကပြောတယ်။ နှစ်ဖက်မျှမျှတတလုပ်ပေးပါတဲ့။ ကျွန်မတို့ကလည်း ပြောတယ်။ ဟိုဘက်မှာ နစ်နာသူရှိသလို ဒီဘက်မှာနစ်နာသူတွေရှိပါတယ်လို့။ ဟိုဘက်ကငိုပြ၊ ကလေးတွေကို မီးရှို့တယ်ပေါ့။ ဒါမျိုးတွေ ကျွန်မတို့ဆီမှာလည်း ရှိတယ်ဆိုတော့ အဲလိုဆိုရင် ငါတို့ကိုပေးပြလေတဲ့။ ငါတို့ကြည့်ချင်တယ်တဲ့။ ဒါကတော့ ကျွန်မတော့ မပြောတတ်ဘူး။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုပဲ ပြောနေတယ်။

**Voice : သူတို့ဘက်က စုံစမ်းစစ်ဆေးမယ်။ ပြန်လာမယ်လို့ပြောသွားတာရော ရှိလားခင်ဗျ။**

**Dr. DKN :** ပြောမသွားပေမယ့်အဝင်ခံပါ၊ အကြည့်ခံပါလို့တော့ဆိုတယ်။ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းကသူတွေကို သူတို့ တော်တော်သနားနေကြတာ။ ဟိုက သနားအောင်လုပ်ပြတာကို ကျွန်မတို့က အဆိုးတွေဆိုတဲ့ပုံစံ။

**Voice : သူတို့က တောင်းဆိုသွားတဲ့အကြောင်းအရာရှိလားဗျ။**

**Dr. DKN :** သူတို့ (ဘင်္ဂလားဒေ့ရှ်ရောက်နေသူများ) ပြန်လာရင် အရေးမယူဖို့၊ နောက်ကြောင်းပြန်အရေးမယူဖို့ ဒီကိစ္စတွေနဲ့ပတ်သက်လို့ အရေးမယူဖို့တော့ပြောတယ်။

**Voice : ဒါဆို ပြစ်မှုပြစ်ဒဏ်ရှိတဲ့သူကို အရေးမယူဖို့တောင်းဆိုတဲ့သဘော ရှိတာပေါ့။**

**Dr. DKN :** ဟုတ်တယ်။ တောင်းဆိုတယ်။

**Voice : UNကလာတယ်ဆိုပေမယ့် ဘက်လိုက်မှုတစ်ခုများ ရှိနေတယ်လို့ဆိုတာလား ဆရာမ။**

**Dr. DKN :** အဲလိုမျိုးယူဆတယ်။ ကျွန်မကတော့ အဲလိုခံစားရတယ်။ စွပ်စွဲတာတော့ မဟုတ်ဘူး။ သူတို့က လာကတည်းကိုက ကျွန်မတို့ကို မေးတဲ့မေးခွန်းတွေက စွပ်စွဲခံထားရတာကို ဖြေရှင်းရမယ့်ပုံစံမျိုးဖြစ်နေတာ။ ဒီဖောင်(ဝင်ရောက်နေထိုင်ခဲ့ဖူးသည့်အချက်အလက်များ) ရှိမှုလား။ ARSA တွေပါလာရင် ကျွန်မတို့က ဘယ်လိုလုပ်မလဲဆိုတော့ သူတို့က ARSA ကို ထည့်မစဉ်းစားဘူး။ အာဆာ(ARSA) ပဲပြောနေတယ်။ အကြောင်းပြနေတယ်ဆိုတဲ့ပုံစံမျိုး။

**Voice : သူတို့ရဲ့ဆက်ဆံမှုက မြန်မာအစိုးရကို သံသယတွေနဲ့ လာစစ်နေတယ်ဆိုတဲ့ပုံစံမျိုး ဖြစ်နေတာလား။**

**Dr. DKN :** ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်မတို့ကို အပြစ်တင်တဲ့ပုံစံမျိုး။ အပြစ်သားက ဖြေရှင်းရတဲ့ပုံစံမျိုးဖြစ်နေတာ။ ကျွန်မတို့ကို အထင်လွဲတယ်။ အထင်တစ်မျိုးဖြစ်နေတယ်။ အဲ့ဒါကို ကျွန်မတို့ပြောတာကို နားမထောင်ချင်ဘူး။ ကျွန်မတို့လုပ်နေတာကို မပြောနဲ့။ ဘယ်လိုဖြေရှင်းမလဲဆိုတာကိုပဲ ပြောဆိုတာမျိုး။ ကျွန်မတို့လုပ်နေတာကို မပြောနဲ့၊ အဲလိုခက်ထန်ထန်မျိုးပဲ။ ပြန်လာမယ့်သူတွေကိုလည်း တာဝန်လည်းယူရမယ်။ ငြိမ်းငြိမ်းချမ်းချမ်းရှိရမယ်။ နှောင့်ယှက်မှုမရှိရဘူး၊ နောက်ကြောင်းလည်း မပြန်ရဘူး၊ အရေးမယူရဘူးပေါ့။

**Voice : တာဝန်ယူပေးရမယ်ပေါ့။ အနှစ်ချုပ်အရဆိုရင် သူတို့လာတဲ့တွေ့ဆုံမှုက သံသယတစ်ခုနဲ့ စုံစမ်းနေတဲ့အနေအထားမျိုးလား။**

**Dr. DKN :** ဟုတ်တယ်။

**Voice : တွေ့ဆုံမှုမှာ နောက်ဆုံးရလဒ်က ဘယ်လိုမျိုးဖြစ်မလဲခင်ဗျ။**

**Dr. DKN :** နားလည်မသွားဘူး။ စွပ်စွဲထားချက်တွေကို မြေပြင်မှာဝင်ကြည့်မယ်။ ဒါကိုတောင်းတဲ့ပုံစံမျိုး။ ကျွန်မတို့က လွန်တယ်၊ ကျွန်မတို့က ဆိုးတယ်။ ကျွန်မတို့က လုပ်လိုက်တာမျိုးစွဲနေတယ်။ ပြီးတော့ NGO နဲ့ အဆင်မပြေတာကိုလည်းပြောတယ်။NGO ကိစ္စမှာ ဒေသခံတိုင်းရင်းသားတွေနဲ့အဆင်မပြေဘူး။ ဘက်လိုက်မှုတွေရှိတယ်ဆိုတာပြောတော့ သူတို့က မဲ့ရွဲ့သွားတာပဲ။ UN၊ NGO တွေအကူအညီနဲ့လုပ်ပါလို့ ပြောတာမှန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့လည်း အသိပဲ နှစ်ခုကြားမှာ ရှုပ်ထွေးနက်နဲတဲ့ အခြေအနေမျိုးတွေ ရှိနေတာ။ သူတို့ကလည်း ခံစားချက်တွေရှိတယ်။ ဒီက လူတွေရဲ့ခံစားချက်ကို သူတို့နားမလည်ဘူး။ ကိုယ်ချင်းမစာဘူး။ တိုင်းရင်းသားတွေ လက်မခံတဲ့ကိစ္စတွေကို သူတို့မသိတာလား။ လက်မခံတာလား မသိပါဘူး။

**Voice : အနှစ်ချုပ်ပြောရရင်ဘယ်လိုဆိုချင်လဲဗျ။**

**Dr. DKN :** သူတို့ လာသွားတယ်၊ ကျွန်မတို့ကို နားလည်မသွားဘူး။ ကျွန်မတို့ကြုံတွေ့နေရတာ၊ ကျွန်မတို့အစီအစဉ်တွေ၊ ခံစားချက်တွေကို နားလည်မသွားဘူး။

■ S 01

မျက်နှာဖုံး - နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူးဟောင်းကို မှ အဆက်

ဆိုသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက နယ်ခြားစောင့်ရဲကင်း ၃၀ ကျော်ကို ဘင်္ဂါလီများ အကြမ်းဖက်တိုက်ခိုက်ခံရပြီး နောက်ပိုင်း ရဲမှူးချုပ်သူရ စန်းလွင်နေရာကို ရဲမှူးချုပ် မြင့်တိုးအား အစားထိုး တာဝန်ပေးအပ်ခဲ့သည်။ ရဲမှူးချုပ် သူရစန်းလွင်ကို နေပြည်တော်အခြေစိုက် အမှတ် (၁) လုံခြုံရေးကွပ်ကဲမှု ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းလဲတာဝန်ပေးခဲ့ခြင်းသည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောတပ်စခန်းများ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှုဖြစ်စဉ်ကြောင့် အရေးယူခဲ့ခြင်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသိုင်းအဝိုင်းထံမှ စုံစမ်းသိရသည်။

ရဲမှူးချုပ်သူရစန်းလွင်သည်တပ်မတော်၌ ဒုတိယဗိုလ်မှူးကြီး ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာမှ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး တပ်မ ၉၉ လက်အောက်ခံ ခမရ (၁၀)၌ တာဝန်ထမ်းဆောင်စဉ် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)နှင့် ရင်ဆိုင် ခဲ့သောတိုက်ပွဲတွင် သူရဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ အငြိမ်းစားယူထားသည့် ရဲအရာရှိဟောင်းတစ်ဦးက ဆိုသည်။

“ရခိုင်နဲ့ ပတ်သက်တဲ့ ရှုပ်ထွေးမှုတွေနဲ့ ဆက်စပ်မယ် ယူဆတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ဖူးတဲ့ အဆင့်မြင့်ရဲအရာရှိတွေ အရေးယူခံရတာ ဒါနဲ့ဆို နှစ်ခါရှိပြီ” ဟု မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်နေသူတစ်ဦးက မှတ်ချက်ပြုပြောဆိုသည်။

လက်ရှိတွင် ရဲမှူးချုပ်သူရစန်းလွင်တာဝန်ယူထားသည့် အမှတ် (၁) လုံခြုံရေးကွပ်ကဲမှုရဲတပ်ဖွဲ့မှူးနေရာတွင် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှူးနှင့် အမြန်လမ်းရဲတပ်ဖွဲ့မှူးအဖြစ် ဆက်တိုက်တာဝန်ထမ်းဆောင်ခဲ့သော ရဲမှူးချုပ် ဇော်ထွန်းအောင်ကို တာဝန်ပေးအပ်ထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ထံမှ သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အကာလ်မူလ်မူဂျာ ဟီဒင်န်အကြမ်းဖက်အဖွဲ့က ဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ နယ်ခြားစောင့် ရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မောင်မောင်ခိုင်ကိုလည်း အလားတူရာထူးမှထုတ်ပယ်၍ ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့ဖူးသည်။

နယ်ခြားစောင့်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မောင်မောင်ခိုင်ကို အရေးယူခဲ့စဉ်က ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် အရည်အချင်း ရှိပါက ရှိသလို ချီးမြှောက်မည်ဖြစ်ပြီး အရည်အချင်း ညံ့ဖျင်းပါက ညံ့ဖျင်းမှုအလိုက်အရေးယူမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက်က မီဒီယာများကို ပြောကြားထားသည်။ ■

# “မေးခွန်းပုံစံအပြောင်းအလဲမှာ မြန်မာစာနဲ့ပတ်သက်ရင် နံပါတ် ၆ (ခ) က အပြောင်းလဲဆုံးဖြစ်တယ်”

## ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန၊ လက်ထောက်ကထိက ဦးမင်းဇင်နှင့် တွေ့ဆုံခြင်း

မြဇာခြည်သင်း

**အပြောင်းအလဲတိုင်းတွင် စိန်ခေါ်မှုရှိစမြဲသာဖြစ်သည်။ ပညာရေးတွင် ယခုနှစ်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံသစ်ဖြင့် စစ်ဆေးမည်။ မြန်မာစာမေးခွန်းပုံစံသစ်ကို မေလ ၂ ရက်တွင် နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ပြည်သူလူထုထံ မိတ်ဆက်သည်။ ထိုမေးခွန်းပုံစံသစ်အရ ဆရာများနှင့်ကျောင်းသားများ ကြုံလာရနိုင်သည့် စိန်ခေါ်မှုများအကြောင်း ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန လက်ထောက်ကထိက ဦးမင်းဇင်၏ ဆွေးနွေးချက်များကို The Voice စာဖတ်ပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။**


ဓာတ်ပုံ-နေဇော်ကျော်

**Voice ။ တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံဟောင်းနဲ့ မေးခွန်းပုံစံသစ် ဘာတွေကွာခြားပါလဲ။**

**UMZ** ။ အဟောင်းနဲ့အသစ် ဘာကွာလဲဆိုရင် အကုန်လုံးပြောင်းသွားတဲ့သဘော။ မြန်မာစာမေးခွန်းမှာ နံပါတ် ၁-၆ နံပါတ်အားလုံးက အပြောင်းအလဲရှိတယ်။ ရုတ်တရက်ကြည့်လိုက်ရင် မေးခွန်းနံပါတ်တွေ အကုန်လုံးပြောင်းသွားတယ်။ ဖြေဆိုပုံဖြေဆိုနည်းတွေ ပြောင်းသွားတယ်လို့ ပြောလို့ရတယ်။ အထင်ရှားဆုံးအချက်က နံပါတ် ၆ မှာ ၂၀၁၈ တုန်းကဆိုရင် စာစီစာကုံးပဲမေးတယ်။ အမှတ် ၂၀ ဖိုးပေးတယ်။ မေးခွန်းပုံစံသစ်မှာ အဲဒီနေရာမှာပဲ စာစီစာကုံးပြန်ထည့်တယ်။ ၁၀ မှတ်ပေးတယ်။ နောက်တစ်ခါ ဖြေဆိုဖို့က ၂ ပုဒ်ပေးထားမယ်။ တစ်ပုဒ်ပဲဖြေဆိုရမယ်။ အဟောင်းမှာက ၃ ပုဒ်ပေးထားတယ်။

အသစ်မှာက နံပါတ် ၆ မှာ ဘာထည့်ထားလဲဆိုရင် အဆိုတစ်ခု မေးခွန်းထဲမှာပေးထားမယ်။ ပေးထားတဲ့အဆိုကို ထောက်ခံတဲ့ဘက်က ရေးလို့လည်းရတယ်။ ကန့်ကွက်တဲ့ဘက်က ရေးလို့လည်းရတယ်။ ဥပမာ- ကျောင်းသားတွေ နားလည်အောင်ပြောရရင် ‘ရေဒီယိုနားထောင်ခြင်းသည် ရုပ်မြင်သံကြားကြည့်ခြင်းထက်ကောင်းသည်’ ဆိုရင် ထောက်ခံဆွေးနွေးလို့လည်းရတယ်။ ကန့်ကွက်ဆွေးနွေးလို့လည်းရတယ်။ အဲဒါက ပညာရေးဝန်ကြီးဌာနက ကြေညာထားတဲ့စဉ်းစား တွေးခေါ်မှုကိုအားပေးမယ်ဆိုတဲ့ မေးခွန်းပုံစံအပြောင်းအလဲမှာ မြန်မာစာနဲ့ ပတ်သက်ရင် နံပါတ် ၆(ခ)က အပြောင်းလဲဆုံးဖြစ်တယ်။ ဒါက ဒီနှစ်မှ အသစ်ထပ်ထည့်ထားတာပါ။ နောက်ထပ် လေ့လာကျက်မှတ်တာက ၅၀ ရာခိုင်နှုန်း၊ တွေးခေါ်စဉ်းစားတာက ၅၀ ရာခိုင်နှုန်းလို့ ပြောထားတာရှိတယ်။ ကျွန်တော့်အမြင်က မေးခွန်းတစ်ခုလုံးကို ခြုံကြည့်ရင် ၂၅ ရာခိုင်နှုန်းပဲ ပြောင်းလဲတယ်လို့ ထင်ပါတယ်။

> “ပြင်ပဗဟုသုတစာပေ ဖတ်ရှုလေ့လာမှု အားနည်းမယ်၊ ကျက်မှတ်မှုကိုပဲ အားကိုးမယ်ဆိုရင်တော့ ကျောင်းသားက ထူးချွန်ပြောင်မြောက်ဖို့ ခက်ခဲမယ်”

**Voice ။ ကျောင်းသားတွေအနေနဲ့ ဘာတွေပြင်ဆင်ထားသင့်ပါသလဲ။**

**UMZ** ။ ဒီနေ့(မေလ ၂ရက်)မှာ သတင်းစာထဲမှာ တာဝန်ရှိသူတွေပြောတာအရဆိုရင် ကျက်မှတ်မှုက ၅၀ရာခိုင်နှုန်း၊ စဉ်းစားတွေးခေါ်မှုက ၅၀ရာခိုင်နှုန်းလို့ ပြောထားတယ်။ မြန်မာစာမှာ ထူးချွန်ချင်တဲ့၊ ဂုဏ်ထူးထွက်ချင်တဲ့ ကျောင်းသားဆိုရင် စဉ်းစားတွေးခေါ်မှုကို မဖြစ်မနေ လုပ်ရပါလိမ့်မယ်။ စဉ်းစားတွေးခေါ်မှုက ဒီတိုင်းတော့ ရလာမှာမဟုတ်ပါဘူး။ စဉ်းစားတွေးခေါ်နိုင်မယ့်အချက်အလက်တွေ လိုအပ်ပါတယ်။ အချက်အလက်ဆိုတာ တကယ်တော့ အတွေ့အကြုံပါပဲ။ စာတွေ့အတွေ့အကြုံ၊ ကိုယ်တွေ့အတွေ့အကြုံ လိုအပ်ပါတယ်။ သင်ရိုးညွှန်းတမ်းစာသာမက ပြင်ပစာပေကို တတ်နိုင်သမျှ အချိန်ယူဖတ်ရှုလေ့လာဖို့၊ စဉ်းစားဖို့ လိုပါတယ်။ အဲဒီကျမှ စဉ်းစားတွေးခေါ်တဲ့အလေ့အကျင့် ရလာပါလိမ့်မယ်။ မြန်မာစာက ရသစာပေလည်းဖြစ်လို့ ရသစာပေဆိုင်ရာ စာအုပ်၊ စာတမ်းတွေကို ဖတ်ရှုလေ့လာထားသင့်ပါတယ်။ နောက်တစ်ချက်က ဒီနေ့ခေတ်က သတင်းနဲ့ နည်းပညာပေါက်ကွဲတဲ့ခေတ်ဖြစ်လို့ အသစ်ထပ်ဖြည့်တဲ့ နံပါတ် ၆(ခ) မေးခွန်းမှာ သတင်းနဲ့နည်းပညာဆိုင်ရာ အဆိုတွေ မေးနိုင်တယ်။ အဲဒီအတွက် သတင်းနဲ့နည်းပညာဆိုင်ရာ အချက်အလက်တွေ၊ အမြင်တွေ ဖတ်ရှုလေ့လာထားဖို့လိုပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့စာပေလေ့လာမှုပုံစံ ပြောင်းဖို့လိုပါတယ်။ ကျောင်းသားမိဘအပိုင်းအနေနဲ့ Mindset ပြောင်းရပါမယ်။ ဘာသာရပ်တစ်ခုကို သေသေချာချာသင်ယူလေ့လာနိုင်ရုံသာမက ပြင်ပစာပေဖတ်ဖို့ အားပေးဖို့လိုပါတယ်။

**Voice ။ မြန်မာစာမေးခွန်းပုံစံ အပြောင်းအလဲကြောင့် ကျောင်းသားတွေ ဘာအခက်အခဲတွေဖြစ်နိုင်ပါသလဲ။**

**UMZ** ။ ပြင်ပဗဟုသုတစာပေ ဖတ်ရှုလေ့လာမှု အားနည်းမယ်၊ ကျက်မှတ်မှုကိုပဲ အားကိုးမယ်ဆိုရင်တော့ ကျောင်းသားက ထူးချွန်ပြောင်မြောက်ဖို့ ခက်ခဲမယ်။ နောက်တစ်ချက်က အချိန်ပြဿနာပါ။ ဟိုတုန်းက မေးခွန်းပုံစံက မေးခွန်းရှည်က ကဗျာမေးခွန်းရှည် ၃(ခ)၊ စကားပြေမေးခွန်းရှည် ၄(ခ)၊ ရေသည်မေးခွန်းရှည် ၅(ခ)၊ စာစီစာကုံး (၆)။ ဒီမေးခွန်းရှည်တွေက စာအများဆုံးရေးရတဲ့အပိုင်းပေါ့။ အခုက ပိုများလာပါမယ်။ ၆(ခ) အဆိုနဲ့ပတ်သက်ပြီး ပိုရေးလာရပါမယ်။ အဲဒီတော့ ကျောင်းသားတွေအနေနဲ့ လေ့လာတဲ့အခါ ကဗျာတစ်ပုဒ်၊ စကားပြေတစ်ပုဒ်မှာ သူ့ရဲ့ရည်ရွယ်ချက်ရှိတယ်။ အဓိကပန်းတိုင်ကို နားလည်သဘောပေါက်အောင် လေ့လာသင်ယူထားရပါမယ်၊ ရည်ရွယ်ချက်ကို နည်းနည်းလေး ပရိယာယ်ဆင်ပြီး မေးလာရင်တောင် ဖြေနိုင်ပါလိမ့်မယ်။ ဆိုချင်တာက ကျောင်းသား၊ ကျောင်းသူအနေနဲ့ အခုမေးခွန်းပုံစံအရ အထူးထုတ်တစ်အုပ်ကိုင်ပြီး အဲဒီအထူးထုတ်က ဘယ်ပါမောက္ခ၊ ဘယ်ဆရာရေးထားတဲ့အပုဒ်ကို အပိုင်ကျက်ပြီး ဖြေလို့မရတော့ဘူး။ အဲဒီလိုအပိုင်ကျက်ဖြေမယ်ဆိုရင် အဆင်မပြေဘူး။ အဲဒီအခက်အခဲ အများကြီးကြုံလိမ့်မယ်။ စကားပြေ၊ ကဗျာကို ရည်ရွယ်ချက် နားလည်သဘောပေါက်အောင် လေ့လာထားပြီး မေးခွန်းနဲ့အညီ တိုတိုတုတ်တုတ်နဲ့ ထိထိမိမိဖြေတတ်ဖို့ လိုအပ်မယ်။ အဲဒီလိုမဖြေတတ်ရင် အခက်အခဲရှိပါလိမ့်မယ်။ အချိန်မလောက်တဲ့ ပြဿနာတက်လာပါလိမ့်မယ်။

**Voice ။ အခုက စာမေးပွဲမေးခွန်းပုံစံတာပြောင်းတာ။ သင်ရိုးညွှန်းတမ်းက ပြောင်းတာမဟုတ်ဘူး။ သင်ကြားမှုပုံစံလည်း မပြောင်းသေးဘူး။ စာတွေကလည်း များနေတုန်းပဲလို့ ပြောလို့ရမယ်။ ဆိုတော့ စဉ်းစားတွေးခေါ်မှုအပိုင်းကို အလေ့အကျင့် ရလာအောင်၊ အားကောင်းလာအောင် စာသင်ခန်းထဲကနေ အချိန်ယူပြီး လုပ်ပေးနိုင်ပါ့မလား။**

**UMZ** ။ အထက်တန်းမှာဆိုရင် စာသင်ချိန်က တစ်ပတ်မှာ တစ်ဘာသာ နှစ်ချိန်လောက်ရှိမယ်ထင်တယ်။ အခု သုံးချိန်လား မသိဘူး။ Lesson Plan သင်ခန်းစာကို အပြီးသင်ရမယ့်အချိန်ဇယား ရှိတယ်။ အဲဒါကို ဆရာတွေက အမီသင်ရတယ်။ Lesson Plan ဆိုတာ လွယ်လွယ်ပြောရရင် တစ်လအတွင်းမှာ စကားပြေသုံးပုဒ်၊ ကဗျာသုံးပုဒ် ပြီးအောင်သင်ရမယ်ဆိုရင် ဆရာ၊ ဆရာမက ပြီးအောင်သင်ရတယ်။ အဲလိုသင်ရတယ်ဆိုရင် ကျိန်းသေတာ ခူးပြီးခပ်ပြီး အသင့်ပြင်ပြီးသားပဲသင်လိမ့်မယ်။ ဒါကိုပြောင်းမှရမယ်။ သင်ကြားချိန်ကို တိုးပေးရမယ်။ ဆရာတွေ စဉ်းစားတွေးခေါ်မှုအပိုင်းကို သင်ကြားပေးနိုင်အောင် Lesson Plan ဘယ်လိုလုပ်မလဲ။ အဲဒါကို ပြန်သုံးသပ်သင့်ပါတယ်။ ဆရာ၊ ဆရာမတွေ အများဆုံးကြုံတွေ့ရတဲ့စိတ်ဖိစီးမှုက စာသင်ရလို့မဟုတ်ပါဘူး။ အမျိုးမျိုးသော ညွှန်ကြားချက်တွေနဲ့ အမျိုးမျိုးခိုင်းစေမှုကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် အခြေခံပညာမှာ ပိုဆိုးပါတယ်။ ကျောင်းသားတွေကို အချိန်ပိုခေါ်ရမယ်၊ အောင်ချက်မြင့်ဖို့ အောင်ချက်ဆွဲတင်ဖို့လုပ်ရမယ်၊ ဒီလိုညွှန်ကြားချက်တွေလာတယ်။ နောက်ဆုံး လူကြီးလာရင်တောင် ကြိုရတာက အခုချိန်ထိရှိနေတုန်းပါပဲ။ လုပ်ရလို့ပြောတာမဟုတ်ပါဘူး။ အရေးကြီးတာတွေ လုပ်ရမှာပေါ့။ အမျိုးမျိုးညွှန်ကြားချက်တွေကြားထဲမှာ ဆရာတွေ သင်ကြားရေးလုပ်ရတာ ပြဿနာရှိတာဖြစ်ပါတယ်။ အထက်တန်းကျောင်းမှာ မိဘဆရာအသင်းလည်း ရှိတယ်။ ကျောင်းအကျိုးတော်ဆောင်လည်းရှိတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်ချတာက ကျောင်းအုပ်ကြီးတွေပါ။ တက္ကသိုလ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ကျောင်းအုပ်ကြီးက အသိဉာဏ်၊ အဆင်ခြင်ဉာဏ်နဲ့ပြည့်စုံပြီး ပြုပြင်ပြောင်းလဲမှုကို လိုက်ပါဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်ဆိုရင် သက်သာရာရပါမယ်။ ဒီလိုမဟုတ်ဘဲ တစ်သွေး တစ်သံ တစ်မိန့်ပဲ သုံးနေမယ်ဆိုရင် အခုပြောင်းတဲ့ပုံစံ ဘယ်လိုမှမအောင်မြင်နိုင်ပါဘူး။ ဒါကြောင့် ချုပ်ကိုင်မှုတွေ တတ်နိုင်သမျှ လျှော့ချရပါမယ်။

**Voice ။ ဒီအပြောင်းအလဲကို လက်ခံပါလား။**

**UMZ** ။ ဒီလိုပြောင်းလဲတာကို လက်ခံပါတယ်။ ဒါပေမဲ့ ကြိုဆိုခြင်းနဲ့အတူ စိုးရိမ်ခြင်းလည်းရှိတယ်။ ဘာကြောင့်စိုးရိမ်မှုရှိလဲဆိုရင် အတိတ်က မြန်မာ့ပညာရေးတွေကိုကြည့်ပြီး ပြောတာဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ ပုတ်ခတ်ပြီးပြောတာမဟုတ်ဘူး။ ၂၀၁၈ ထိ မေးခွန်းပုံစံကလည်း ၂၀၀၀ ခုနှစ်ကျော်ကပြောင်းခဲ့တဲ့ မေးခွန်းပုံစံ ဖြစ်တယ်။ ၁၉၉၀ ကျော်က မေးခွန်းပုံစံမှာဆိုရင် စာစီစာကုံးတွေက ခေါင်းစဉ်ပဲပါတယ်။ လမ်းညွှန်ချက်တွေ၊ ပုံကြမ်းတွေမပါဘူး။ ပိုပြီးအချက်အလက်မှန်မှန်နဲ့ စဉ်းစားတွေးခေါ်တတ်အောင် သူတို့ပြောင်းခဲ့တဲ့သဘောရှိတယ်။ ရည်ရွယ်ချက်တွေ ကောင်းတယ်။ မေးခွန်းပုံစံပြောင်းပြီဆိုရင် ခုပြောင်းတဲ့စဉ်းစားတွေးခေါ်မှုကိုဖြေဆိုရမယ့် မေးခွန်းပုံစံအတိုင်း ကျောင်းသားတွေကို တကယ်သင်ဖို့ဆိုရင် နံပါတ်တစ် ဆရာတွေမှာ Work Load (တစ်ပတ်စာသင်ချိန်)မပြောင်းလို့မရဘူး။ အဲဒါပြောင်းပေးမှ ရမယ်။ စဉ်းစားတွေးခေါ်မှုကို သင်မယ်ဆိုရင် စာသင်ခန်းထဲမှာ ဆရာဗဟိုပြုနဲ့ သင်လို့မရဘူး။ ကလေးတွေနားလည်နိုင်တဲ့ ခေါင်းစဉ်တစ်ခုချပေးရမယ်။ နောက် စဉ်းစားတွေးခေါ်ခိုင်းမယ်။ ကျောင်းသားတစ်ယောက်ချင်းစီ ပါဝင်အောင် အဖွဲ့တွေဖွဲ့ပြီး ကန့်ကွက်ခိုင်းမယ်။ ထောက်ခံခိုင်းမယ်။ အဲဒီလိုမဟုတ်ရင် အထူးထုတ်တွေထွက်လာပြီး အာဂုံကျက်တဲ့အဆင့်ကို ပြန်ရောက်သွားမယ်။ ၂၀၁၈ ဆိုလည်း စဉ်းစားတွေးခေါ်ပြီးဖြေရတဲ့ စာစီစာကုံးပါတယ်။ ဒါပေမဲ့ စာအုပ်တိုက်တွေ၊ စာအုပ်ရောင်းတဲ့ဆိုင်တွေသွားကြည့်ရင် စာစီစာကုံးစာအုပ်ပေါင်းများစွာရှိတယ်။ သင်တော့လည်း အဲဒီအတိုင်းသင်ကြတယ်။ ဒါကြောင့် ရည်မှန်းချက်အောင်မြင်ချင်ရင် မေးခွန်းပြောင်းရုံတင်မဟုတ်ဘဲ ကျောင်းသားတွေကို စဉ်းစားတွေးခေါ်မှုကို သင်ကြားပေးနိုင်တဲ့ စာသင်ချိန်တွေ ဆရာတွေကို ပေးဖို့လိုတယ်။

**Voice ။ အခုလိုအချိန်ပေးပြီး ဆွေးနွေးပေးတာ ကျေးဇူးတင်ပါတယ်။** ■

**(တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံသစ် ဘာသာရပ်အလိုက် ဆွေးနွေးချက်များကိုနေ့စဉ် ဖော်ပြသွားပါမည်။)**

MANDALAY VOICE

# ထိရောက်သည့်ပြစ်ဒဏ်များချမှတ်ပေးရန် မန္တလေးတိုင်း လုံ/နယ်ဝန်ကြီး တိုက်တွန်း

**မန္တလေး၊ မေ ၂**

တရားစီရင်ရေးမဏ္ဍိုင်အနေနှင့် တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုနိုင်ရေးအတွက် ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်ရန် မန္တလေးတိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုက်တွန်းပြောကြားသည်။

မန္တလေးမြို့တော်ခန်းမ၌ မေလ ၂ ရက်နေ့က ကျင်းပသော မန္တလေးတိုင်း တရားလွှတ်တော်၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲတွင် ၎င်းက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆိုတာ ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းနဲ့ လုံခြုံရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းတွေကလည်း အစွမ်းရှိသလောက် ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ကြိုးစားနေစေကာမူ တရားရေး၊ ဥပဒေပြုရေးဘက်က ပြစ်ဒဏ်ပေးတဲ့ အပိုင်းတွေက မထိရောက်ဘူးဆိုရင်၊ မသက်ရောက်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးကလည်း သက်ရောက်မှုရှိမှာမဟုတ်ဘူး” ဟု မန္တလေးတိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ပြောကြားသည်။

တရားရုံးများအနေနှင့် တရားစီရင်ရာတွင် အမှုနှင့်သက်ဆိုင်သည့် သက်သေများကို အချိန်မီပြည့်စုံစွာတင်ပြပေးနိုင်ခြင်းနှင့် သက်သေများ ရုံးချိန်းတိုင်းတွင် လာရောက်နိုင်စေရန် ရဲတပ်ဖွဲ့က စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အကျဉ်းထောင်မှသက်သေကို ထုတ်လာရသည့် ရဲတပ်ဖွဲ့အနေနှင့် သက်ဆိုင်ရာ တရားရုံးများသို့ အချိန်မီ ပို့ဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် အမှုများကြန့်ကြာနေခြင်းများ ရှိနေကြောင်း မန္တလေးတိုင်း တရားသူကြီးချုပ်ဦးစိုးသိန်းက ပြောဆိုသည်။

မန္တလေးတိုင်းအတွင်းရှိ ခရိုင်တရားရုံးများတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လအကုန်အထိစာရင်းများအရ စာရင်းဖွင့်ထားသည့် ရာဇဝတ်မှု ၈၉၁ မှုရှိပြီး တရားရုံးများက ၆၅၈ မှုကို လက်ခံစစ်ဆေးခဲ့ကာ ၄၉၄ မှုကို ပြီးပြတ်အောင်စစ်ဆေးနိုင်ခဲ့ကြောင်းနှင့် တရားမမှုအနေနှင့် ၂၅၃၉ မှုစာရင်းရှိခဲ့ပြီး ၇၁၂ မှုကို လက်ခံစစ်ဆေးခဲ့ရကာ ၃၉၅ ခုကို ပြီးပြတ်အောင်စစ်ဆေးနိုင်ခဲ့ကြောင်း တိုင်းတရားလွှတ်တော်၏ စာရင်းများအရ သိရသည်။

■ M-04



ဓာတ်ပုံ-မောင်သန့်

မန္တလေးမြို့တော်ခန်းမ၌ မေလ ၂ ရက်နေ့ကကျင်းပသော မန္တလေးတိုင်းတရားလွှတ်တော်၏ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်သူများကိုတွေ့ရစဉ်

# မန္တလေးတွင် ရွေးချယ်ခံကျောက်မျက်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ထပ်မံတိုးချဲ့

**မန္တလေး၊ မေ ၂**

ရွေးချယ်ခံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ၏ စတုတ္ထသက်တမ်း ၂၀၁၈-၂၀၂၁ အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင် အရေအတွက် တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

ယင်းအသင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို မတ်လ ၁၄ ရက်နေ့က ကျင်းပခဲ့ရာတွင် အသင်းဝင် ၇၅ ဦးအနက် ၄၄ ဦးကို အမှုဆောင်များအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့သောကြောင့် ကျန်ရှိနေသော အသင်းဝင် ၃၁ ဦးကို ထပ်မံရွေးချယ်ခြင်းဖြစ်ပြီး အသင်းဝင်ဆန္ဒပြုလွှာလက်ခံခြင်း၊ ထုတ်ပေးခြင်းများကို ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားရှိ အသင်းရုံးတွင် မေလ ၂ ရက်မှ ၅ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

“၃၁ ယောက်ကွက်တိဆိုရင် တစ်ခါတည်းခန့်လိုက်မယ်။ ၃၁ ယောက်ထက်ကျော်ရင်တော့ ဒီမှာရှိတဲ့ EC ၊ CEC ဘုတ်အဖွဲ့တွေ အစည်းအဝေးထိုင်ပြီး လျှောက်လာသမျှကို လက်ခံမလား။ ၃၁ ယောက်ပဲ လက်ခံမလားဆိုတာ အဆိုပြုလွှာတင်တဲ့အပေါ်မှာ ကြည့်ရမယ်” ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသူ ဦးသန်းဝင်းက ပြောကြားသည်။

လိုအပ်နေသည့် အလုပ်အမှုဆောင် အရေအတွက်ကို မေလ ၁၀ ရက်အတွင်း ခန့်အပ်မည်ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ သိရသည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) သည် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်၏ လက်အောက်ခံအသင်းဖြစ်ခြင်းကြောင့် အသင်းချုပ်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံအလုပ်အမှုဆောင်အဖွဲ့သည် အသင်းချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်မညီသောကြောင့် အသိအမှတ်မပြုကြောင်း၊ ယင်းကိစ္စကို မေလ ၇ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် (ဗဟို) ဒုဥက္ကဋ္ဌ ဦးမြင့်ဟန်က ပြောကြားသည်။

“ဦးလေးက လက်ရှိအသင်းဥက္ကဋ္ဌဖြစ်တယ်။ အလုပ်အမှုဆောင်အဖွဲ့လည်း ရှိတယ်။ သူတို့ကို ရွေးချယ်ထားတာဆိုပြီး တာဝန်လွှဲထားတာလည်း မရှိသေးဘူး။ တာဝန်ပေးထားတာလည်း မရှိသေးဘူး” ဟု ကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) တတိယသက်တမ်း၏ လက်ရှိဥက္ကဋ္ဌလည်းဖြစ်သူ ၎င်းက ပြောဆိုသည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) တွင် အသင်းသားဦးရေ ၁၀၀၀ ကျော်ရှိရာ ယင်းတို့အနက်မှ ရွေးချယ်ခံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် လက်အောက်ခံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေး) ဟု နှစ်ဖွဲ့ကွဲနေကြောင်း မန္တလေးမြို့ခံကျောက်မျက် လုပ်ငန်းရှင်များထံမှ သိရသည်။

■ M-07

# စစ်ကိုင်းတွင် အမျိုးသမီးတစ်ဦး ဓားခုတ်လုယက်ခံရ

**မန္တလေး၊ မေ ၂**

စစ်ကိုင်းမြို့၌ မေလ ၁ ရက်နေ့ညဦးပိုင်းက ဆိုင်ကယ်စီးအမျိုးသားနှစ်ဦးသည် အမျိုးသမီးတစ်ဦးကို ဓားနှင့်ခုတ်ကာ ပိုက်ဆံအိတ်လုယက်ခဲ့ကြောင်း စစ်ကိုင်းမြို့မရဲစခန်းထံမှ သိရသည်။

လုယက်ခံရသူသည် စစ်ကိုင်းမြို့မဈေးကြီးတွင် ကုန်စိမ်းရောင်းသည့် ဒေါ်သီတာအေးဆိုသူဖြစ်ပြီး ယင်းနေ့ည ၁၀ နာရီကျော်အချိန်က ကုန်စိမ်းရောင်းပြီးပြန်လာစဉ် ပါရမီရပ်ကွက်၊ မောနီးအင်းတည်းခိုခန်းအနီးမှောင်ရိပ်တွင် နောက်မှကပ်လိုက်လာသည့် လူငယ်နှစ်ဦးပါသော ဆိုင်ကယ်ကကျော်တက်ကာ စက်ဘီးလက်ကိုင်တွင် ချိတ်ဆွဲထားသည့် အိတ်ကိုဆွဲယူခဲ့ကြောင်း၊ ပိုက်ဆံအိတ်ကိုပြန်လုရာ၌ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူက ဓားဟုယူဆရသောအရာဖြင့် ခုတ်ခဲ့ခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

ယင်းသို့အခုတ်ခံရသဖြင့် ညာဘက်လက်တံတောင်ဆစ်အောက်၊ ညာလက်ကောက်ဝတ်၊ ညာဘက်လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး ပြတ်ရှဒဏ်ရာများရခဲ့ပြီး မန္တလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရကြောင်း၊ ဖြစ်စဉ်ကြောင့် ကျပ်တစ်သိန်းနှစ်သောင်းခန့် ဆုံးရှုံးခဲ့ကြောင်း တိုင်ကြားသူ၏ ပြောကြားချက်ကိုကိုးကား၍ ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သီတာအေး၏ညီမဖြစ်သူ ဒေါ်သင်းနွယ်က တရားလိုပြုလုပ်တိုင်ကြားသည့်အတွက် စစ်ကိုင်းမြို့မရဲစခန်းက (ပ) ၁၉၃/၂၀၁၈ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၂/၃၂၆ ဖြင့် အမှုဖွင့်ပေးထားပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းနေပြီဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■

M-05

# ပုဂံဘုရားများပေါ် ပြန်တက်ခွင့်ပေးရန် စိစစ်

**မန္တလေး၊ မေ ၂**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအချို့ပေါ်သို့ ပြန်လည်တက်ရောက်ခွင့်ပြုရန် စိစစ်နေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

"ဘုရားငါးဆူပေါ်တက်ခွင့်ပြုဖို့ စိစစ်နေပါတယ်။ ဘယ်ဘုရားတွေဖြစ်မယ်ဆိုတာ ထိန်းသိမ်းရေးကျွမ်းကျင်ပညာရှင်တွေက ရွေးချယ်ပေးမှာပါ။ စက်တင်ဘာလလောက် ဖြစ်ဖို့များတယ်" ဟု ၎င်းက ပြောဆိုသည်။

ပုဂံဒေသရှိဘုရားများသည် နှစ်ကာလကြာမြင့်နေပြီဖြစ်ကာ ကြံ့ခိုင်မှုအားနည်းလာခြင်း၊ ငလျင်ဒဏ် အကြိမ်ကြိမ်ခံစားခဲ့ရခြင်း၊ အဂါရဝဖြစ်စေခြင်းတို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဘုရားများပေါ် တက်ရောက်ခွင့် ပိတ်ပင်ထားခဲ့သည်။

ယခင်က ရွှေဆံတော်၊ ပြာသာဒ်ကြီး၊ ဗူးလည်သီး၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သဗ္ဗညုတ စသည့် ပုဂံမျှော်စသည့် ဘုရားများပေါ်မှနေ၍ ရှုမျှော်ခင်းများ ကြည့်ရှုခွင့်ရခဲ့ရာမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက လှုပ်ခတ်ခဲ့သည့်ငလျင်ပြီးနောက်ပိုင်း ရွှေဆံတော်၊ တောင်ဂူနီ၊ မြောက်ဂူနီဘုရားတို့ပေါ်သို့ ပြည်တွင်းပြည်ပခရီးသွားများတက်ရောက်ခွင့်ရခဲ့ကြသော်လည်း လက်ရှိတွင်မည်သည့်ဘုရားများပေါ်သို့မျှ တက်ခွင့်မပေးတော့ဘဲ ကာရံထားခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မျက်နှာပြင်ကျယ်ပြန့်၍ အတွင်းကြောင်လိမ်လှေကားပါသော ထုထည်ခိုင်ခန့်သည့် ပြာသာဒ်ကြီး၊ ရှာဟောင်ကြီး၊ ထီးလိုမင်းလို၊ သဗ္ဗညု၊ ကန်တော့ပုလ္လင်ဘုရားများ၏ ပထမပစ္စယာပေါ်သို့ တက်ရောက်ခွင့်ပြုရန်နှင့် ပုဂံဘုရားများပေါ်တက်ခွင့် ပိတ်ပင်ထားခြင်းကို ပြန်လည်သုံးသပ်ပေးရန် ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က မန္တလေးတိုင်းအစိုးရအဖွဲ့ထံ ယခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့က တင်ပြထားခဲ့သည်။

"တက်ခွင့်ပြုသင့်တဲ့ဘုရား၊ ကြံ့ခိုင်မှုကောင်းတဲ့ဘုရားတွေပေါ်တော့ တက်ခွင့်ပြုသင့်ပါတယ်။ တို့နိုင်ငံကလည်း နိုင်ငံတကာဖိအားတွေရှိနေတော့ ခရီးသွားလုပ်ငန်းက ကျမယ်လို့ယူဆတယ်။ ဘုရားတွေပေါ်တက်ခွင့်ပြန်ပေးမယ်ဆိုရင်တော့ ခရီးသွားတွေကိုဆွဲဆောင်မှုတစ်ခုအနေနဲ့ ပြန်ယူတဲ့သဘောဖြစ်တာပေါ့" ဟု ပုဂံညောင်ဦးလမ်းညွှန်အသင်းနာယက ဦးခင်မောင်နုက ပြောကြားသည်။




ပြည်တွင်းပြည်ပခရီးသွားများ တက်ရောက်ခွင့်ပိတ်ထားသည့် ရွှေဆံတော်ဘုရား

လက်ရှိတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) အနေနှင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ပုဂံဒေသရှုခင်းများကြည့်ရှုနိုင်ရန် အရှေ့အိုးထိန်းကုန်း၊ အနောက်အိုးထိန်းကုန်း၊ ကိုမောက်ကန်ရှုခင်းကြည့်တောင်ကုန်း၊ ညောင်လက်ဖက်ကန်ရှုခင်းကြည့် တောင်ကုန်းနှင့် စူဠာမဏိ ကန်ရှုခင်းကြည့်တောင်ကုန်းတို့ တည်ဆောက်ပေးထားသည်။ ■ M-05

# မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် တောင်သူများ ဧက ၁၂,၀၀၀ ပူးပေါင်းစိုက်ပျိုးမည်

**မန္တလေး၊ မေ ၂**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအနေနှင့် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများနှင့် အကျိုးတူပူးပေါင်းကာ ဆီထွက်သီးနှံ ဧက ၁၂,၀၀၀ စိုက်ပျိုးရန်ရှိနေကြောင်း ယင်းအသင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မိုးမြေပဲ စိုက်ဧက ၁၀၀၀ စီ စတင်လုပ်ကိုင်မည်ဖြစ်ပြီး ဆောင်းမြေပဲဧက ၉၀၀၀ စိုက်ပျိုးသွားမည့်စီမံကိန်းကို ပြည်ထောင်စုအစိုးရထံ တင်ပြထားသည်ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးက ပြောကြားသည်။

၂၀၁၇ ခုနှစ်က စတင်ခဲ့သည့် ရွှေ့ပြောင်းစီမံကိန်းခြောက်ခုကို စမ်းသပ်ဆောင်ရွက်ပြီးနောက် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းကို ပြည်ထောင်စုအစိုးရထံ တင်ပြခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

"နိုင်ငံတော်အစိုးရကိုတင်ပြတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက နှုတ်အားဖြင့် သဘောတူခွင့်ပြုပေးထားတယ်" ဟု ဦးခင်စိုးက ရှင်းပြသည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအနေနှင့် တောင်သူများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် အစိုးရထံမှ ကျပ်ငါးဘီလီယံ တောင်းခံထားကြောင်း ယင်းအသင်းထံမှ သိရသည်။

ပူးပေါင်းဆောင်ရွက်သော တောင်သူများကို ငွေကြေးကူညီပေးမည် မဟုတ်ဘဲ စိုက်ပျိုးရေးအတွက် အပင်ပေါက်နှုန်းကောင်းသော မျိုးစေ့များ၊ အရည်အသွေးမီသည့်ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများသာ ပေးအပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ထားသည်။

စက်ကိရိယာများနှင့် စိုက်ပျိုးရေးပစ္စည်းများ ထောက်ပံ့ပေးမည်ဆိုပါက တောင်သူများရင်ဆိုင်နေရသည့် အခက်အခဲများ လျော့ကျသွားနိုင်ကြောင်း ပုဂံ-ညောင်ဦးဒေသမှ မြေပဲစိုက်တောင်သူ ဦးသောင်းက ပြောကြားသည်။

"တောင်သူလည်း မနစ်နာစေရအောင်၊ ကန်ထရိုက်ပေးမယ့် ဒီဘက်ကလည်း မနစ်နာရအောင် နိုင်ငံတကာမှာ အသုံးပြုနေတဲ့ အကျိုးတူစာချုပ်မျိုး စီစဉ်ပေးဖို့ဒုဝန်ကြီးကိုအကူအညီတောင်းထားပါတယ်" ဟု ဦးခင်စိုးက ထပ်လောင်းပြောဆိုသည်။

ယင်းစာချုပ်တွင် တောင်သူများ၏ တာဝန်ဝတ္တရားများနှင့် အသင်းကပံ့ပိုးပေးရမည့် တာဝန်ဝတ္တရားများကို အာမခံနိုင်သည့် အဆင့်ရောက်အောင် လုပ်ဆောင်ရန် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက စီစဉ်ထားသည်။ ■ M-08

# မိတ္ထီလာမြို့တွင်းလမ်းများ ကျပ်သိန်း ၂၅၀၀ ကျော်သုံး၍ အဆင့်မြှင့်မည်

**မိတ္ထီလာ၊ မေ ၂**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းများကို ကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံကာ အဆင့်မြှင့်တင် ပြုပြင်ပေးမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင်က ပြောကြားသည်။

"လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြထားပါတယ်။ ခွင့်ပြုချက်ကျတာနဲ့ လုပ်ငန်းစမယ်" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါလမ်းလုပ်ငန်းတွင် မြို့တွင်းလမ်း ၁၄ လမ်းအတွက် ကျပ်သိန်း ၂၀၀၀ ကျော် အသုံးပြုမည်ဖြစ်ပြီး မြို့တွင်းလမ်းများတွင် ရေစင်းခုံးကျော်တံတား (Box Culvert) ၃၂ စင်းတည်ဆောက်ရေးအတွက် ကျပ်သိန်း ၄၅၀ ကျော် အသုံးပြုသွားမည်ဟု ၎င်းက ရှင်းပြသည်။

မိတ္ထီလာမြို့နယ်တွင် စည်ပင်သာယာရေးဌာနက လုပ်ကိုင်ခွင့်ရှိသော လမ်းဖြတ် ၄၅၉ လမ်းရှိပြီး အရှည်အားဖြင့် ၁၀၈ ဒသမ ၇ မိုင် ရှိရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကွန်ကရစ်လမ်း ရှစ်လမ်း (၁၂,၉၀၀ ပေ)၊ ကတ္တရာလမ်း ၁၉ လမ်း (၂၃,၉၀၀ ပေ)၊ ကျောက်ချောလမ်း နှစ်လမ်း (၆၃၅၀ပေ)၊ ကျောက်ရောမြေလမ်း နှစ်လမ်း (၇၅၀၀ ပေ) ဆောင်ရွက်နိုင်ခဲ့ပြီး မြို့ခံများ၏ ထည့်ဝင်ငွေများဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း စည်ပင်သာယာရေးကော်မတီထံမှလည်း သိရသည်။ ■ R-01

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁

## BOOK GUIDE

# လူငယ်နှင့် အတွေးအမြင်

**တင်ညွန့်**




ဤစာအုပ်ကို ၂၀၁၁ ခုနှစ်က ‘ပထမအကြိမ်’ထုတ်သည်၊ ၂၀၁၂ ခုနှစ်တွင် ‘ထွန်းဖောင်ဒေးရှင်းစာပေဆု’ အဖြစ် (လူငယ်စာပေ) အတွက် ဆုချီးမြှင့်ခြင်းခံရသည်။ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်တွင် -

“ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သည့် စာရေးသူက အင်တာနက်ပေါ်မှ မိမိကြိုက်သော လူငယ်ဆိုင်ရာ ဆောင်းပါးများကို ရှာဖွေကိုးကားပြီး၊ မိမိအတွေ့အကြုံ အလေ့အလာများဖြည့်ဆည်းလျက်၊ လူငယ်တို့၏ အနာဂတ်ခရီးလမ်း သာယာလှပ လမ်းကြောင်းမှန်စေရန် စာနာစိတ်ဖြင့် ရေးသားပြုစုသည်ဟု ဖော်ပြသည်။ ခေတ်သစ် မြန်မာနိုင်ငံကို ဦးဆောင်တာဝန်ယူမည့် လူငယ်များအတွက် တစ်နည်းတစ်ဖုံ ခွန်အားဖြည့်စာစုများ ဖြစ်သည့်အပြင်၊ မြန်မာစာပေလောကတွင် လူငယ်များအတွက် ဖတ်ရှုဖွယ် စာအုပ်တစ်အုပ်အဖြစ် ဖြည့်စွက်သည့် အနေနှင့် ဆုအဖြစ် ရွေးချယ်ပါသည်” ဟု မှတ်ချက်ပြုထားသည်။

ယခု ၂၀၁၈ ခုနှစ်တွင် ဈေးကွက်၌ ပျောက်နေပြီဖြစ်သော ဤစာအုပ်ကို Wisdom House စာအုပ်တိုက်က ‘ဒုတိယအကြိမ်’ အဖြစ် ပြန်လည်ထုတ်ဝေထားသည်။

စာအုပ်ထဲတွင် ဆောင်းပါးပေါင်း ၁၇ ပုဒ် ပါဝင်သည်။ ဆောင်းပါးတိုင်းသည် လူငယ်တို့အတွက် ရည်ရွယ်ထားသည်ဖြစ်သောကြောင့် ‘လူငယ်နှင့်’ ဆိုကာ ရှေ့ခံပြီး လူငယ်နှင့် အောင်မြင်မှု၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် ခေါင်းဆောင်မှု စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ဆွေးနွေးတင်ပြထားသည်။

အောင်မြင်မှုတွင် အဘယ်ကြောင့် အောင်မြင်ခဲ့ရကြောင်း သဲလွန်စလေးများရှိနေတတ်ပါသည်။ ထိုသဲလွန်စကို ဆွဲထုတ်ပြီး ထိုလမ်းကြောင်းအတိုင်း လိုက်လျှင် အောင်မြင်ကောင်း အောင်မြင်နိုင်သည်။ မအောင်မြင်ရခြင်း တွင်လည်း မအောင်မြင်ရသည့် သဲလွန်စလေးများ ရှိနေတတ်သည်။ ထိုမအောင်မြင်သည့် အကြောင်းကို ဆွဲထုတ်နိုင်ပြီး လမ်းကြောင်းက သွေဖည်လိုက်လျှင် အောင်မြင်မှု လမ်းကြောင်းကို ရောက်ကောင်း ရောက်သွား နိုင်ပါသည်။

“အောင်မြင်မှုဆိုတာ လျှို့ဝှက်ချက်မဟုတ်ဘူး။ အခြေခံသဘောတရားတွေကလည်း သိပ်ပြီး အပြောင်းအလဲ မရှိဘူး။ မအောင်မြင်တာကို အောင်မြင်အောင် လုပ်နိုင်တယ်ဆိုတာ ပုံသေနည်းတစ်ခုလိုဖြစ်နေတယ်။ အောင်မြင်ချင်ရင် မအောင်မြင်တာတာတွေကို ရှောင်” (လူငယ်နှင့် အောင်မြင်မှု)

အောင်မြင်သူများသည် သာမန်ဝေဖန်မှုမျိုးတွေကို ဂရုစိုက်လေ့မရှိ။ လူတစ်ယောက်အောင်မြင်တော့မည် ဆိုလျှင် သို့မဟုတ် ထိပ်ရောက်တော့မည်ဆိုလျှင် ဆွဲချချင်သူတွေက ပေါ်လာသည်။ ထို့ကြောင့် ထိပ်ကို ရောက်လာသူများသည် အတော်လေး ကံကောင်းသူများဟုဆိုရမည်။ အောင်မြင်သူတစ်ယောက်ကိုတွေ့လျှင် ဘေးကထိုင်ပြီး ဘုပြောနေသူတွေ ရှိကောင်းရှိနိုင်သည်။ ထိုသူများကို ဂရုစိုက်နေစရာ မလိုပေ။

“ဝေဖန်သူတွေဆိုတာ တကယ်တော့ ဦးဆောင်နေသူတွေ၊ ဖန်တီးလုပ်ကိုင်နေသူတွေ မဟုတ်ဘူး။ ပန်းတိုင် ရောက်ခါနီးမှ အဲဒီဝေဖန်တာတွေကို ဂရုစိုက်ပြီး ဘေးထွက်မထိုင်လိုက်နဲ့” ဟု လမ်းညွှန်ပြချက်မှာ သဘောကျဖွယ်ရာဖြစ်သည်။

**(လူငယ်နှင့် အောင်မြင်မှု)**

လူသားတွင် ခေါင်းဆောင်မှုကိုလိုအပ်သည်။ ခေါင်းဆောင်မှု အဘယ်ကြောင့် လိုအပ်သနည်း။ လူသားတို့တွင် ပြဿနာများ ရှိနေသောကြောင့်ဖြစ်သည်။ ပြဿနာများဖြစ်လာလျှင် ထိန်းချုပ်နိုင်စွမ်းရှိသူများ လိုအပ်လာသည်။ လုပ်ဆောင်နိုင်စွမ်းရှိမည် ထင်သူကို ခေါင်းဆောင်အဖြစ် တင်မြှောက်တတ်ကြသည်။

“ခေါင်းဆောင်ဆိုတာ အခြေအနေ အရပ်ရပ်ကို ထူးခြားတဲ့ ဝေဖန်ပိုင်းဖြတ်နိုင်စွမ်းတွေနဲ့ ဦးဆောင်နိုင်သူတွေပါ။ အခြေအနေ အရပ်ရပ်တွေမှာ ပြဿနာတွေကို ခွဲခြမ်းစိတ်ဖြာမယ်၊ ဘာတွေ လုပ်ဆောင်ရမယ်ဆိုတာ အဆုံးအဖြတ်ပေးမယ်။ ငါ့နောက်ကလိုက် ဆိုပြီး ဦးဆောင်ခေါ်သွားမယ်။ ဒီလိုလူမျိုးတွေဟာ ခေါင်းဆောင်တွေ ဖြစ်နိုင်ပါတယ်”

**(လူငယ်နှင့် ခေါင်းဆောင်မှု)**

လူငယ်နှင့် မသိစိတ်၊ လူငယ်နှင့် စိတ်ဖွံ့ဖြိုးရေးဆောင်းပါးနှစ်ပုဒ်သည် လူငယ်များနှင့်ပတ်သက်ပြီး မိဘများရော ဆရာများပါ သိထားသင့်သည့် အချက်များဖြစ်ပါသည်။ ကလေးများကို ပြုစုပျိုးထောင်ရာ၌ ကလေးများ၏ စိတ်အနေအထား၊ သဘောတရားများကို ကောင်းစွာ နားလည်ထားရန်လိုပါသည်။ သူတို့ကို အဓမ္မလုပ်၍မရ။ သဘောပေါက်အောင်ရှင်းပြပြီး နားလည်အောင် ကြိုးစားခိုင်းဖို့လိုသည်။ အထူးသဖြင့် လူငယ်များနှင့် ဆက်ဆံရာ၌ လူကြီးများသည် မိမိတို့လည်း ဤဘဝကိုဖြတ်သန်းခဲ့ဖူးကြောင်း ကိုယ်ချင်းစာစိတ်ထားကြရန် အရေးကြီးသည်။

“တကယ်လို့ လူကြီးတစ်ယောက်ရဲ့ဆုံးမမှုတွေဟာ သူတို့အတွက် တရားမမျှတဘူးလို့ ထင်ရင် ဒါမှမဟုတ် မလိုက်နာသင့်ဘူးလို့ထင်သွားရင် သူတို့ဘက်ကနေ တံခါးတွေ ပိတ်သွားလိမ့်မယ်” **(လူငယ်နှင့် မသိစိတ်)**

လူငယ်နှင့်လိင်စိတ်၊ လူငယ်နှင့် အရွယ် (၁) (၂) တို့သည် အရွယ်ရောက်လာသည့် လူငယ်တို့အတွက် သတိထားရမည့် လိင်ပညာရေးအတွက် သတိထားစရာ၊ စိတ်ပညာအတွက် ဆင်ခြင်စရာ အသိပေး ပညာပေး ဆောင်းပါးများဖြစ်သည်။

‘မိသားစုက ပွင့်ပွင့်လင်းလင်းနဲ့ အသိပေးတာ၊ ပညာပေးတာတွေကြောင့် လူငယ်တွေအနေနဲ့ လျှပ်တစ်ပြက် ရင်ဆိုင်လာရဖွယ်ရှိတဲ့ ပြဿနာတွေကို ချက်ချင်းကောင်းကျိုး ဆိုးပြစ် ဝေဖန်ပိုင်းခြား တုံ့ပြန်နိုင်စွမ်းရှိပါလိမ့်မယ်။ အံ့ပုန်းစိတ်ဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာဖြစ်စေနိုင်တာကြောင့် မပွင့်လင်းမှုတွေကနေ ဖြစ်ပေါ်လာစေတဲ့ ပေါက်ကွဲမှုမျိုးဟာ ပိုမိုပြင်းထန်လာစေနိုင်တယ်” **(လူငယ်နှင့် လိင်စိတ်)**

လူငယ်တစ်ဦးကို စိတ်ဓာတ်ပြုပြင်ရန် အလွန်အရေးကြီးပါသည်။ စိတ်ဓာတ်ကိုပြုပြင်ရန်မှာ အလွန်သိမ်မွေ့ပြီး အနုပညာဆန်သည်။ အရေးအကြီးဆုံးမှာ အကောင်းမြင်စိတ်ထားမွေးတတ်ရန် အရေးကြီးသည်။ ဘာဖြစ်ဖြစ် အပြစ်ရှာနေသူတွေများနေသည့်လူ့ဘောင်တွင် အကောင်းမြင်၊ အကောင်းတွေးပြီး လူသားကောင်းကျိုး လုပ်ဆောင်နိုင်မှ လောကကြီးက သာယာတတ်ပါသည်။

“အကောင်းမြင်ချင်ရင် အကောင်းရှာတတ်သူ ဖြစ်ရမယ်။ ဘဝမှာ အကောင်းဘက်ကို စိတ်သန်နေသူဖြစ်ဖို့ လိုတယ်”

**(လူငယ်နှင့် အကောင်းမြင်စိတ်)**

စာရေးသူသည် ကျောင်းဆရာ တစ်ဦးဖြစ်ခဲ့သည့်အတွက် လူငယ်များကို ကောင်းစေချင်သည့် စေတနာများဖြင့် တပည့်များကို သာမက၊ မိဘများကိုပါ လူငယ်တွေအကြောင်း ဆင်ခြင်သင့်၊ နားလည်သင့်သည်များကို ဆွေးနွေးတင်ပြသည့် ပုံစံဖြင့် ရေးသားထားသည်။ တစ်အုပ်လုံးကို ပျင်းစရာ မကောင်းအောင် စကားပြောဖြင့် ရေးသားပြီး ဆွေးနွေးသလို လုပ်သွားခြင်းကပင် ထူးခြားပါသည်။

■ **စာကြမ်းပိုး**

## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး တတ်အားသရွေ့ကုသိုလ်ပြုချင်သူတွေအတွက် ခြေထောက်ခွဲစိတ်ဖို့ အကူအညီလိုနေတဲ့ မောင်ညီဇော်ကို ညွှန်းချင်ပါတယ်။ မောင်ညီဇော်ဟာ မွေးရာပါရောဂါဝေဒနာခံစားနေရတာမဟုတ်ဘဲ အသက်အရွယ်ကြီးလာမှ ခြေထောက်အောက်ပိုင်းကနေ အသားပိုအကြီးကြီးတွေ ထွက်လာတာဖြစ်ပါတယ်။ ဒ့ါအပြင် ဆင်ခြေထောက်ရောဂါဝေဒနာခံစားနေရတာမဟုတ်ဘဲ အသားပိုတွေက တဖြည်းဖြည်းကြီးထွားလာတာဖြစ်ပါတယ်။ မိဘတွေကလည်း ထားဝယ်မှာ နေထိုင်တာဖြစ်ပြီး မိသားစုကလည်း ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေရတာကြောင့် ခွဲစိတ်ဖို့ အခက်အခဲကြုံတွေ့နေရတာဖြစ်ပါတယ်။ တတ်အားသရွေ့ ခွဲစိတ်ဖို့လှူဒါန်းချင်တယ်ဆိုရင် ဖုန်း ၀၉-၄၅၀၀ ၂၉၀၈၁ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

# အစားအစာတွေကို အပူအအေးထည့်သုံးနိုင်မယ့် နှစ်ထပ်အိတ်

အပန်းဖြေထွက်တဲ့အခါတွေမှာပဲဖြစ်ဖြစ်၊ အားကစားလုပ်တဲ့အခါတွေမှာပဲဖြစ်ဖြစ် အစားအစာတွေကို ယူဆောင်သွားချင်သူတွေအတွက် အပူအအေးခံပါဝင်တဲ့ နှစ်ထပ်အိတ်လေးကို ညွှန်းချင်ပါတယ်။ ဒီအိတ်လေးက အပူအအေးနှစ်မျိုးလုံးကို အပူချိန်ထိန်းပေးနိုင်မှာဖြစ်ပြီး တစ်ချိန်တည်းမှာတော့ အပူ (သို့မဟုတ်) အအေး တစ်မျိုးမျိုးကိုပဲ ယူဆောင်နိုင်မှာဖြစ်တယ်လို့ရောင်းချသူကဆိုပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အစားအစာတွေကို ပူပူနွေးနွေးစားချင်တာပဲဖြစ်ဖြစ်၊ ရေအေးသောက်ချင်တာပဲဖြစ်ဖြစ် ထည့်သွင်းယူဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ အိတ်ရဲ့ဆိုဒ်အရွယ်အစားက 42 x 37 x 15 cm ရှိပြီး ဈေးနှုန်းက ၇,၉၀၀ ကျပ်ဖြစ်ပါတယ်။ အရောင်တွေက အမည်းရောင်၊ ပန်းရောင်၊ အစိမ်းရောင်နဲ့ အပြာရောင်တို့ရှိပြီး အွန်လိုင်းကနေမှာယူသူတွေအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် အခန်း ၁၀၂၊ ဗန္ဓုလကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ် ဖုန်း ၀၉-၇၉၉၆၃၂၆၁၁ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■





**ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေကလည်း အစိုးရနဲ့ တပ်မတော်ကိုခွဲထုတ်ပြီးနိုင်ငံအင်အား ချည့်နဲ့လာအောင် ဆောင်ရွက်နေတာလို့လည်း ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဘင်္ဂါလီအရေးကိစ္စ ဖြေရှင်းရာမှာ များစွာနောက်ကျနေတာကလည်း အဖြစ်မှန်များ ဖြေရှင်းရာမှာ အခက်အခဲများနဲ့ ကြုံတွေ့နေရသလို အင်အားကြီးနိုင်ငံများရဲ့ နိုင်ငံရေး၊ စီးပွားရေး ကစားကွက်မှာလည်း အသုံးချခံနေရပါတယ်။ ဘောလုံးကစားပွဲနဲ့ နှိုင်းယှဉ်ပါက မြန်မာနိုင်ငံအနေနဲ့ အိမ်ကွင်းဖြစ်ပါလျက် ခံစစ်နဲ့ ကစားနေရသည်နှင့် တူနေပါတယ်။**

**ကုလ**သမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်များအဖွဲ့ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ မြန်မာနိုင်ငံကိုလာရောက်ခဲ့ပြီး မေလ ၂ ရက်နေ့က ခရီးစဉ်ပြီးဆုံးပြီ ဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ လာရောက်စဉ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့တဲ့အခြေအနေတွေကို နှစ်နိုင်ငံစလုံးက ရှင်းပြ၊ လိုက်ပြကြတာ တွေ့ရပါတယ်။

ကိုယ်စားလှယ်အဖွဲ့ကို ရှင်းပြတာ၊ လိုက်လံပြသတာတွေလုပ်ဆောင်တဲ့နေရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကတော့ ကုလလုံခြုံရေးကောင်စီအဖွဲ့ဝင် သံတမန်အဖွဲ့တွေနဲ့ ဘင်္ဂါလီဒုက္ခသည်တွေ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှာ တွေ့ဆုံခဲ့ချိန် ရခိုင်အကြမ်းဖက်မှုအတွင်း ၎င်းတို့ရင်ဆိုင်ခဲ့ရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဒုက္ခသည်စခန်းအတွင်း အခက်အခဲတွေကို တင်ပြခဲ့တယ်လို့ဆိုပါတယ်။ ဒါ့အပြင် ဒုက္ခသည်စခန်းအသီးသီးက အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအပါအဝင် ဒုက္ခသည်တွေဟာ ဒုက္ခသည်စခန်းတွေမှာ နိုင်ငံသားအခွင့်အရေး အပြည့်အဝပေးဖို့ ကုလသမဂ္ဂဘက်က လုံခြုံရေးတာဝန်ယူပေးဖို့အပါအဝင် တောင်းဆိုချက် ၁၄ ချက်ပါတဲ့ စာတန်းတွေ ကိုင်ဆောင်ပြီး ဒုက္ခသည်စခန်းတစ်ဝိုက် လှည့်လည်တောင်းဆို ဆန္ဒပြခဲ့ကြတယ်လို့လည်း သိရပါတယ်။ ၎င်းတို့ရဲ့အခက်အခဲကို တရုတ်နဲ့ ရုရှားက ဆောင်ရွက်ပေးဖို့ကိုလည်း တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

ဘင်္ဂါလီများရဲ့ ပြောကြားချက်၊ တောင်းဆိုချက်များဟာ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် ဖိအားပေး တောင်းဆိုနေမှုတွေ၊ စွပ်စွဲချက်တွေနဲ့ ထပ်တူညီနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ထောက်ခံမှုပြုလုပ်နေတဲ့ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံကိုလည်း အကူအညီတောင်းဆိုခဲ့တာ တွေ့ရပါတယ်။ ၎င်းတို့ရဲ့ပြောကြားချက်၊ တောင်းဆိုချက်များကို သုံးသပ်ကြည့်ခြင်းအားဖြင့် မည်မျှအထိမျှော်မှန်း ဆောင်ရွက်နေသလဲဆိုတာကို မြင်ရမှာဖြစ်ပါတယ်။ ဘင်္ဂါလီများပြန်လာရေးမှာ တောင်းဆိုချက် ၃ ချက်ရမှ ပြန်လာမယ်လို့လည်း တောင်းဆိုခဲ့ပါတယ်။ တောင်းဆိုချက်များကတော့ -

(၁) မြန်မာဘက်မှာရှိတဲ့ ယာယီဒုက္ခသည်စခန်းမှာ မနေချင်ကြောင်း၊ ၎င်းတို့နေရပ်ရင်းကို တိုက်ရိုက်ပြန်ချင်ကြောင်း၊

(၂) NVC နိုင်ငံသားစိစစ်ရေးကတ်လုပ်ပေးမယ့် လုပ်ငန်းအစီအစဉ်အား အယုံအကြည်မရှိကြောင်း၊ ၎င်းတို့တွင် ယခင်ကတည်းက အချက်အလက်အထောက်အထားများ ရှိပြီးဖြစ်ကြောင်း၊ တချို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိပြီးဖြစ်ကြောင်း၊ ထို့အတွက် စိစစ်မှုကို လက်မခံလိုကြောင်း၊

(၃) လုံခြုံရေးနဲ့ပတ်သက်လို့ အာမခံချက်ကိုဖြည့်ဆည်းပေးရန် လိုလားကြောင်း တောင်းဆိုထားတာ တွေ့ရပါတယ်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံထဲက ထွက်ခွာလာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲ နေထိုင်သူဒုက္ခသည်တွေကို နေရပ်ပြန်ခေါ်ရေး မြန်မာကိုဖိအားပေးဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုရောက်နေတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သံတမန်တွေကို တောင်းဆိုခဲ့ပါတယ်။ ဒါဟာ လူသားချင်းစာနာကူညီမှုဆိုင်ရာပြဿနာနဲ့ လူ့အခွင့်အရေးကိစ္စပါလို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ၃ ရက်ကြာခရီးစဉ်အပြီး မြန်မာနိုင်ငံကိုမထွက်ခွာခင်ကလေးမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ကူဝိတ်သံအမတ်ကြီး Mansour al-Otaibi က သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ကုလလုံခြုံရေးကောင်စီအဖွဲ့ဝင် သံတမန်အဖွဲ့တွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသွားရောက်ချိန်မှာ ဘင်္ဂါလီဒုက္ခသည်များနဲ့ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တို့ကတော့ ၎င်းတို့လိုလားချက်များကို သရုပ်ဟန်ပါပါနဲ့ တောင်းဆိုခဲ့ကြသလို ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်လို့ မြန်မာနိုင်ငံအပေါ်ထောက်ခံနေတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်နဲ့ ရုရှားကိုပါ လှမ်းအကူအညီတောင်းလိုက်တာဟာ ယခုခရီးစဉ်ပေါ်ကနေ နည်းမျိုးစုံနဲ့ အမြတ်ထုတ်သွားတာကို မြင်တွေ့ရမှာပါ။ ဒုက္ခသည်များပြန်ရေးကိုလည်း ကူညီမယ်လို့ ကူဝိတ်သံအမတ်ကြီးက ပြောခဲ့ပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် သံတမန်အဖွဲ့ဟာ မြန်မာနိုင်ငံကို ဧပြီ ၃၀ ရက်နေ့မှာ ရောက်ရှိပါတယ်။ မေ ၁ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီနောက်မှာ ရခိုင်ပြည်နယ်ကိုသွားရောက်ကြည့်ရှုခဲ့ပြီး အရပ်ဘက်အဖွဲ့အစည်းများနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံကို UNSC ကိုယ်စားလှယ်အဖွဲ့ရောက်ပြီး တွေ့ဆုံဆွေးနွေးစဉ်မှာ အခက်အခဲအချို့ ရှိခဲ့တယ်လို့လည်း သိရပါတယ်။ မြန်မာဘက်ကရှင်းလင်းတာကို နားမထောင်ချင်တာမျိုးလည်း ရှိခဲ့ကြောင်းသိရပါတယ်။ မြန်မာဘက်ကတာဝန်ရှိသူများကတော့ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်လို့ဖြစ်စဉ်အခြေအနေမှန်များ၊ နိုင်ငံတကာမှ စွပ်စွဲချက်များ မမှန်ကန်မှုများ၊ လက်ရှိလုပ်ဆောင်ချက်၊ ဆက်လက်လုပ်ဆောင်မယ့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းများနဲ့တွေ့ဆုံချိန်မှာ ထူးခြားမှုလို့ ယူဆရမယ့် ရှင်းလင်းချက်တစ်ခုကို ဖတ်ရပါတယ်။ နိုင်ငံတကာအဖွဲ့စည်းကြီးများ၊ အင်အားကြီးနိုင်ငံကြီးများ စတဲ့ အဘက်ဘက်က နိုင်ငံတကာဖိအားများကို တာဝန်ရှိသူအသီးသီးက မိမိနိုင်ငံ၊ မိမိအချုပ်အခြာအာဏာ၊ မိမိပြည်သူများအတွက် အားလုံးဝိုင်းဝန်းလက်တွဲဖြေရှင်းနေချိန်မှာ ၎င်းအရပ်ဘက်အဖွဲ့အစည်းမှပုဂ္ဂိုလ်က မြန်မာပြည်မှာဖြစ်နေတဲ့ကိစ္စတွေက ပြဿနာတစ်ခုကို ပြေလည်မယ်ဆိုရင် ပြေလည်မှုကိုမလိုချင်တဲ့ အဖျက်သမားတွေက အခြေအနေပိုဆိုးလာအောင် သွေးထိုးလှုံ့ဆော်မှုတွေ လုပ်နေတာကို တွေ့ရကြောင်း၊ ပဋိပက္ခများမှ အမြတ်ထွက်နေသူများ၊ စစ်ပွဲများကနေပြီးတော့ ချမ်းသာကြွယ်ဝနေသူများ အဲဒီသူများရဲ့အန္တရာယ်ကို အရင်ဆုံးကိုင်တွယ်ရမည်ဖြစ်ကြောင်း၊ ပြီးတော့မှ ဖြစ်ပေါ်နေတဲ့ပဋိပက္ခများရင်းမြစ်ကို သေချာဆန်းစစ်ပြီးတော့ အချိန်ယူပြီးတော့ သေချာပြေလည်အောင် လုပ်ဖို့လိုအပ်တယ်လို့ ရှင်းလင်းခဲ့တယ်လို့ ဖတ်ရပါတယ်။ ဒီရှင်းလင်းချက်ကို ဖတ်ရတော့ အတော်ပဲအံ့ဩရပါတယ်။ ယခုလို ပြည်ပအင်အားကြီးများနဲ့ နိုင်ငံတော်အရေး ရင်ဆိုင်ဖြေရှင်းနေချိန်မှာ အချင်းချင်းစိတ်ဝမ်းကွဲမှုတွေကို ချပြရှင်းလင်းခဲ့တာ မယုံကြည်နိုင်လောက်ဘဲ ဖြစ်ရပါတယ်။ အဓိကရန်သူကို မခွဲခြားတတ်သရွေ့ မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ ဖြောင့်ဖြူးဖို့ ခက်ခဲနေပါဦးမယ်။ နိုင်ငံတော် အမှန်တကယ်အခက်အခဲ ရင်ဆိုင်လာချိန်မှာ အမှန်တကယ် ကျောချင်းကပ် ရင်ချင်းအပ်ပြီး ရင်ဆိုင်ကြရမှာက မြန်မာနိုင်ငံထဲက နိုင်ငံသားများ၊ တိုင်းရင်းသားများပဲ ဖြစ်တယ်ဆိုတာ မမေ့သင့်ဘူးလို့ ထင်ပါတယ်။ ယခုဖြေရှင်းနေရတာကလည်း ရခိုင်တိုင်းရင်းသားအရေးအတွက်၊ နိုင်ငံတော်အချုပ်အခြာအာဏာအတွက်၊ နိုင်ငံတော်နယ်မြေပိုင်ဆိုင်မှုအတွက် နိုင်ငံတကာနဲ့ရင်ဆိုင်နေကြရတာကို သတိပြုသင့်ပါတယ်။ အားလုံးလက်တွဲဖြေရှင်းရမယ့် ယခုလိုအချိန်မှာ အချင်းချင်းသွေးခွဲစကားတွေဟာ အလွန်အန္တရာယ်များလှပါတယ်။ မိမိရဲ့အားနည်းချက်ကို ရန်သူကို သတင်းပေးနေတာနဲ့ တူပါတယ်။ တစ်ဖက်နိုင်ငံက အခွင့်အရေးကို အမိအရအသုံးချနေချိန်မှာ မိမိတို့ကတော့ အခွင့်အရေးကို ဖြုန်းပစ်နေတယ်လို့ မြင်မိပါတယ်။

ဘင်္ဂလားဒေ့ရှ်ကတော့ UNSC ကိုယ်စားလှယ်အဖွဲ့လာရောက်ချိန်မှာ အကောင်းဆုံး အသုံးချ အမြတ်ထုတ်ခဲ့ကြတာ တွေ့ရပါတယ်။ ကိုယ်စားလှယ်အဖွဲ့ဝင်များရဲ့ပြောကြားချက်အရ UNSC အနေနဲ့လည်း ဒုက္ခသည်များပြန်လာရေးအတွက် နည်းလမ်းရှာပြီး ကူညီမယ်လို့ ပြောပါတယ်။ သို့သော်လည်း ဘင်္ဂါလီများရဲ့ တောင်းဆိုချက်များကို ကြည့်မယ်ဆိုရင် ပြန်လာရေးထက် နိုင်ငံသားဖြစ်ရေး၊ နယ်မြေရရှိရေးသာ အဓိကဖြစ်တာကို တွေ့ရမှာပါ။ ၎င်းတို့ တောင်းဆိုချက်မရသရွေ့ ဒုက္ခသည်များပြန်လာရေးဟာလည်း ခက်ခဲနေပါလိမ့်ဦးမယ်။

Human Rights Watch (HRW) ရဲ့ အမှုဆောင်ဒါရိုက်တာ Mr.Kenneth Roth က ပြည်တွင်းရှိ ဘင်္ဂါလီများကို နိုင်ငံသားဖြစ်ခွင့် မြန်ဆန်စွာရယူနိုင်ရေး လမ်းကြောင်းပေါ်တွင် မမြင်ရမချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရောက်ရှိနေတဲ့ ဘင်္ဂါလီများပြန်လာမည်မဟုတ်ဟု ဧပြီ ၂၇ ရက် ညနေ ၆ နာရီ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒီပြောကြားချက်ဟာ လုံခြုံရေးကောင်စီအဖွဲ့ဝင်များမလာမီ ၎င်းတို့ရဲ့မူလရည်ရွယ်ချက်ကို ကြိုတင်အသိပေးထားခြင်းလို့ မြင်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့တောင်းဆိုမှုတွေကို မြန်မာအစိုးရက ပိတ်ပင်တားဆီးမည်ဆိုပါက လက်နက်တင်သွင်းခွင့် ပိတ်ပင်ခြင်းနှင့် တပ်မတော်အရာရှိများကို စီးပွားရေးပိတ်ဆို့ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီက မြန်မာအစိုးရကို အချက်အလက်ရှာဖွေရေးအဖွဲ့ အထူးကိုယ်စားလှယ်တို့နှင့်ပူးပေါင်းရန်၊ လွတ်လပ်သော လေ့လာစောင့်ကြည့်သူများကိုခွင့်ပြုရန်နှင့် လုပ်ခဲ့သည်များကိုဝန်ခံရန် ဖိအားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် နိုင်ငံသားဖြစ်ခွင့်အားတိုတောင်းသောနည်းလမ်းနှင့်လုပ်ပေးရန်နှင့် မလိုအပ်ဘဲရှည်လျားသောနည်းလမ်းများမလုပ်ရန် လုံခြုံရေးကောင်စီဘက်က ဖိအားပေးသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တင်ပြတောင်းဆိုထားသည်များကို မြန်မာအစိုးရအနေနဲ့ အပြုသဘောဆောင်သောတုံ့ပြန်မှုမျိုးနဲ့တုံ့ပြန်မယ်လို့ မျှော်လင့်ကြောင်း၊ အကယ်၍ အစိုးရဘက်မှ ယင်းတို့ကို ဆက်လက်ပိတ်ပင်တားဆီးနေမည်ဆိုပါက လုံခြုံရေးကောင်စီဘက်မှ ပိုမိုဖိအားပေးရမည်ဖြစ်ကြောင်း၊ လူသားထုအပေါ်ကျူးလွန်သောပြစ်မှုများအတွက် တာဝန်ရှိသော တပ်မတော်အကြီးပိုင်းအရာရှိများကို စီးပွားရေးအရ ပိတ်ဆို့မှုများကို စဉ်းစားမည်ဖြစ်ကြောင်း၊ တပ်မတော်မှ လက်နက်တင်သွင်းမှုများကိုလည်း ပိတ်ပင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီက ရခိုင်ပြည်နယ်တွင်ဖြစ်နေသောကိစ္စများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပေးမှာဖြစ်ကြောင်း Mr. Kenneth Roth က ပြောကြားခဲ့ပါတယ်။ Kenneth ရဲ့ ပြောကြားချက်တွေကိုဖတ်ရင်း နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာနိုင်ငံကိုသိမ်းပိုက်ဖို့ ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စကို အကြောင်းပြုပြီး မဖြစ်နိုင်သည်များကို တစ်ဖက်သတ်တောင်းဆိုသလို တောင်းဆိုနေတာကို တွေ့ရပါတယ်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီလိုတစ်ဖက်သတ်တောင်းဆိုချက်တွေ၊ ဖိအားပေးမှုတွေကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး။

ပဋိပက္ခဖြစ်စဉ်များမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ ကျူးလွန်တာကြောင့် မြန်မာ့တပ်မတော်ကိုလည်း အမည်ပျက်စာရင်းသွင်းတဲ့ အစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဧပြီလ ၁၃

**စာမျက်နှာ 14 သို့**




**သင်္ကြန်** မတိုင်ခင်လေးမှာပဲ အညာဘက်ကို တစ်ခေါက် ရောက်ခဲ့ပြန်တယ်။ အကြောင်းက အညာမှာရှိစဉ် သင်ကြားခဲ့တဲ့ စာသင်ကျောင်းတစ်ကျောင်းက အာစရိယပူဇော်ပွဲ ဖိတ်ကြားခဲ့လို့ပါ။ ပူပြင်းလှတဲ့ အညာနွေကိုအန်တုပြီး အရောက်သွားဖြစ်ခဲ့ပါတယ်။ မိတ်ဟောင်းတွေနဲ့တွေ့ရလို့ ပျော်ရွှင်ကြည်နူး သလို ဆွေမျိုးသားချင်းတွေနဲ့လည်း တွေ့ခဲ့ရတာပေါ့။

ဒီတစ်ခေါက်မှာ အညာက ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ရယ်၊ အစ်မအရင်းဖြစ်သူရယ် နောက်တစ်ယောက်က ညီမဝမ်းကွဲဖြစ်သူတွေနဲ့ စကားပြောဖြစ်ခဲ့တယ်။ အကြောင်းက ကျန်းမာရေး။ သူတို့သုံးဦးစလုံး ခံစားနေရတာက ဆီးချို သွေးချိုရောဂါ။ အဲ့ဒါကြောင့်လည်း ဆီးချို သွေးချို ကို ဘယ်လိုတိုင်းတာစစ်ဆေးနေသလဲ မေးကြည့်တော့ တစ်ဦးက တစ်ပတ် တစ်ခါလောက်။ နောက်တစ်ဦးကတော့ တစ်လမှ တစ်ကြိမ်လောက် စစ်ကြ တာတွေ့ရတယ်။ ဆီးချိုဘယ်လောက်ရှိလဲ မေးကြည့်တော့ မနက်အစောမစားမီစစ်တာ (Fasting blood Sugar) ကို ၂၀၀ ကျော်နေတယ်။ ရှိသင့်တာက 120 mg အောက်။ သူတို့သောက်နေတဲ့ဆေးတွေကို တောင်းကြည့်မိပါတယ်။ ဆီးချိုကျစရာအကြောင်းမရှိ။

စာရေးသူက ဆရာဝန်တစ်ယောက် မဟုတ်ပါ။ ဒါပေမဲ့ ဇနီးဖြစ်သူက အင်ဆူလင်ထိုးနေတဲ့အဆင့်။ စာရေးသူမှာလည်း ဆီးချို သွေးချိုရှိတယ်။ ဒါပေမဲ့ သောက်ဆေးရယ်၊ အနေအထိုင် အစားအသောက်နဲ့ ပုံမှန်ထိန်းထားနိုင်ပါတယ်။ နှစ်ရက် သုံးရက်တစ်ခါ သွေးစစ်ကြည့်တယ်။ အတက်အကျပေါ်မှာ အစားအသောက်နဲ့ ဆေးကို ချင့်ချိန်စားရတယ်။ ပုံသေတစ်သမတ်တည်း စားနေဖို့တော့ မသင့်ဘူး။ အဲ့ဒီလို ပုံမှန်စစ်ဆေးစားသောက်မယ်ဆိုရင် ဆီးချို သွေးချိုရောဂါဟာ ထင်သလောက် စိုးရိမ်စရာမဟုတ်ပါဘူး။

ဒါပေမဲ့ ခုတွေ့ခဲ့တဲ့ မိတ်ဆွေရော သွေးသားရင်းချာတွေရောက ဆီးချို သွေးချိုနဲ့ပတ်သက်တဲ့ အသိပညာ ဗဟုသုတက နည်းလွန်းနေတယ်။ ဖြစ်လာနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေကိုလည်း တွေးဆမိကြဟန် မတူဘူး။ အဓိကအချက်က နယ်မှာဖြစ်နေတော့ ဆီးချို သွေးချိုနဲ့ပတ်သက်ပြီး အသိပညာပေးနိုင်တဲ့သူက နည်းတယ်။ စစ်ဆေးတိုင်းတာမှုတွေကို ပုံမှန်မလုပ်နိုင်ကြဘူး။ အသုံးပြုနေတဲ့ဆေးဝါးတွေက ထိရောက်မှုမရှိဘူး။ ပြီးတော့ သူပြောငါပြောဆေးတွေကို စမ်းကြည့်နေကြတယ်။ ဥပမာ- ကြက်သားကို သံပရာသီးနဲ့ ပေါင်းစား၊ ခရေရွက်၊ သင်္ဘောရွက်ပြုတ်သောက်နောက်ပြီး ရှိသေးတယ်။ ရှားစောင်းလက်ပပ်တို့၊ သရက်ရွက်နုတို့ ခွေးတောက်ရွက်၊ ကြောင်လျှာသီး စတာတွေကို ချက်စား၊ သုပ်စား စတာတွေပေါ့။ တကယ်တော့ ဒါတွေကလည်း မကောင်းတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အချိုးအစားမရှိ စားချင်သလို စားနေကြတာ။ ကြုံသလိုစားနေကြတာ။ ဒီတော့ ဆီးချိုကိုတိုင်းကြည့်ရင် အမြဲတက်နေတယ်။ တကယ်တော့ ဆီးချို သွေးချိုရောဂါဟာ နာတာရှည်ရောဂါတစ်မျိုးဖြစ်ပြီး မျိုးရိုးလိုက်တတ်ပါတယ်။ ဆေးပညာတိုးတက်လာလို့ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေတဲ့ ကူးစက်ရောဂါတွေကို ကာကွယ်ကုသနိုင်မှုတွေမှာ အောင်မြင်မှုရကြပါတယ်။ ဒါပေမဲ့ ကူးစက်ရောဂါကင်းပြီး အသက်ရှည်လာကြသူတွေမှာတော့ ဆီးချို သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ စတဲ့ မကူးစက်တတ်တဲ့ရောဂါဖြစ်ပွားမှုနှုန်းက တိုးတက်နေပါတယ်။ ၁၉၇၇ ခုနှစ် စစ်တမ်းအရ ကမ္ဘာ့လူဦးရေ ၁၃၅ သန်းက ဆီးချို သွေးချိုရောဂါခံစားနေရတယ်။ ခရစ်နှစ် ၂၀၂၅ ခုနှစ်မှာ သန်းပေါင်း ၃၀၀ ထိ ခန့်မှန်းထားပါတယ်။

တကယ်တော့ ဆီးချို သွေးချိုရောဂါဟာ တစ်ကြိမ်ကုသရုံနဲ့ မပျောက်ကင်းနိုင်ပါဘူး။ လူနာတွေအနေနဲ့ စိတ်ဓာတ်ကျတာ ဆေးကုသမှုမခံယူလိုတာတွေ ရှိတတ်ပါတယ်။ အဲဒ့ီလိုဆိုရင် ဝေဒနာရှင်အနေနဲ့ အသက်ဆုံးရှုံးတာ၊ နာတာရှည်သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ မျက်စိအာရုံကြောဝေဒနာ စတဲ့ နောက်ဆက်တွဲဆင့်ပွားရောဂါတွေ ခံစားရနိုင်ပါတယ်။ ဒီရောဂါတွေရဲ့အကျိုးဆက်က လုပ်အားဆုံးရှုံးတာ၊ စီးပွားရေးကျဆင်းတာ၊ လူမှုရေးဒုက္ခတွေ တွေ့ကြုံရတာတွေဖြစ်တတ်ပါတယ်။ ဒီရောဂါဟာ ပျောက်ကင်းအောင်မကုသနိုင်ပေမယ့် စနစ်တကျ နေထိုင်စားသောက်တာ ဆေးကုသမှုခံယူမယ်ဆိုရင် သက်တမ်းစေ့ ပျော်ရွှင်စွာနေနိုင်တဲ့ရောဂါပါ။

သို့သော်လည်း ဆီးချိုရောဂါနဲ့ ပတ်သက်ပြီး အသိပညာဗဟုသုတ နည်းလွန်းလှတာ တွေ့ရပါတယ်။ အစ်မပြောသူ ဆီးချိုမြင့်တက်မှုကို စာရေးသူကိုယ်တိုင် စားသောက်နေထိုင်ပုံနဲ့ ဆေးအညွှန်းအတိုင်း လေးငါးရက် စမ်းတိုက်ကြည့်လိုက်တာနဲ့ ဆီးချိုကျဆင်းသွားတာ တွေ့ရပါတယ်။ အဲ့ဒီအတိုင်း ပုံမှန်စားဖို့ မကြာခဏဆီးချို သွေးချို စစ်ကြည့်ဖို့ မှာခဲ့ရပါတယ်။ ညီမဝမ်းကွဲတစ်ယောက်ကတော့ ခုထိမကျသေးပါဘူး။ သူသောက်နေတဲ့ဆေးကိုလည်း ကြည့်ပါဦး မနက်မစားမီ ဆီးချိုနှစ်ရာကျော်နေတဲ့ သူက တစ်နေ့ကုန်သောက်တာမှ Metformin (500 gm) တစ်လုံးတဲ့။ ဘယ်လိုကျမလဲ စာရေးသူဆိုရင် တစ်နေ့ သုံးကြိမ်သောက်ရတယ်။ ဒါတောင်မကျလို့ Metformin ကို နေ့လယ် တစ်လုံးပဲသောက်ပြီး မနက်နဲ့ညတွေမှာ Treviamet (50/500 gm) နှစ်ကြိမ် ပြောင်းသောက်ဖို့ ပါရဂူကညွှန်တယ်။ အဲ့ဒီအတိုင်း အခုထိန်းထားနိုင်တယ်။ ဇနီးဖြစ်သူဆိုရင် အင်ဆူလင် ၂ကြိမ်ထိုး Metformin (1000 gm) အား တစ်နေ့သုံးကြိမ် တင်ကသေးလား။ အာရုံကြောဆေး၊ ကျောက်ကပ်ကို မထိအောင်သောက်ရတဲ့ဆေး၊ သွေးထိန်းဆေး စတဲ့ ဆေးကလေးငါးမျိုးလောက် သောက်ရသေးတယ်။ တကယ်တော့ အင်ဆူလင်ဟာ နောက်ဆုံးဆေး မဟုတ်ပါဘူး။ ကျောက်ကပ်မပျက်အောင် အဓိကလုပ်ဆောင်ပေးတာမို့ ကြောက်စရာမရှိပါဘူး။

> **ဆီးချို သွေးချိုရောဂါနဲ့ပတ်သက်ရင် နယ်တွေမှာ တွေ့မြင်ရတဲ့ အနေအထားအရတော့ စိုးရိမ်စရာပါ။ နေထိုင်စားသောက်မှုအနေနဲ့ အထူးပြောစရာမရှိပေမယ့် ဆေးကုသမှုအပိုင်းမှာ အတော်အားနည်းနေတာ တွေ့ရပါတယ်။ အဆင့်မီ ဆေးဝါးဝယ်ယူရရှိမှုကလည်း မရှိဘူး။ ခရိုင်မြို့ကြီးအထိ တက်ဝယ်မှ ရနိုင်တာရှိသလို အရည်အသွေးညံ့တဲ့ ဆေးဝါးတွေကိုလည်း သုံးနေကြတာတွေ့ရတယ်။**

ဆီးချို သွေးချိုရောဂါနဲ့ပတ်သက်ရင် နယ်တွေမှာ တွေ့မြင်ရတဲ့ အနေအထားအရတော့ စိုးရိမ်စရာပါ။ နေထိုင်စားသောက်မှုအနေနဲ့ အထူးပြောစရာမရှိပေမယ့် ဆေးကုသမှုအပိုင်းမှာ အတော်အားနည်းနေတာ တွေ့ရပါတယ်။ အဆင့်မီ ဆေးဝါးဝယ်ယူရရှိမှုကလည်း မရှိဘူး။ ခရိုင်မြို့ကြီးအထိ တက်ဝယ်မှ ရနိုင်တာရှိသလို အရည်အသွေးညံ့တဲ့ ဆေးဝါးတွေကိုလည်း သုံးနေကြတာတွေ့ရတယ်။

တစ်ပတ်က အညာမှာ ၂ပတ်နီးပါးကြာသွားတဲ့ ဇနီးသည်အနေနဲ့ စားဆေးရော ထိုးဆေးပါ ပြတ်သွားတယ်။ ထိုးဆေးက NOVO Mix၊ နယ်မြို့လေးတစ်မြို့က နာမည်ကြီးဆေးဆိုင်မှာ သွားဝယ်တယ်။ နမူနာဆေးကတ်တွေပြတယ်။ ဆိုင်ရှင်ပြောတာကို တအံ့တသြကြားခဲ့ရတယ်။ ဆေးဆိုင်ရှင်က “ဒါ ဆီးချိုဆေးတွေလား ဒီမှာမရနိုင်ဘူး။ ဒီလိုဆေးမျိုးပေးလည်း မပေးသလို သောက်သူလည်းမရှိဘူးတဲ့” အမှန်အတိုင်းကြားခဲ့ရလို့သာ ရေးလိုက်တာပါ။ တကယ် ဝယ်မရခဲ့ဘူး။ ဒါနဲ့ ခရိုင်မြို့ကြီးတစ်မြို့ကို ချက်ချင်းသွားပြီး ဝယ်ခဲ့ရတယ်။

ပြောချင်တာက ဘယ်သူ့ကိုယ်မှ ထိခိုက်ပြီးပြောချင်တာ မဟုတ်ပါဘူး။ တကယ်လက်တွေ့ဖြစ်နေတာကလည်း အဲသလို။ ဒီတော့ ရှိတဲ့ဆေးကိုညွှန်ပြီး တစ်နေ့တခြား ဆီးချို သွေးချိုတွေ တက်နေကြတော့တာပဲ။ ကြာရင် ဒုက္ခရောက်တော့မယ်။ အဲဒီလောက်များနေတဲ့ သကြားဓာတ်တွေကို ဘယ်လောက်ကောင်းတဲ့ ကျောက်ကပ်မျိုးက ဘယ်လောက်ကြာကြာများ တောင့်ခံနိုင်မှာလဲ။ ဆင့်ပွားရောဂါတွေဖြစ်တဲ့ သွေးတိုး၊ နှလုံး၊ အာရုံကြော၊ မျက်စိ စတာတွေပါ ပိုပြီးဆိုးဝါးလာရင် အခက်ပါပဲ။ ဆီးချို သွေးချိုတွေ မြင့်တက်နေရက်သားနဲ့ ဒီလိုပဲပေါ့ပေါ့သွား ပေါ့ပေါ့စားနေကြတာပဲ။ တစ်ခုတော့ အသိပေးခဲ့ပါတယ်။ သွေးစစ်ကြည့်ရမှာ မကြောက်ပါနဲ့။ စစ်ကြည့်စရာတွေ အများကြီးပါ။ ပြီးတော့ ကျွမ်းကျင်တဲ့ သမားတော်တွေနဲ့ပြပါ။ ညွှန်တဲ့ဆေးအတိုင်း သောက်ပါ။ တစ်သက်လုံး ပုံသေစွဲမသောက်ပါနဲ့။ တစ်လ တစ်ကြိမ်လောက်ပြပါ။ နောက်ပိုင်း ၃-၄ လမှာ တစ်ကြိမ်လောက် ပြရင်ရနိုင်တယ်။ ဒါမှ ဆေးအတိုးအလျှော့ လုပ်နိုင်မှာပါ။

ဒါကြောင့် နယ်ဘက်တွေမှာ ကျန်းမာရေး အသိပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိရောက်မှုရှိတဲ့လူထုလူများမှု ပုံစံတွေနဲ့ လှုပ်ရှားသင့်ပါတယ်။ ဆီးချို သွေးချိုနဲ့ ပတ်သက်ရင် ဝါရင့်သမားတော်ကြီးတွေ ရေးသားတဲ့စာအုပ်စာတမ်းတွေကလည်း အရောက်အပေါက်နည်းပါတယ်။ ထိရောက်တဲ့ ဆေးဝါးကုသမှုတွေနဲ့ စနစ်တကျကုသပေးနိုင်မယ်ဆိုရင် ရောဂါတိုးပွားနှုန်း လျော့ကျသွားနိုင်ပါတယ်။ အသိပညာ ဗဟုသုတ နည်းပါးမှု၊ ဆေးမြီးတိုနဲ့ အတိုင်းအဆမရှိကုသနေမှု၊ အဆင့်မီဆေးဝါးကောင်းတွေ ဝယ်ယူမရရှိမှု၊ လမ်းညွှန်ပေးမှုမရှိတဲ့အတွက် တစ်နေ့တခြား ရောဂါပိုဆိုးလာနိုင်ပါတယ်။ နိုင်ငံအနှံ့မှာ အင်ဆူလင်ထိုးရတဲ့အဆင့်တွေ တိုးလာနေတယ်။ ကျောက်ကပ်ထိခိုက်မှုတွေ တစ်စတစ်စများလာပြီး ကျောက်ကပ်ဆေးရတဲ့ အဆင့်အထိ ဖြစ်လာနေကြတယ်။ လူမှုဒုက္ခတွေအပြင် နာတာရှည်ရောဂါကြီးတွေရဲ့အန္တရာယ်က လျော့ကျနိုင်ဖို့အတွက် တရားမျှတတဲ့ကျန်းမာရေးစနစ်နဲ့ အသိပညာပေးကုသမှုတွေကို နေရာအနှံ့ ဖြစ်သင့်ပါကြောင်း စေတနာကောင်းနဲ့ တင်ပြလိုက်ပါရစေ...။

**■ခင်မောင်ငွေ (ပညာရေး)**

---

## စာမျက်နှာ 13 အမြတ်ထုတ်နိုင်ခဲ့ပါသလား မှအဆက်

ရက်နေ့က တင်သွင်းကြောင်းလည်း သိရပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေကလည်း အစိုးရနဲ့ တပ်မတော်ကိုခွဲထုတ်ပြီး နိုင်ငံအင်အားချည့်နဲ့လာအောင် ဆောင်ရွက်နေတာလို့လည်း ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဘင်္ဂါလီအရေးကိစ္စ ဖြေရှင်းရာမှာ များစွာနောက်ကျနေတာကလည်း အဖြစ်မှန်များ ဖြေရှင်းရာမှာ အခက်အခဲများနဲ့ ကြုံတွေ့နေရသလို အင်အားကြီးနိုင်ငံများရဲ့ နိုင်ငံရေး၊ စီးပွားရေး ကစားကွက်မှာလည်း အသုံးချခံနေရပါတယ်။ ဘောလုံးကစားပွဲနဲ့ နှိုင်းယှဉ်ပါက မြန်မာနိုင်ငံအနေနဲ့ အိမ်ကွင်းဖြစ်ပါလျက် ခံစစ်နဲ့ ကစားနေရသည်နှင့် တူနေပါတယ်။

လက်ရှိကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ OIC ရဲ့သြဇာမြင့်မားလာခြင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများက ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် မြန်မာနိုင်ငံကိုအသုံးချနေခြင်း၊ မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအရ အရေးပါနေခြင်း၊ မြန်မာမှာ နိုင်ငံရေးအကူးအပြောင်းဖြစ်နေခြင်း၊ မြန်မာနိုင်ငံရဲ့စည်းလုံးမှုအားလျော့နေခြင်း၊ ဘင်္ဂါလီဆိုင်ရာမူဝါဒများ အားနည်းခြင်းစတဲ့ အခြေအနေတွေကို အသုံးချပြီး ဘင်္ဂါလီများဟာ ၎င်းတို့ရဲ့ လိုလားချက်တွေကို ဆက်လက်တောင်းဆိုနေကြဦးမှာပါ။ အသားလိုလို့ အရိုးတောင်းနေတာဖြစ်လို့ အသားမရသရွေ့ပြဿနာဖြေရှင်းရေးဟာ ခက်ခဲနေဦးမယ်လို့ သုံးသပ်မိပါတယ်။ တစ်နည်းအားဖြင့် ကမ္ဘာ့အခြေအနေ၊ မြန်မာနိုင်ငံပြည်တွင်းရေး အခြေအနေကို အခွင့်ကောင်းယူနေကြဦးမှာပါ။ မြန်မာနိုင်ငံရဲ့ကစားကွက် ပြောင်းဖို့လိုအပ်နေပြီလို့ ယူဆမိပါတယ်။

**■ သိန်းထွန်း (IR)**

# Yangon Water Bus ၏ နေဝင်ချိန်ကြည့်ခရီးစဉ်

ခိုင်ချယ်ရီထွန်း

## “ညနေပိုင်း မြစ်ကြောင်းတစ်လျှောက် ရန်ကုန်မြို့ရဲ့ နေဝင်ဆည်းဆာအလှကို ခံစားနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်”

**ဦးငွေဖြိုးပိုင် (မန်နေဂျာ၊ တင့်တင့်မြန်မာကုမ္ပဏီ)**

Yangon Water Bus အနေနဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာ တွံတေး ရွှေဆံတော်ဘုရားခရီးစဉ်၊ ကျောက်တန်း ရေလယ်ဘုရားခရီးစဉ်ကို ဘုရားဖူးယာဉ်အဖြစ် နှစ်ထပ်သင်္ဘောနဲ့ ပြေးဆွဲပေးနေတာ ဖြစ်တယ်။ အခုထပ်ပြီးတော့ ညနေပိုင်း Sunset ခရီးစဉ်အဖြစ် ရန်ကုန်ပင်လယ်ဝအလှကို ကြည့်ရှုနိုင်မယ့် ခရီးစဉ်သစ်ကို ပြေးဆွဲပေးတာ ဖြစ်ပါတယ်။ ဒီခရီးစဉ်က သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တွေမှာ ပြေးဆွဲပေးမှာဖြစ်တဲ့ အပြင် အထူးခရီးစဉ်အဖြစ် အစိုးရရုံးပိတ်ရက်တွေ၊ နေ့ထူးနေ့မြတ်တွေမှာလည်း အလျဉ်းသင့်သလို ပြေးဆွဲပေးမှာ ဖြစ်ပါတယ်။ ညနေပိုင်း မြစ်ကြောင်းတစ်လျှောက် ရန်ကုန်မြို့ရဲ့ နေဝင်ဆည်းဆာအလှကို ခံစားနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဗိုလ်တထောင်ဆိပ်ကမ်းက စတင်ထွက်ခွာမှာ ဖြစ်တယ်။ အချိုရည်နဲ့ သရေစာမုန့်တွေ အပါအဝင် ပြည်တွင်းခရီးသည်တစ်ဦး ၃၀၀၀ ကျပ်၊ နိုင်ငံခြားသားတစ်ဦး အမေရိကန်ဒေါ်လာ ၅ ဒေါ်လာကျသင့်မှာဖြစ်ပါတယ်။ Water Bus ဆိပ်ကမ်းမှာ လက်မှတ်ဝယ်နိုင်သလို YWB Page Messenger မှာလည်း နံနက် ၇ နာရီက ည ၇ နာရီအတွင်း ဘွတ်ကင်လုပ်နိုင်ပါတယ်။ ■

## “တစ်ခေါက်စီးမှ သုံးထောင်ပဲရှိတာဆိုတော့ စီးပျော်တယ်”

**ကိုငြိမ်းဝေ (ခရီးစဉ်အတွင်း လိုက်ပါစီးနင်းသူ)**

ဒီနေဝင်ချိန်ကြည့်သင်္ဘောကိုအစ်ကိုကစီးမယ်လို့ ခေါ်တာရယ်၊ ကိုယ်တိုင်လည်း တစ်ခါမှမစီးဖူးသေးတဲ့အတွက် လာပြီးစီးဖြစ်သွားတာပါ။ နောက် အလုပ်က လူတွေတော်တော်များများလည်း သွားစီးနေကြတာဆိုတော့ စီးကြည့်ချင်တာနဲ့ စီးဖြစ်သွားတာပါ။ သူတို့က ရန်ကုန်မြစ်ဝအထိ ရောက်တယ်၊ သွားစီးကြည့်၊ ပျော်ဖို့ကောင်းတယ်ဆိုပြီးပြောတယ်။ အခု ကျွန်တော်စီးကြည့်တော့လည်း ကောင်းပါတယ်။ တစ်ခေါက်စီးမှ သုံးထောင်ပဲ ရှိတာဆိုတော့ စီးပျော်တယ်။ အခု စီးဖြစ်သွားတာကလည်း ကြိုတင်ဘွတ်ကင်လုပ်ထားတဲ့ သူတွေထဲက မလာဖြစ်တော့လို့ ကျွန်တော်တို့ရတာ။ သင်္ဘောကသေးတဲ့အတွက် နည်းနည်းခါတာလေးတော့ရှိတယ်။ လက်မှတ်ခလည်း ဈေးသိပ်မကြီးတဲ့အတွက် နောက်အခေါက်တွေလည်း သူငယ်ချင်းတွေနဲ့ လာစီးချင်ပါသေးတယ်။ အခုမှ ပြေးဆွဲတာရယ်၊ အခုက လှိုင်းနည်းနည်းရှိနေတဲ့အတွက် ပင်လယ်ဝအထိမသွားဘဲ ရန်ကုန်မြို့နားတစ်ဝိုက်ပတ်စီးရတာဆိုတော့ ပင်လယ်ဝဘက်ကို ထပ်စီးကြည့်ချင်သေးတယ်။ နောက်တစ်ခုက မိသားစုနဲ့လာစီးရတာထက် သူငယ်ချင်းတွေနဲ့လာစီးရတာ ပိုပျော်ဖို့ကောင်းမယ်လို့ ထင်ပါတယ်။ ■


ဓာတ်ပုံ - ချယ်ရီ

## “ဒီလိုမျိုးလေး သဘာဝလေလေးရှူပြီး သင်္ဘောပတ်စီးရတာ ပိုပြီးစိတ်အပန်းပြေတယ်လို့ ခံစားရတယ်”

**မအေးမြတ်မြတ်ဖြိုး (ခရီးစဉ်အတွင်း လိုက်ပါသူ)**


ဓာတ်ပုံ - ချယ်ရီ

ဒီသင်္ဘောအကြောင်းကိုသူငယ်ချင်းနှစ်ယောက်က Facebook မှာတွေ့တယ်။ ဒါကို သူငယ်ချင်းအချင်းချင်း Mention ခေါ်ပြီး ဒီအားလပ်ရက် သွားစီးကြမလားနဲ့ အဖော်ညှိရင်း သူငယ်ချင်းတွေအဖွဲ့လိုက် လာစီးဖြစ်သွားတာပါ။ ပြောမယ်ဆိုရင် ရန်ကုန်မှာက ဒီလိုအစီအစဉ်လေးတွေက ရှားတယ်လေ။ ပေးရတဲ့ဈေးကလည်း သုံးထောင်ဆိုတော့ ဈေးလည်းသက်သာတယ်။ အခုလာစီးကြည့်တာတော့ ပျော်စရာကောင်းတယ်။ အားနည်းချက်ကကျတော့ အစားအသောက်ပေါ့နော်။ သူတို့သုံးတဲ့ ခွက်တွေက တစ်ခါသုံးခွက်တွေဖြစ်တဲ့အတွက် သင်္ဘောတစ်ခေါက်တစ်ခေါက်ဆို အမှိုက်တွေ အများကြီးထွက်မယ်။ အဲဒီအတွက် ပတ်ဝန်းကျင်ညစ်ညမ်းတယ်။ ဒါတော့ ပြင်လို့ရရင် ပြင်စေချင်ပါတယ်။ ပလတ်စတစ်ခွက်တွေ၊ ဖော့ဘူးတွေအစား စက္ကူဘူးလေးတွေ အစားထိုးပေးမယ်ဆို ပိုပြီးကောင်းမယ်လို့ အကြံပေးချင်ပါတယ်။ နောက်အားသာချက်က ရန်ကုန်မြို့ထဲမှာပဲနေပြီး Shopping Mall တွေပတ်လိုက်၊ မုန့်တွေစားလိုက်နဲ့ စာရင် ဒီလိုမျိုးလေး သဘာဝလေလေးရှူရတာ ပိုပြီးစိတ်အပန်းပြေတယ်လို့ ခံစားရတယ်။ ပြီးရင် တစ်နေရာတည်းမှာပဲ လူတွေလည်းစုပြီး စကားပြောဖြစ်တယ်။ သဘာဝအလှတွေကို ခံစားလို့ရတဲ့အတွက် ဒီလိုလေးတွေ လုပ်ပေးထားတာ သဘောကျပါတယ်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price –Kyats(Lakh) |
|---|---|---|---|
| 1 | Suzuki Ciaz | 2018 | Over 248(+Tax) |
| 2 | Suzuki Ertiga | 2018 | Over 233(+Tax) |
| 3 | KIA Sorento(GT Line) | 2018 | Over 875(US 65,000) |
| 4 | Volvo XC 90 | 2016 | 1250-1450 |
| 5 | Mazda 6 | 2017 | 748(US55500,+Tax) |
| 6 | Toyota Ractis | 2010-11 | 175 to 220 |
| 7 | Honda Fit | 2011-12 | 160 to 190 |
| 8 | Hijet | 2006-11 | 90-120 |
| 9 | Royal Saloon | 2004 | 430 |
| 10 | Toyota Wish | 2003-2006 | 250-310 |
| 11 | Cadillac | 2017 | About 1300-1400 |
| 12 | Toyota Vanguard | 2006 | 550 |
| 13 | Kluger | 2003-2006 | 350-500 |
| 14 | Honda Fit Shuttle | 2012-13 | 210 to 280 |
| 15 | Alphard | 2007 | 720 |

မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## Jokes

### ပိန်မယ့်ဆေး

“ဒေါက်တာရယ်။ ကျွန်မ တစ်နေ့တခြား ဝလာတယ်ရှင့်”
“အားကစား လိုက်စားပါ”
“အိမ်ကနေ အလုပ်၊ အလုပ်ကနေ အိမ်၊ နေ့စဉ် အသွားအပြန် ကျွန်မ ခြေလျင် လျှောက်နေတာပါ ဆရာရယ်”
“ခြေလျင် ဟုတ်လား။ ခင်ဗျားဗျာ။ ဘတ်စ်ကား စီးကြည့်လိုက်စမ်းပါ” ■ E-11

### မာစီးဒီးကား စီးချင်တယ်

မိမိထိုးလာသော ထီလက်မှတ်များကိုပြပြီး ဇနီးသည်ဖြစ်သူက ခင်ပွန်းသည်ကို ပြောလိုက်သည်။
“ထီပေါက်ရင် မာစီးဒီးကား ဝယ်စီးမယ် တော်ရေ”
ခင်ပွန်းဖြစ်သူက အရွှန်းဖောက်ကာ ပြန်မေးလိုက်သည်။
“တကယ်လို့များ မပေါက်ခဲ့ရင်ရောကွာ”
ဇနီးသည်ဖြစ်သူက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။
“အဲလိုဆိုရင်တော့ ရှင်ဝယ်ပေးရမှာပေါ့” ■E-11

### မရှာပါဘူး

“မိန်းမရေ။ မနေ့ညက ငါအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ တကယ့်နိုင်ငံခြားက ကားပြပွဲကြီးတစ်ခုထဲကို မင်းနဲ့ငါရောက်နေတယ်တဲ့ကွ။ တကယ့်ကို အလန်းစားကားတွေမှ အများကြီးပဲ။ အဲဒီမှာ ရုတ်တရက်ဆိုသလို ကားပြပွဲကြီးထဲမှာ ငါ့မျက်စိအောက်ကနေ မင်းပျောက်သွားပါလေရောလား။ ငါတော်တော်လေးကို စိတ်ပူသွားမိတာကွ”
“အဲဒီနောက် ရှင်လိုက်ရှာတော့ ကျွန်မကို ပြန်တွေ့ရော မဟုတ်လား”
“မင်းကို လိုက်ရှာတယ်လို့များ ငါပြောမိသလားကွာ” ■E-11

The Voice Daily
လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ရန်ကုန် -၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# Fordနဲ့ Chryslerတို့ရဲ့ ပွဲကိုင်ရှင်

ဟိန်းမြတ်စိုး

**ကား**တွေရဲ့အကြောင်းပဲပြောနေလို့ စာဖတ်ပရိသတ်ကြီး ငြီးငွေ့သွားရအောင် ဒီတစ်ပတ်အတွက် တော့ နာမည်ကျော်ကားတွေကို ဖန်တီးခဲ့သူအကြောင်း ကို ဖော်ပြပေးမှာဖြစ်ပါတယ်။ သူကတော့ အမေရိကရဲ့ ကမ္ဘာကျော်ကားကုမ္ပဏီကြီးတွေဖြစ်တဲ့ Ford နဲ့ Chrysler ပွဲကိုင်ရှင်ကြီး (ဥက္ကဋ္ဌ) Lee Iacocca (လီအိုင်ယာကော့ကာ) အကြောင်းပဲ ဖြစ်ပါတယ်။ Ford လို့ပြောလိုက်တာနဲ့ တော်တော်များများက Henry Ford ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကိုပဲ ပြေးမြင်မိတတ်ကြပါ တယ်။ သူ့လိုပဲ Ford ကိုကမ္ဘာကျော်စေခဲ့တဲ့ တီထွင်သူ ပညာရှင်ကြီးတစ်ဦး ရှိနေပါသေးတယ်ဆိုတဲ့ အနေနဲ့ အိုင်ယာကော့ကာ အကြောင်းကို တင်ပြပေးလိုက်ပါရစေ။

## အိုင်ယာကော့ကာ ကောက်ကြောင်း

အိုင်ယာကော့ကာကို အမေရိကန်ပြည်ထောင်စုရဲ့ ပင်ဆယ်ဗေးနီးယားပြည်နယ် အယ်လင်တောင်းမြို့မှာ ၁၉၂၄ အောက်တိုဘာလ ၁၅ ရက်နေ့မှာ မွေးဖွားပြီးတော့ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ Bel Air မှာနေထိုင်ခဲ့ပါတယ်။ ခေသူတော့ မဟုတ်ပါဘူး။ ဇနီးသုံးယောက်အထိ ရှိခဲ့ပြီးတော့ သားသမီး ၂ ယောက်ရှိပါတယ်။ သူရဲ့ပညာရေးကတော့ Leigh တက္ကသိုလ်နဲ့ Princeton တက္ကသိုလ်တွေကနေ ဘွဲ့ရခဲ့ပါတယ်။ အိုင်ယာကော့ဟာ တကယ့်အမေရိကန်နိုင်ငံသားစစ်တော့ မဟုတ်ပါဘူး။ အီတလီနွယ်ဖွား တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့မူလဇာတိက အီတလီနိုင်ငံ နေဘယ်မြို့နားက ကန်ပန်နီးယားမြို့နယ်၊ စန်မာကိုမြို့ဖြစ်ပါတယ်။ သူ့ရဲ့အဖေ နီကိုလာ အိုင်ယာကော့ကာက သူ့အသက် ၁၂ နှစ်သားအရွယ် ၁၉၁၂ မှာ အမေရိကန်ပြည်ထောင်စုကိုစရောက်ခဲ့တာဖြစ်ပါတယ်။

## Ford ကားကုမ္ပဏီကို စတင်ဝင်ရောက်ခြင်း

ပရင်တန်တက္ကသိုလ်ကနေ ၁၉၄၆ ခုနှစ်မှ မဟာသိပ္ပံဘွဲ့ရခဲ့ပြီးနောက် ဒက်ထရွိုက်မြို့မှာ ရုံးချုပ်အဖြစ် အခြေစိုက်ထားတဲ့ Ford ကားကုမ္ပဏီမှာ အလုပ်သင်အင်ဂျင်နီယာတစ်ယောက်အဖြစ် ဝင်လုပ်ခဲ့ပါတယ်။ အလုပ်ဝင်ခါနီး ကော့ကာခံယူချက် 'ကျွန်ုပ်ကို သဘောတရားနဲ့ နားမချပါနဲ့၊ ကျွန်ုပ်သည် အသက် ၂၅ နှစ်ပြည့်ချိန်မှာ တစ်နှစ်ကို ဒေါ်လာ တစ်သောင်းဝင်ငွေရှိနေရပါမယ်။ အဲဒီနောက် သန်းကြွယ်သူဌေးဘဝကို ခံယူနိုင်အောင်ကြိုးစားမယ်။ ကျွန်ုပ်အတွက် တက္ကသိုလ်ဘွဲ့အဆောင်အယောင်များဟာ တန်ဖိုးမရှိ။ ငွေသာလျှင် ပဓာနပဲဖြစ်တယ်' လို့ သန္နိဋ္ဌာန်ချထားခဲ့ပါတယ်။ ကော့ကာဟာ ၁၉၅၆ ခုနှစ်မှာ ချက်စ်တာမြို့ စိန့်ရောဘတ်ဘုရားကျောင်းမှာ သူ့ပထမဇနီး မေရီနဲ့ လက်ထပ်ခဲ့ပါတယ်။ သူဟာ တဖြည်းဖြည်းနဲ့ ကားလုပ်ငန်းရဲ့စီမံခန့်ခွဲမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်မှုကဏ္ဍတွေကို ကျွမ်းကျင်လာခဲ့ပါတယ်။ အဲဒီလိုနဲ့ အဆင့်ဆင့်ရာထူးတိုးတက်လာခဲ့ရာကနေ ၁၉၇၀ ပြည့်နှစ်မှာ Ford ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌရာထူးကို ရရှိခဲ့ပါတယ်။ အဲဒီလိုရာထူးမြင့်လာတဲ့ ကော့ကာဟာ ဂုဏ်သရေရှိ အပေါင်းအသင်းတွေလည်း များပြားလာခဲ့ရာ သူ့အပေါင်းအသင်းမိတ်ဆွေတွေထဲမှာ အမေရိကန်ကာကွယ်ရေး ဝန်ကြီးဟောင်း မက်နာရာမာတောင် ပါဝင်ခဲ့ပါတယ်။

အဲဒီနောက် သူဟာ ၁၉၇၀ ခုနှစ်ထဲမှာပဲ ရာထူးတိုးခဲ့ပြီး Ford ကုမ္ပဏီရဲ့ဥက္ကဋ္ဌရာထူးကို ရရှိခဲ့ပါတယ်။ သူဥက္ကဋ္ဌဖြစ်အပြီး အီတလီကအမျိုးတွေ သူ့ရုံးခန်းကိုရောက်လာချိန်မှာတော့ ကော့ကာဟာ အရှင်လတ်လတ်နဲ့ နတ်ဘုံ နတ်နန်းကို ရောက်သွားတယ်လို့ ချီးကျူးခဲ့ကြပါတယ်။

## ကော့ကာရဲ့ ကမ္ဘာကျော်ကား

ကော့ကာလို့ ပြောလိုက်တာနဲ့ မက်စ်တန်း (Mustang)ရဲ့ ဖခင်လို့ အားလုံးသိကြပါတယ်။ သူဟာ စက်မှုအင်ဂျင်နီယာတစ်ယောက်ပီပီ ကားပုံစံ တီထွင်ရာမှာ သူမတူအောင် ထူးချွန်တဲ့အလျောက် ကားလောကကို ထုံးလိုမွှေ ရေလိုနှောက်လာနိုင်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲ Ford ရဲ့နာမည်ကျော် Mustang ဆိုတဲ့ကားတစ်စီးကို ပုံစံထုတ်ပေးနိုင်ခဲ့ပြီး Mustang ရဲ့ ဖခင်ဖြစ်လာခဲ့ပါတယ်။

## Mustang ဖြစ်ပေါ်လာပုံ

Mustang ရဲ့အဓိပ္ပာယ်က အမေရိကန်ပေါက်မြင်းရိုင်းတစ်မျိုးရဲ့နာမည်ဖြစ်ပါတယ်။ အဲဒီမြင်းရိုင်းမျိုးတွေဟာ ကျယ်ပြန့်တဲ့မြေပြန့်လွင်ပြင်တွေမှာ ကျက်



စားပြီး အမေရိကန်ဇီဇသတ္တိကို ဖော်ညွှန်းတယ်လို့ ဆိုပါတယ်။ ကော့ကာဟာ ဒီကားအမျိုးအစားကို လူငယ်ထုကို ရည်ရွယ်ပြီးတော့ အချက်သုံးချက်နဲ့ ထုတ်လုပ်ခဲ့တာပါ။ (၁) တက်ကြွ ဆန်းကြယ်ရမယ်၊ (၂) ဈေးသက်သာရမယ်၊ (၃) တောင်းတင်းကြံ့ခိုင်ပြီး စက်စွမ်းအားကောင်းရမယ်ဆိုတဲ့ အချက်သုံးချက်ချပြီး ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီလိုကြောင့်ပဲ ဒီနေ့အချိန်ထိ ကမ္ဘာမှာ Mustang ကားအမျိုးအစားတွေဟာ နာမည်ကျော်လူကြိုက်များနေဆဲ ဖြစ်ပါတယ်။

Mustang ကားပေါ်က မြင်းပြေးနေတဲ့ ပုံတံဆိပ်ဟာ **လက်ယာရစ်ပြေးနေတဲ့ပုံနေပြီး** အမေရိကန်မြင်းပြိုင်ကွင်းတွေရဲ့ မြင်းပြေးလမ်းကြောင်းဟာ လက်ဝဲရစ်ဖြစ်နေလို့ လူအများက မြင်းပြောင်းပြန်ပြေးနေတယ်ဆိုပြီး ဝေဖန်ကြပေမယ့် ကော့ကာကတော့ ဒါကို မြင်းရိုင်းမို့ စိတ်ထင်ရာပြေးနေတာပါလို့ ဖြေရှင်းချက်ပေးခဲ့ပါတယ်။ တကယ်တမ်း Mustang ဈေးကွက်ထဲရောက်တဲ့အချိန်မှာ ကော့ကာမျှော်မှန်းတာထက် အောင်မြင်မှုတွေ ရခဲ့ပါတယ်။ ဒီအထဲမှာမှ မှတ်သားစရာတစ်ခုက Mustang ဆိုတဲ့နာမည်ကို ပေးဖြစ်ခဲ့ပုံပါ။ ဒီနာမည်မပေးခင် ကော့ကာဟာ သူ့ရဲ့ကားအမျိုးအစားကိုနာမည်ပေးဖို့ရွေးတဲ့အချိန်မှာ ပထမက ကူးဂါး ဒါမှမဟုတ် တိုရင်နိုဆိုပြီး နှစ်ခုထဲက တစ်ခုကို ရွေးဖို့စီစဉ်ခဲ့ကြတာပါ။ နောက်ဆုံး တိုရင်နိုဆိုတဲ့ အီတလီနာမည်ကို ရွေးဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် Ford ရဲ့အကြီးအကဲ ဟင်နရီဖို့ဒ်ဟာ အီတလီသူ တစ်ခုလပ်မိန်းမတစ်ယောက်နဲ့ တွဲခုတ်နေလို့ ကားအသစ်ကို အီတလီနာမည်မပေးအောင် ဟင်နရီဖို့ဒ်အမျိုးတွေက ဖိအားပေးခဲ့တာကြောင့် Mustang လို့ ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။

## Mustang ရဲ့ ရောင်းအား

၁၉၆၄ ခုနှစ် မတ်လမှာ Mustang ထုတ်လုပ်မှုပြီးစီးခဲ့ပါတယ်။ အဲဒီနောက် ဧပြီ ၁ ရက်နေ့မှာ ကားစရောင်းတော့ ဝယ်သူတွေကြိတ်ကြိတ်တိုး စည်ကားလွန်းလို့ ပရိသတ်ကိုမထိန်းနိုင်ခဲ့တဲ့အတွက် အရောင်းပြခန်းကို ပိတ်လိုက်ရတဲ့အထိပါပဲ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဖို့ဒ်အရောင်းပြခန်းတွေကို လူဦးရေ လေးသန်းအထိ လာရောက်ကြည့်ရှုခဲ့တဲ့ မှတ်တမ်းကိုလည်း ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ ကော့ကာရဲ့အားထုတ်မှုကြောင့် Mustang ဟာ ထင်ထားတာထက် အဆပေါင်းများစွာပိုမိုအောင်မြင်ခဲ့သလို နောက်ထပ်ထုတ်ခဲ့တဲ့ Mark 3 နဲ့ 4 ကားအမျိုးအစားတွေဟာလည်း ဆက်လက်အောင်မြင်ခဲ့ပါတယ်။

## ဖို့ဒ်ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံရခြင်း

အတက်အကျရှိတဲ့ လောကဓမ္မတာအတိုင်း အမြင့်ဆုံးရာထူးအထိရခဲ့တဲ့ ကော့ကာအတွက် ရှေ့တက်စရာ လမ်းမမြင်တော့လို့ ကျဆင်းဖို့အရေးကြုံလာတဲ့ အခါမှာလည်း ဘဝပျက်မတတ်ဖြစ်ခဲ့ရပါတယ်။ ကော့ကာဟာ ၁၉၇၈ ခုနှစ် ဇူလိုင်လ သူ့အသက် ၅၄ နှစ်အရွယ်မှာ ဖို့ဒ်ကားကုမ္ပဏီ ဥက္ကဋ္ဌရာထူးကနေ ရုတ်တရက်ဖယ်ရှားခံခဲ့ရပါတယ်။ သူဟာ ဖို့ဒ်ကုမ္ပဏီမှာ ၃၂ နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဥက္ကဋ္ဌရာထူးမှာ ၈ နှစ်ကြာထမ်းဆောင်ခဲ့ပြီး တခြားအလုပ်မလုပ်ဖူးတဲ့ ကော့ကာ့အတွက်တော့ ရုတ်တရက် အဖြုတ်ခံရတာဖြစ်တဲ့အတွက် အလုပ်လက်မဲ့ဖြစ်ပြီး မနေတတ်မထိုင်တတ်တွေဖြစ်ခဲ့ရပါတယ်။

အဲဒီလို အလုပ်ဖြုတ်ခံရပြီးနောက် ကော့ကာဟာ လုပ်ငန်းခွင်စည်းကမ်းအရ နောက်ထပ်အလုပ်ရှာမရမချင်း သုံးလရုံးထိုင်နိုင်ဖို့ ကုန်လှောင်ရုံအဟောင်းလေးတစ်ခုထဲမှာ နေရာအပေးခံခဲ့ရပါတယ်။ သူဟာ စားပွဲတစ်လုံးနဲ့ တယ်လီဖုန်းတစ်လုံးသာရှိတဲ့ သူ့အိမ်နိမ့်စံဘဝကို တစ်မနက်သာရောက်သွားခဲ့ပြီး စိတ်ဆင်းရဲကြီးစွာနဲ့ ပြန်ထွက်သွားခဲ့ပါတယ်။ နောက်ပိုင်းစိတ်ဓာတ်အကြီးအကျယ်ကျပြီး နေ့ရောညပါအရက်ချည်း ဖိသောက်နေခဲ့ပါသေးတယ်။ ကော့ကာဟာ သူ့ဘဝကို နာကျည်းခဲ့လို့ နောက်ဆုံး သူ့ကိုယ်သူပဲ သတ်သေရမလား၊ သူ့ကိုအလုပ်ဖြုတ်ခဲ့တဲ့ ဟင်နရီကိုပဲ သွားသတ်ရမလားဆိုတာ ဝေခွဲမရအောင်ဖြစ်ခဲ့တဲ့ အထိပါပဲ။ ကော့ကာရဲ့ အလုပ်ဖြုတ်ခံရပုံကတော့ ဖို့ဒ်အကြီးအကဲ ဟင်နရီဖို့ဒ်နဲ့ ငြိခဲ့လို့ပါပဲ။

## Chrysler ဥက္ကဋ္ဌဖြစ်လာခြင်း

ဒီလိုနဲ့ လေလွင့်နေရာမှ နောက်ရက်သတ္တပတ်အနည်းငယ်ဖြစ်တဲ့ ၁၉၇၈ ခုနှစ် နိုဝင်ဘာလအရောက်မှာတော့ Chrysler ကားကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါတယ်။ ဒီနေရာကို သူရခဲ့တဲ့အချိန်ဟာ ကံကောင်းလွန်းလို့တော့ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ Chrysler ဟာ စီမံခန့်ခွဲမှုအမှားတွေကြောင့် ပြိုလဲလုနီးပါးအထိ စီးပွားရေးကျဆင်းနေတဲ့အချိန် ဖြစ်ပါတယ်။ Chrysler ကိုသူရောက်ပြီး တစ်နှစ်အကြာမှာ ဒေဝါလီခံရလုနီးပါးအထိတောင် ဖြစ်ခဲ့ရပါတယ်။

ကော့ကာဟာ Chrysler ရဲ့ဥက္ကဋ္ဌရာထူးကို လက်ခံရာမှာ ကုမ္ပဏီတစ်ခုလုံးကို သူ့သဘောအတိုင်း ပြင်ဆင်ဖွဲ့စည်းခွင့်ရခဲ့ပါတယ်။ အဲဒီနေရာမှာ သူက အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချီလို ဆေးပြင်းလိပ်ကြိုက်တဲ့အတွက် Chrysler ရဲ့အစည်းအဝေးခန်းမထဲမှာ ဆေးလိပ်မသောက်ရဆိုတဲ့စည်းကမ်းကို ပြင်ပေးခဲ့ရပါတယ်။ တကယ်တော့ အဲဒီအချိန်မှာ Chrysler ဟာ နာမည်သာကျန်ပြီး အခြေအနေအားလုံးက ဝါးအစည်းပြေသလို ဖြစ်နေခဲ့ပါတယ်။ Chrysler ရဲ့ အုပ်ချုပ်မှုဒါရိုက်တာတွေဟာ ကုမ္ပဏီလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ပုံနဲ့ လုပ်ငန်းတိုးတက်မှုအခြေအနေတွေကို အမှန်အတိုင်းမသိကြပါဘူး။ အမှာစာမရှိဘဲ ကားတွေအများကြီး စွတ်ထုတ်ထားကြလို့ ရောင်းမထွက်တဲ့ကားတွေ စုပုံနေပါတယ်။ ကားဝယ်လိုသူရဲ့ အကြိုက်ကို ခန့်မှန်းပြီး ပေးပို့မှာကြားတဲ့ပုံစံတွေအတိုင်း မထုတ်လုပ်ကြပါဘူး။ ဇုန်မန်နေဂျာတွေရဲ့စိတ်ကူးအတိုင်း ကားတွေကိုထုတ်လုပ်နေကြတာပါ။ ရုံးစည်းကမ်းဆိုတာလည်း နားမလည်ကြဘဲ ကော့ကာအရှေ့တောင် ကော်ဖီခွက်ကိုင်ပြီး ဟိုလျှောက်ဒီလျှောက်လုပ်နေတဲ့သူတွေတောင် ရှိနေခဲ့ပါတယ်။ အဲဒီလိုနဲ့ Chrysler ဟာ နှစ်စဉ်အရှုံးပေါ်နေရပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးအကြီးအကဲတွေကိုခေါ်ပြီး ကုမ္ပဏီရဲ့ ဒီအခြေအနေဆိုးတွေကို မသိကြဘူးလားလို့ မေးရတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒီလိုအခြေအနေဆိုးတွေကိုဖြေရှင်းဖို့ ကော့ကာဟာ အပိုတွေဖြစ်နေတဲ့ဟာတွေကို လျှော့ချတဲ့အနေနဲ့ ဖြုတ်ထုတ်သတ်လုပ်ခဲ့ရပါတယ်။ အဲဒီနေရာမှာ Chrysler ရဲ့ဒုဥက္ကဋ္ဌ ၃၅ ဦးမှာ ၃၃ ဦးအထိဖြုတ်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ချောင်ထိုးခံထားရတဲ့သူတွေကို ပြန်လည်ခန့်အပ်ခဲ့ပါတယ်။ ခရိုင်စလာကို ပြန်လည်ထူထောင်နိုင်ဖို့ အလုပ်သမား ၇၀၀၀ ကို အလုပ်ကနေ ရပ်စဲပစ်ခဲ့ရပါတယ်။ ဒီအလုပ်ဟာ သူ့ဘဝအတွက် အခက်အခဲဆုံးဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် ခရိုင်စလာကုမ္ပဏီဟာ တစ်နှစ်ကိုအမေရိကန် ဒေါ်လာ သန်း ၂၀၀ ကျော်အထိ သက်သာခဲ့ပါတယ်။

## ခရိုင်စလာကို ကယ်တင်ခြင်း

အဲဒီနောက် ကော့ကာဟာ ကားသစ်တစ်စီး တီထွင်ဖို့အတွက် ကြိုးစားခဲ့ပေမယ့် ဒေဝါလီခံလုဆဲဆဲ ကုမ္ပဏီမှာ ကားသစ်တစ်စီးထုတ်ဖို့အတွက် ငွေလုံးငွေရင်းမရှိတာကြောင့် အခက်အခဲများစွာ တွေ့ခဲ့ရပါတယ်။ အဲဒီအချိန်မှာ ရောင်းမထွက်ဘဲရှိနေတဲ့ ငွေရပေါက်အနေနဲ့ ကားတွေကို လျှော့ဈေးနဲ့ရောင်းထုတ်ပစ်ရပါတော့တယ်။ ဒါပေမဲ့ မလုံလောက်ခဲ့ပါဘူး။ ဒီကြားထဲ ကုမ္ပဏီကနေပေးဖို့ရှိတဲ့ အကြွေးရှင်တွေကလည်း ခရိုင်စလာပြိုလဲတော့မယ်ဆိုတဲ့ သတင်းတွေကြောင့် ထပ်မံစောင့်ဆိုင်းဖို့ စိတ်မရှည်ကြတော့ပါဘူး။ ဒါပေမဲ့ ကော့ကာဟာ ဇွဲမလျှော့ဘဲ ခရိုင်စလာဟာ ဒီအခက်အခဲတွေကြားထဲကနေ ပြန်လည်ရှင်သန်လာမယ်လို့ ယုံကြည်နေခဲ့ပါတယ်။ အဲဒီနောက် ၁၉၇၈ အီရန်အရေးအခင်းကြောင့် ဓာတ်ဆီဈေး နှစ်ဆမကမြင့်တက်သွားတဲ့အပြင် အမေရိကန်မှာ နှစ်ငါးဆယ်အတွင်း တစ်ခါမှမကြုံဖူးတဲ့ စီးပွားပျက်ကပ်ကို ကြုံခဲ့ရပြန်ပါတယ်။ အဲဒီလိုအခက်အခဲတွေကြုံနေပေမယ့်လည်း ဥက္ကဋ္ဌရာထူးကနေထွက်ဖို့ စိတ်ကူးထဲတောင် မရှိခဲ့ပါဘူး။

အဲဒီလိုနဲ့ ခရိုင်စလာမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးဖို့ ငွေရင်းနှီးသူတွေနဲ့ ၁၉၇၉၊ ၈၀ ခုနှစ်တွေမှာ အကြိမ်ပေါင်းတစ်ရာကျော် တွေ့ဆုံညှိနှိုင်းခဲ့ပေမယ့် အဆင်မပြေခဲ့ပါဘူး။ လောင်စာဈေးကောင်းလို့ ချမ်းသာနေကြတဲ့ အာရပ်တွေနဲ့ဆက်သွယ်ပေးမယ့် ကြားပွဲစားတွေနဲ့လည်း ချိတ်ဆက်ကြိုးစားခဲ့ပါသေးတယ်။ အာရပ်အဖွဲ့တစ်ဖွဲ့နဲ့ဆိုရင် အကြိမ်ပေါင်း ၁၅၆ ကြိမ်အထိ ဆွေးနွေးခဲ့ပေမယ့် အဆင်မပြေခဲ့ပါဘူး။ ငွေအရင်းအနှီးရနိုင်ဖို့အတွက် ကော့ကာတွေ့ဆုံခဲ့တဲ့အထဲမှာ ကမ္ဘာ့နာမည်အကြီးဆုံးလက်နက်ကုန်သည် ဆော်ဒီသူဌေး အက်ဒနန် ခါရှော့ဂီကိုလည်း တွေ့ဆုံခဲ့ပါသေးတယ်။ အဲဒီနောက် ခရိုင်စလာကို ဗော့စ်ဝက်ဂွန်ကားကုမ္ပဏီနဲ့ ဖက်စပ်လုပ်ကိုင်ဖို့ ညှိနှိုင်းကြိုးပမ်းခဲ့ပါသေးတယ်။ အောင်မြင်မလိုလိုဖြစ်ပြီး စတော့ရှယ်ယာဈေးကွက်မှာ ရှယ်ယာဈေး ၁၁ ဒေါ်လာကနေ ၁၄ ဒေါ်လာအထိ မြင့်တက်ခဲ့ပေမယ့် နောက်ဆုံး အဆင်မပြေခဲ့ပြန်ပါဘူး။

ကော့ကာဟာ နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းလို့ မအောင်မြင်တဲ့အဆုံးမှာ အမေရိကန်အစိုးရကို ချဉ်းကပ်ဖို့လုပ်ပါတော့တယ်။ အဲဒီအချိန် အမေရိကန်ရဲ့ စီးပွားရေးမူဝါဒက လွတ်လပ်တဲ့စီးပွားရေးဈေးကွက်စနစ်ဖြစ်တဲ့အတွက် အစိုးရရဲ့အကူအညီယူလို့မရတဲ့အချိန်ပါ။ အဲဒါကြောင့် ကော့ကာရဲ့အကြံကို ရုတ်တရက်ကြည့်မယ်ဆိုရင် အံ့မကျလှတဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။ အရင်းရှင်စီးပွားရေးရဲ့ ဥပဒေသကိုက ကြံ့ခိုင်သူ အနိုင်ရစတမ်း မဟုတ်လား။ ခရိုင်စလာဟာ အကျပ်အတည်းနဲ့ လုံးဝရင်ဆိုင်နေရတဲ့အတွက် မလွှဲမရှောင်သာအခြေအနေရောက်နေလို့ အစိုးရဆီ ဇွတ်မှိတ်ချဉ်းကပ်ရပါတယ်။

ဖို့ဒ်မှာလုပ်ခဲ့စဉ်က စီးပွားရေးလုပ်ငန်းတွေမှာ အစိုးရက ဝင်မစွက်ဖက်အောင် ချုပ်ကိုင်ခြယ်လှယ်မှုကို ဆန့်ကျင်တိုက်ဖျက်ဖို့ ဝါရှင်တန်က ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းခဲ့ဖူးပါတယ်။ အခုတော့ အစိုးရဆီက အကူအညီတောင်းဖို့သွားတွေ့ရတာကြောင့်အခြေအနေ ၂ ခုဟာ ပြောင်းပြန်ဖြစ်နေခဲ့ပါတယ်။ အစိုးရအကြီးအကဲတွေက ကော့ကာကို ဘာကြောင့် ဒီနည်းလမ်းကို ရွေးရသလဲလို့ မေးခွန်းထုတ်ကြတော့ ကော့ကာက ရွေးစရာလမ်းမရှိတော့လို့လို့ ပြန်ဖြေခဲ့ပါတယ်။ ဒီလိုနဲ့ သူဟာ အစိုးရဆီက အကူအညီရဖို့ကြိုးပမ်းနေချိန် ၁၉၇၉ ခုနှစ်မှာ အမေရိကန်သမ္မတ ဂျင်မီကာတာက မီလာကို ဘဏ္ဍာရေးဝန်ကြီး ခန့်လိုက်ပါတယ်။ ခရိုင်စလာကို

စာ - 18 သို့

# Celebrities' Choice

# "ကားဆို လူငယ်ဆန်ဆန် Sport Type ပုံစံလေးတွေ သဘောအရမ်းကျတယ်"

## သရုပ်ဆောင် မင်းမြတ်စိုးစံနှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

**ဒီတစ်ပတ်ရဲ့ Celebrities' Choice ကဏ္ဍမှာတော့ Demensions ရုပ်ရှင်ဇာတ်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်မင်းမြတ်စိုးစံနဲ့တွေ့ဆုံပြီး သူစီးနေတဲ့ကားအကြောင်း မေးမြန်းဖြစ်ခဲ့တာလေးကို ဖော်ပြပေးလိုက်ပါတယ်။**

**Voice : လက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး ပြောပြပေးပါ။**

**MMSS :** လက်ရှိကျွန်တော် စီးနေတာက Toyota Corolla Axio 2010 လေး စီးနေပါတယ်။

**Voice : ဝယ်ထားတာရော ကြာပြီလား။**

**MMSS :** ဝယ်ထားတာတော့ သိပ်မကြာသေးဘူး။ သုံး၊ လေးလလောက်ပဲ ရှိသေးတယ်။ အရင်က Audi TT 2000 လေးစီးတာ။ ပြိုင်ကားလေး။ အဲဒါလေးစီးနေတာကနေ ဒါလေးလဲစီးဖြစ်သွားတာ။

**Voice : ပြိုင်ကားစီးနေရာကနေ ဒီကားလေး ပြောင်းစီးဖြစ်သွားတာကရော ဘာလို့လဲ။**

**MMSS :** ကျွန်တော်က အဓိကကြိုက်တာက Sport Type လေးတွေ ပိုသဘောကျတယ်။ ကားဆို လူငယ်ဆန်ဆန် Sport Type ပုံစံလေးတွေ သဘောအရမ်းကျတယ်။ အရင်ပြိုင်ကားလေးတုန်းက အင်ဂျင်ပါဝါကလည်း 1.8 ပဲရှိတဲ့အတွက် ဆီစားလည်း သက်သာတယ်။ အဲဒီကားလေးလည်း တော်တော်လေး သဘောကျတယ်။ ဒါပေမဲ့ မော်ဒယ်လ်က ၂၀၀၀ ဖြစ်နေတဲ့အတွက် အရမ်းကြီးတော့ ဖလန်းဖလန်းတော့ မဖြစ်တော့ဘူး။ အခုနောက်ပိုင်း ၂၀၁၄ တို့၊ ၂၀၁၅ တို့ဆို တော်တော်လေးမိုက်တယ်။ နောက်ပိုင်း ပိုက်ဆံလေး ရှိလာရင်တော့ ဝယ်စီးမလားလို့ စိတ်ကူးတယ်။ အဲဒီပြိုင်ကားလေးတွေ။ Audi TT လေးတော့ တော်တော်သဘောကျတယ်။ အင်ဂျင်ပါဝါနည်းတယ်၊ ဆီစားသက်သာတယ်၊ လူလေးယောက်လောက်ဆံ့တယ်။

**Voice : မော်ဒယ်လ်အမြင့်ကားလေးတွေ ပြောင်းစီးရတာမျိုးရော သဘောကျလား။**

**MMSS :** စီးချင်တယ်။ အဲဒီလိုလေး ပြောင်းစီးရတာတော့ သဘောကျတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေဆို ကျွန်တော် စီးချင်တာ Max X လည်း စီးချင်တယ်။ အရင်ကဝယ်မယ်ဆိုပြီးလည်း မှန်းထားသေးတယ်။ နောက်မှမစီးဖြစ်ဘဲ ဒါလေးဝယ်ဖြစ်သွားတာ။ မော်ဒယ်လ်ကတော့ မြင့်လေ Function စုံလေပါပဲ။

**Voice : အဲဒီလိုဆို Luxury ကားတွေထက် Sport Type ကားမျိုးကိုသဘောကျတယ်လို့ပြောလို့ရတာပေါ့။**

**MMSS :** ဟုတ်တယ်။ Luxury ကားတွေထက် Sport Type ကားတွေ ပိုသဘောကျတယ်။ ဒီကားတွေက အင်ဂျင်ပါဝါနည်းတဲ့အတွက် ဆီစားတော့ သက်သာပါတယ်။ တကယ်တမ်းဆို ကျွန်တော်က ပြိုင်ကားလေးတွေပဲ သဘောကျတာ။ ပြင်ပြီးတော့ပဲ စီးမယ်လို့ စိတ်ကူးထားတာ။ ဒါပေမဲ့ သူက Audi ဆိုတော့ ပျက်ပြီဆိုရင် နည်းနည်းလောက် ထိမိခိုက်မိသွားပြီးဆိုရင်ကို (သိန်း) တစ်ဆယ်အထက်ပဲ။ သေးသေးမွှားမွှားဖြစ်တဲ့ ဂိတ်တံလေးပျက်လို့ လဲရင်ကို သူက တစ်သိန်းနှစ်သိန်း ထွက်နေတာဆိုတော့ တစ်ခုခုပျက်ပြီဆိုရင်ကို အိမ်နဲ့စကားပြောနေရတာ။ အဲဒါကြောင့် မတတ်သာလို့ရောင်းလိုက်ပြီး ဒါလေးစီးနေရတာ။


ဓာတ်ပုံ – ချယ်ရီ

**Voice : Sport Type နဲ့ Luxury ကားရဲ့ အားသာချက် အားနည်းချက်တွေက ဘာတွေရှိလဲ။**

**MMSS :** Sport Type ကတော့ ပုံမှန်ကားတွေထက် ဆီစားနည်းနည်းများတယ်။ မြန်မာပြည် အနေအထားနဲ့ကျတော့ အောက်ပိုင်းတွေ တော်တော်ထိတာ များတယ်။ အောက်ပိုင်းတွေအရမ်းထိတယ်။ ရှေ့ကာ၊ ဘန်ကာတွေတောင် ကျွန်တော်ဆို အော်ရီဂျင်နယ် အတိုင်းမဟုတ်ဘူး။ မိုလ်လောင်းပြီးကို စီးရတာ။ အဲဒါတောင် ခဏခဏတိုက်လွန်းလို့ ဝပ်ရှော့နဲ့တောင် အတော်လေးရင်းနှီးနေပြီ။ အခု ဒီကားလေးပြောင်းပြီးတော့တောင် ဝပ်ရှော့ရုံက အစ်ကိုက စနေသေးတယ်။ မင်းကားလဲပြီးမှ ငါ့ဆီမရောက်လာတော့ဘူးနော်ဆိုပြီး။ နောက် Sport Type က တစ်ခုခုဖြစ်ပြီဆို သာမန်ထက်ပိုပြီး အကုန်အကျများတယ်။ ■**ခိုင်ချယ်ရီထွန်း**

---

# G U I D E

## Toyota Avanza
### Model - 2018

**အင်ဂျင်ပါဝါ - ၁၃၀၀ နှင့် ၁၅၀၀ စီစီ**

**လောင်စာဆီအမျိုးအစား - ဓာတ်ဆီ**



ဒီတစ်ပတ်အတွက်တော့ မြန်မာ့ကား ဈေးကွက်ထဲကို မရောက်သေးပေမယ့် ရက်ပိုင်းအတွင်းရောက်လာမယ့်ကားလေးနဲ့ ကြိုပြီးမိတ်ဆက်ပေးလိုက်ပါတယ်။ အဲဒီကားလေးကတော့ မိသားစုများများစီးနိုင်မယ့် Toyota Avanza ဆိုတဲ့ Latest ကားလေးတစ်စီးနဲ့ပါ။ Toyota ရဲ့အစဉ်အလာအတိုင်းပဲ Avanza ဟာ အသွင်အပြင် စတိုင်လ်ပိုင်းမှာပါ တိုးတက်အောင် ပြုပြင်ထားပြီး ပိုကောင်းတဲ့ မွမ်းမံမှုတွေကို ထည့်သွင်းပေးလာတတ်ပါတယ်။ ဒီကားလေးကို ၂၀၀၃ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ပြီးတော့ တိုယိုတာကုမ္ပဏီက မလေးရှားမှာတပ်ဆင်ပြီးတော့ အင်ဒိုနီးရှားကနေ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ Daihatsu အနေနဲ့ Xenia လို့လည်း ခေါ်ဆိုခဲ့ပြီးတော့ Toyota အနေနဲ့ကတော့ Avanza လို့ခေါ်ခဲ့ကြပါတယ်။ ၂၀၀၃ ဇူလိုင်ကလုပ်တဲ့ ကားပြပွဲတစ်ခုမှာ စတင်မိတ်ဆက်ခဲ့ပြီးတော့ ၂၀၀၃ ဒီဇင်ဘာကျမှ စရောင်းခဲ့တဲ့အချိန်မှာ အစီးရေ တစ်သိန်းအထိရောင်းချနိုင်ခဲ့ပါတယ်။

Toyota Avanza ကို ပထမမျိုးဆက်အဖြစ် ၂၀၀၃ ကနေ ၂၀၁၁ အထိ၊ ဒုတိယမျိုးဆက်အဖြစ် ၂၀၁၁ ကနေ အခုမော်ဒယ်လ်အထိ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ 5 Door Muti Purpose Vehicle (MPV) ယာဉ်အမျိုးအစားလေးဖြစ်ပါတယ်။ ၇ ယောက်စီး အမျိုးအစားလေးဖြစ်ပါတယ်။ ဒီကားလေးကို အင်ဂျင်ပါဝါ ၁၃၀၀ နဲ့ ၁၅၀၀ စီစီနဲ့ ထုတ်ထားပါတယ်။ ပြည်ပမှာတော့ ဒီကားလေးတစ်စီးကို အမေရိကန်ဒေါ်လာ ၁၈,၀၀၀ ခန့်ရှိပါတယ်။ မြန်မာ နိုင်ငံကို ရောက်ရှိလာခြင်းမရှိသေးတဲ့အတွက် အင်ဂျင်ပါဝါ၊ တန်ဖိုးတွေကိုတော့ အသေးစိတ်ထုတ်ပြန်ထားတာမျိုး မရှိသေးပါဘူး။

Avanza ကိုတိုယိုတာကားတွေ တင်သွင်းရောင်းချနေတဲ့ Toyota Aye & Sons ကားကုမ္ပဏီက တင်သွင်းရောင်းချမှာဖြစ်ပါတယ်။ ဒီကားလေးကို မေလ ၄၊ ၅၊ ၆ ရက်နေ့တွေမှာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနဲ့ စက်မှု ၁ လမ်းထောင့်ရှိ Myanmar Plaza မှာ စတင်မိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ■ **S-04**

---

# အပ်ကားရှား၊ စလစ်ဈေးတက်

**ရန်ကုန်၊ မေ ၂**

နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်း အစားထိုးယာဉ်(အပ်ကား) ရှားပါးနေခြင်းကြောင့် ယင်းအပ်ကားဈေးနှင့် စလစ်ဈေးနှုန်းများ မြင့်တက်ကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

အပ်ကားဈေးနှုန်းသည် ဧပြီလပထမပတ်အတွင်းကထက် တစ်စီးလျှင် ၁၀ သိန်းကျော်နှင့် စလစ်တစ်စောင်လျှင် ကျပ်လေးသိန်းမှ ၁၀ သိန်းခန့်အထိမြင့်တက်ကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

"အပ်ကားတွေတော်တော်ပျောက်နေတယ်။ အပ်ကားရှာမရတော့ ဈေးကတက်လာတယ်။ အရောင်းအဝယ်ကတော့ ခပ်အေးအေးပဲ" ဟု စလစ်ဝယ်ရောင်း ဦးမောင်မောင်ဇော်က ပြောဆိုသည်။

လက်ရှိယာဉ်အိုယာဉ်ဟောင်း အစားထိုးယာဉ်များအပ်နှံခွင့်ပြုသည့် မော်ဒယ်လ်သတ်မှတ်ချက်မှာ ၁၉၉၈ မော်ဒယ်လ်အထိဖြစ်သော်လည်း အပ်ကားများမှာ ကောင်းမွန်နေသေးသည့်အတွက် အရည်ကျိုအဖြစ် အပ်နှံသူရှားပါးကာ အပ်ကားတန်ဖိုးမှာ ကားကောင်းတန်ဖိုးခန့် ရှိနေသဖြင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း စလစ်ဝယ်ရောင်းများက ဆိုသည်။

လက်ရှိစလစ်ဈေးကွက်အတွင်း နှစ် ၂၀ အပ်ကားတစ်စီးလျှင် ကျပ် ၁၁၃ သိန်းခန့်၊ နှစ် ၂၀ အမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၁၁၈ သိန်းခန့်၊ နှစ် ၂၀ အမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ကျပ်သိန်း ၁၁၀ ခန့်၊ တိုက်ကြေအပ်ကားတစ်စီးလျှင် ကျပ်သိန်း ၇၀ ခန့်၊ တိုက်ကြေအမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ကျပ် ၉၇ သိန်းခန့်နှင့် တိုက်ကြေအမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၉၈ သိန်းခန့်ဈေးရှိကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရသည်။ ■ **S-04**

---

# အလှိုင်းခွေတံဆိပ်

ကားတိုင်းမှာတော့ မူလစက်ရုံက ထုတ်ပေးလိုက်တာနဲ့ အလှိုင်းခွေတွေတိုင်းမှာ ကားကုမ္ပဏီတစ်ခုရဲ့ လိုဂိုတံဆိပ်လေးတွေ ပါပြီးသားပါ။ ဥပမာ တိုယိုတာဆို ကားသမားတွေအခေါ် ကျွဲခေါင်းလိုတံဆိပ်မျိုးတွေပေါ့။ ဒါပေမဲ့ ဒီမှာတော့ ဖြုတ်ခိုးခံရတာတွေ၊ ဒါမှမဟုတ် အက်ဆီးဒင့်တစ်ခုခုကြောင့် ပျောက်သွားတာမျိုးတွေ၊ ဝပ်ရှော့မှာ ကျန်ခဲ့တာမျိုးတွေဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်သွားတဲ့သူတွေအနေနဲ့ ဒီတံဆိပ်လေးတွေကို ပြန်တပ်ချင်တယ်ဆိုရင် ဝယ်ယူလို့ရနိုင်အောင် မိတ်ဆက်ပေးလိုက်တာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်စီးနေတဲ့ကားက ဘာကားအမျိုးအစားလဲဆိုတာ ဘီးကဒီတံဆိပ်လေးတွေကို ကြည့်တာနဲ့ ခွဲလို့ရနိုင်မယ့်အပြင် ကိုယ့်ကားခွေလေး လှပသွားနိုင်မှာပါ။ ကားတစ်စီးကို အလွယ်တကူခွဲမယ်ဆိုရင် Lexus ဆိုရင် L ပုံစံ၊ ဟွန်ဒါနဲ့ ဟွန်ဒိုင်းဆိုရင် H ပုံစံတွေနဲ့ ထုတ်ကြတာပါ။ အခုရနိုင်မယ့်တံဆိပ်လေးတွေကတော့ တိုယိုတာအမျိုးအစားအတွက်များပြီးတော့ Lexus နဲ့ Honda လေးတွေအတွက်လည်း ရှိပါတယ်။ တိုယိုတာတံဆိပ်တစ်ခုကို ကျပ် ၃၀၀၀ ကနေ ၁၅,၀၀၀ အထိရှိပါတယ်။ ဒီပစ္စည်းလေးတွေကို ထိုင်းနဲ့ တရုတ်နိုင်ငံတွေကနေ တင်သွင်းလာတာဖြစ်ပါတယ်။ Lexus က ကျပ် ၃၀၀၀ ကနေ ၁၅,၀၀၀ ခန့်နဲ့ Honda က ၃၀၀၀ ကနေ ၅၀၀၀ အထိဖြစ်ပါတယ်။ ဒီပစ္စည်းလေးတွေကို ဝယ်ယူချင်တယ်ဆိုရင်တော့ ရန်ကုန်မြို့ မြေနီကုန်း၊ အမှတ် ၁၃၊ ပန်းခြံလေးရှိ လင်းလင်းဟိန်းတာယာနဲ့ အလှိုင်းဆိုင်ကိုဖြစ်စေ၊ ဖုန်းနံပါတ် ၀၉၅၁၈၉၅၁ နဲ့ ၀၉၇၃၁၅၁၉၆၃ တို့ကိုလည်း ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■ **S-04**



**စာ - 16 Ford နဲ့ Chrysler တို့ရဲ့ပွဲကိုင်ရှင် မှ အဆက်**

ဒေဝါလီခံသင့်တယ်လို့ ပြောခဲ့ဖူးတဲ့ ဝန်ကြီးမီလာဟာ ကူညီထောက်ပံ့ဖို့ သဘောတူလာခဲ့ပါတယ်။ စီးပွားရေးနာလန်ထလာအောင် ကြံဆရေးဆွဲထားတဲ့ စီမံချက်တင်ပြနိုင်ရင် ထောက်ပံ့ဖို့ သဘောတူလာပါတယ်။ အစိုးရကူညီမယ်ဆိုတဲ့သတင်းကြောင့် အမေရိကန်စီးပွားရေးလောကတစ်ခုလုံးက ဆန့်ကျင်ခဲ့ကြပါတယ်။

အမေရိကန် အမျိုးသားရေးထုတ်ကုန်အသင်းကြီးကဆိုရင် ညီလာခံတစ်ခုကျင်းပပြီး ကန့်ကွက်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ တချို့ကလည်း ခရိုင်စလာကို ငွေထုတ်ချေးမယ့်အစီအစဉ်ကို ထောက်ခံခဲ့ကြတယ်။ ကော့ကာဟာ ပြည်သူနဲ့အစိုးရကြား သဘောတရားတွေ ငြင်းခုံဆွေးနွေးနေချိန်မှာ ခရိုင်စလာဟာ ပြိုကွဲပျက်စီးနေပြီဖြစ်တဲ့အကြောင်း၊ လက်တွေ့ဖြေရှင်းဖို့သာ အရေးကြီးနေချိန်ဖြစ်ကြောင်း၊ လွတ်လပ်တဲ့စီးပွားရေးစနစ်ရဲ့အနှစ်သာရဟာ ယှဉ်ပြိုင်ခြင်းပဲဖြစ်တယ်။ အခုလည်း ယှဉ်ပြိုင်နိုင်ဖို့ ခရိုင်စလာ ငွေလိုနေတယ်။ ယှဉ်ပြိုင်မှုရှိအောင် အစိုးရက ထောက်ပံ့သင့်တယ်။ ခရိုင်စလာပြိုကွဲသွားရင် အလုပ်သမားပေါင်းမြောက်မြားစွာ အလုပ်လက်မဲ့ဖြစ်မယ်။ ကားဈေးကွက်မှာ ဂျပန်ပြည်ထုတ်ကားတွေတင်သွင်းရမှာမို့ မိအေး ၂ ခါနာဖြစ်မယ်လို့ လူသိရှင်ကြား မီဒီယာတွေကနေ ပြန်လည်ချေပခဲ့ပါတယ်။

နောက်ဆုံးမှာတော့ ခရိုင်စလာကို ငွေထုတ်ချေးသင့် မချေးသင့် အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ ကော့ကာကို ကိုယ်တိုင်အစစ်ဆေးခံရပါတော့တယ်။ ကော့ကာဟာ ပြစ်မှုကျူးလွန်ခံရတဲ့တရားခံတစ်ယောက်လို နာရီပေါင်းများစွာကြာအောင် အစစ်ခံခဲ့ရပါတယ်။ လွှတ်တော်ကြားနာရေးကော်မတီဝင်တွေရှေ့မှာ မေးသမျှမေးခွန်းကို ပြေလည်အောင် ဖြတ်ထိုးဉာဏ်နဲ့ တာဝန်ယူ ဖြေဆိုခဲ့ပါတယ်။ တရစပ်မေးခွန်းတွေကို မနားတမ်း လက်တန်းဖြေရတာပါ။ အစစ်ခံချက်တွေကို စာနယ်ဇင်းတွေမှာ ဖော်ပြကြသလို ရုပ်မြင်သံကြားတွေကနေ တိုက်ရိုက်ထုတ်လွှင့်ကြလေတော့ ကာတွန်းတွေနဲ့ သရော်ကြပြန်ပါတယ်။ ကော့ကာရဲ့ ဇနီးနဲ့ သမီးတွေ ဈေးတို့ကျောင်းတို့သွားတဲ့အချိန်မှာ အလှောင်ပြောင်ခံခဲ့ရတဲ့အထိပါပဲ။ အဲဒီလိုဖြစ်နေတဲ့အချိန်မှာပဲ သူ့ဇနီး မေရီ ဆီးချိုရောဂါဖြစ်လို့ ဆေးရုံတင်ထားခဲ့ရပါတယ်။ အစည်းအဝေးတွေထိုင်ရတာများလွန်းလို့ မူးလဲတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ဒီလိုအခက်အခဲတွေကြားကနေ သမ္မတဂျင်မီကာတာက ချေးငွေထုတ်ချေးဖို့ သဘောတူခဲ့ပါတယ်။

နောက်ဆုံး ခရိုင်စလာကို ငွေထုတ်ချေးမယ့် ဥပဒေကြမ်းကို အောက်လွှတ်တော်မှာ ထောက်ခံမဲ ၂၇၁ မဲ၊ ကန့်ကွက်မဲ ၁၄၆ မဲနဲ့ အထက်လွှတ်တော်မှာ ထောက်ခံမဲ ၅၃ မဲ၊ ကန့်ကွက်မဲ ၄၄ မဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ အဲဒီဥပဒေဟာ ပြည်ထောင်စုအစိုးရအနေနဲ့ ငွေချေးဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ၂ နှစ်အတွင်း ခရိုင်စလာကို ဒေါ်လာသန်း ၁၅၀၀ ထုတ်ချေးဖို့ပဲဖြစ်ပါတယ်။ ချေးငွေအားလုံးကို ၁၉၉၀ ပြည့်နှစ်မှာ ပြန်လည်ပေးဆပ်ဖို့နဲ့ ပြုပြင်ဖွဲ့စည်းဖို့အချက်ပါပါတယ်။ အဲဒီလိုနဲ့ ခရိုင်စလာဟာ ဆိုးရွားတဲ့အခြေအနေက ရုန်းထွက်နိုင်ဖို့ ဆီစားသက်သာတဲ့ ရှေ့ယက်ကားဟာ မျှော်လင့်ချက်ရောင်ခြည်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ ကော့ကာဟာ ပုံစံသစ် ကားတစ်စီးကိုထုတ်ဖို့ စိုင်းပြင်းထားမှုဟာ အတော်ခရီးရောက်နေပြီလို့ ဆိုပါတယ်။ အဲဒီလိုနဲ့ ကော့ကာဟာ နောက်ဆုံးမှာ K လို့အမည်ရတဲ့ ကားသစ်တစ်စီးကို ထုတ်လုပ်ခဲ့ပြီး ခရိုင်စလာကို ကယ်တင်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်မှာ ခရိုင်စလာကို အခြေအနေပြန်လည်တည့်မတ်နိုင်ခဲ့စဉ်မှာပဲ သူ့ဇနီး မေရီ ကွယ်လွန်ခဲ့ပါတယ်။ ခရိုင်စလာဟာ အစိုးရဆီမှာ တင်နေတဲ့အကြွေးတွေကို ၁၉၈၃ ခုနှစ် ဇူလိုင်မှာ ဆပ်မယ်လို့ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီနေ့ဟာ သူ့ဖို့ဒ်ကုမ္ပဏီကထွက်တဲ့ ငါးနှစ်မြောက်နေ့နဲ့ တိုက်ဆိုင်နေခဲ့ပါတယ်။

အဲဒီလိုနဲ့ ကော့ကာဟာ ခရိုင်စလာကို အခက်အခဲမျိုးစုံကြားကနေ ကယ်တင်နိုင်ခဲ့ပြီး အမေရိကန်စီးပွားရေးလောကရဲ့ အကျော်ကြားဆုံးသူရဲကောင်းဖြစ်လာခဲ့သလို သမ္မတလောင်းစာရင်းအထိတက်လှမ်းနိုင်ခဲ့ပါတယ်။ ဒီလိုဇွဲနပဲကြီးပြီး အခက်အခဲတွေကို ရင်ဆိုင်အန်တုနိုင်ခဲ့တဲ့ ကော့ကာဟာ အခုဆို အသက် ၉၄ နှစ်ထဲ ရောက်နေပြီဖြစ်ပေမယ့် သက်ရှိထင်ရှားရှိနေပါသေးတယ်။ အိုင်ယာကော့ဟာ တက်သစ်စလူငယ်တွေကို စေ့ဆော်ပေးလိုတဲ့ရည်ရွယ်ချက်နဲ့ သူ့ရဲ့အတ္ထုပ္ပတ္တိစာအုပ်ကိုရေးခဲ့ပါတယ်။ ပြီးတော့ သူတို့ခေတ်အမေရိကန်ပြည်ထောင်စုမှာ ရှင်သန်လှုပ်ရှားနေကြတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ စိတ်ဝင်စားဖွယ် သည်းထိတ်ရင်ဖိုယှဉ်ပြိုင်ရတဲ့အကြောင်းတွေကို နားလည်စေချင်လို့ ရေးခဲ့တာဖြစ်ပါတယ်။

■ **ဟိန်းမြတ်စိုး**

**(Reference-၁၉၆၄ ခုနှစ်ထုတ် အိုင်ယာ ကော့ကောနှင့် ဝီလျံနိုဗက်စာအုပ်နှင့် Lee Iacocca Wiki)**

The VOICE Daily CARTOON




# Classifieds

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၈၅၅၅၅ ၇၇၂

| | | | | |
|---|---|---|---|---|
| May 11, 18, 25 | မုဒိတာ | Lucky Job (Local Employment Agency) | KL (Car Spare Parts Trading) | မိုးစက် |
| ORIGINAL | ATLAS ASIA Company Limited | SMART | စိန်မြိုင် | ReNew Skin |
| FUTURE MECH | လှပန်းစုံ | အောင်စွမ်းထက် (Air-Con Services) | စေတော်ဝင် (Super 28 Air-Con) | ပြည့်ကျော်ဝင်း |
| MK (Computer & LCCI Training Center) | ချမ်းပိုင် | နေသီဟ | မြတ်ဇင် | TZ (Quick Laundry Service) |
| လာဘ်တိုးအောင် | Smart | မြတ်ရတနာထွန်း | ရသာထူး | Dream Sky (Japanese Language Class) |
| MS မိုးအောင်ဆောင်ကြွယ် | KO THET | သစ္စာ | Pan & P (Beauty Saloon) | Nay Young Eain Co.,Ltd |

# သတင်းစာနှင့် နည်းပညာတိုက်ပွဲ

ကျော်ဗလ


Fortune

၂၀၁၇ ခုနှစ်က ကမ္ဘာ့ထိပ်တန်း သတင်းမီဒီယာတိုက်ကြီးများမှ အယ်ဒီတာများ၊ စီအီးအိုများ ကို Research Associate, Reuters Institute for the Study of Journalism အဖွဲ့က သုတေသန ပြုကြည့်ကြသည်။ ထုတ်ဝေသူ ၄၄ ရာခိုင်နှုန်းလောက်က အနာဂတ်သတင်း မီဒီယာလောကကို စိုးရိမ်နေ ကြသည်ဟုဆိုသည်။ သူတို့က Facebook နှင့် Snapchat တို့ကိုအပြစ်မြင်ချင်ကြသည်။

ကမ္ဘာတွင် 'ပုံနှိပ်မီဒီယာလောကသေတော့မည်' ဆိုသည့် ပြောဆိုသံများနှင့် ဝေဖန်မှုများကို ကြားနေရသည်။ ပုံနှိပ်လောကကြောင့် လူသားလောကကြီးတစ်ခုလုံး ပြောင်းလဲခဲ့ပြီးပြီ။ ထိုအကျိုးပြုလုပ်ငန်းကြီးက ရပ်ဆိုင်း သွားတော့မည်လားဟု စိုးရိမ်သောကရောက်ကြရသည်။

Deloitte အဖွဲ့ကလည်း ယခုနှစ် ဧပြီလက ဆန်းစစ်မှုတစ်ခု ပြုလုပ်ခဲ့သည်။ ဗြိတိန်နိုင်ငံမှ ပုံနှိပ်မဂ္ဂဇင်းဖတ်သူ ၈၈ ရာခိုင်နှုန်းခန့်က စာစောင်များကတစ်ဆင့် ပုံနှိပ်စာလုံးများနှင့် ဖော်ပြထားသည့် ဆောင်းပါးများကိုသာ ကြိုက်သည်ဟုဆိုကြသည်။ ဗြိတိန်နိုင်ငံသတင်းမီဒီယာ ဌာနအနေနှင့်လည်း အသက် ၁၄ နှစ်မှ ၇၅ နှစ်အရွယ်များကို လေ့လာဆန်းစစ်ကြပါသည်။ စုစုပေါင်း ၂၂၇၆ ဦးဖြစ်သည်။ သူတို့အားလုံးတွင် စမတ်ဖုန်းတွေ ပိုင်ဆိုင်ကြသည်။ ထိုအထဲတွင် ၃၅ ရာခိုင်နှုန်းခန့်သည် လစဉ် အနည်းဆုံး စာစောင်တစ်စောင်ကို ပုံမှန်ဝယ်ယူဖတ်သည်။

ဒစ်ဂျစ်တယ်ခေတ်ဖြစ်လာပြီး ဖတ်ချင်သည့်စာအားလုံးကို အွန်လိုင်းပေါ်တွင် ဒစ်ဂျစ်တယ်စာလုံးများနှင့် အမြန်ဆုံး၊ အလွယ်ကူဆုံး၊ အချိန်မရွေး နေရာမရွေး ဖတ်လာနိုင်ကြသည်။ အကြောင်းအရာပေါင်းစုံကို အင်တာနက်များနှင့် ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာအကျိုးများကြောင့် စာဖတ်သည့်စနစ်ကြီးတစ်ခုလုံး ပြောင်းလဲသွားခဲ့ရသည်။ ပုံနှိပ်လောကကြီးကို နေမဝင်အင်ပါယာကြီးတစ်ခုကဲ့သို့ ထင်မှတ်တန်ခိုးထွားခဲ့ရာမှ တစ်ချိန်က နာမည်ကျော် သတင်းမီဒီယာဌာနကြီးများသည် အသက်ဆက်နိုင်ရန်အတွက် မနည်း အားခဲပြီး ရုန်းကန်နေကြရသည်ကို တွေ့လာရသည်။

"ကျွန်တော်ကတော့ အင်တာနက်ကို လေးစားတယ်။ လူတိုင်း အဲဒီအပေါ်မှာ ကိုယ့်စိတ်ကူး၊ အတွေးအမြင်တွေကို လွတ်လပ်စွာ ဖော်ထုတ်နိုင်တယ်။ ကိုယ်တိုင်စာရေးဆရာတွေ လုပ်နိုင်တယ်။ သူတို့က ခုဆိုရင် ဘယ် သတင်းမီဒီယာတိုက်ကြီးတွေကိုမှ အောက်ကျနေစရာ မလိုတော့ဘူး။ ကိုယ်ပိုင် Blog တွေကို ထူထောင်ပြီး နာမည်ကျော်လာတဲ့သူတွေ ခေတ်ရောက်လာပြီ။ ကျွန်တော့်အထင်ပြောရရင် မီဒီယာလုပ်ငန်းကြီးတွေရဲ့လုပ်ငန်းပုံစံ ပြောင်းမှရတော့မယ်။ လူတိုင်းက ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်းနိုင်တဲ့ ခေတ်ဖြစ်လာချိန်မှာ လူတိုင်းလက်ထဲကို သတင်းစာတွေ စာစောင်တွေ ရောက်နိုင်ရေးထိုင်ပြီး စိတ်ကူးယဉ် နေလို့ မရတော့ဘူး" ဟု magculture.com ကို ထူထောင်ထားသူ ဂျရယ်မီလက်စ်လေ၏ ပြောကြားချက်မှာ စဉ်းစားစရာဖြစ်သည်။

ပုံနှိပ်မီဒီယာတွေ ပျောက်ကုန်တော့မှာလား လူတွေ သံသယဖြစ်နေလောက်အောင်ပင် အွန်လိုင်းပေါ်က ဖက်ရှင် လိုင်းများဖြစ်သည့် style.com, asos.com, netaporter.com တွေကလည်း ခေတ်စားလာသည်။ သို့သော် သူတို့ ပုံနှိပ်မဂ္ဂဇင်းတွေလည်း ထုတ်နေကြသည်။ ဂိမ်းလောကအတွက် အွန်လိုင်းပေါ်တွင် နာမည်ကျော်နေ သည့် Moshi Monster သည်ပင် ပုံနှိပ်ကို ဆက်လုပ်နေရသည်။ Google ကိုယ်တိုင်ပင် ပုံနှိပ်စာစောင်များကို မနားဘဲ ဆက်ထုတ်နေသည်။ စီးပွားရေးလုပ်ငန်းနှင့် သဘောတရားအရ ကျယ်ပြန့်အောင် လုပ်ဆောင်ရာတွင် အွန်လိုင်းရော အော့ဖ်လိုင်း (offline) ဟုခေါ်သည့် ပုံနှိပ်မီဒီယာနှင့်ပါ လုပ်ဆောင်နေကြသည့်သဘောဖြစ်သော ကြောင့် ပုံနှိပ်မီဒီယာ သေဆုံးမည်ဟု မပြောနိုင်သေးပါ။

"အွန်လိုင်းမှာ ပေါက်နေတဲ့ ကုန်အမှတ်တံဆိပ်တွေအတွက် လူထုနဲ့ဆက်သွယ်ဖို့ဆိုတာ ပုံနှိပ်မီဒီယာကလည်း နောက်ထပ် ဈေးကွက်တစ်ခုဖြစ်လာပါတယ်။ ဒါကြောင့် ပုံနှိပ်နည်းနဲ့ ဆက်သွယ်ဖို့ဆိုတာ လက်လွှတ်လို့ မရနိုင်သေးပါဘူး" ဟု ဗြိတိန်နိုင်ငံထုတ် Wired မဂ္ဂဇင်းကြီးမှ ဒေးဗစ် ရိုဝမ်ကဆိုသည်။ သူက ပုံနှိပ်မီဒီယာ ဆိုသည်မှာ ယခင်ကတည်းက အခြေကျနေပြီးသားဖြစ်ပြီး၊ အခြား အွန်လိုင်းနှင့် TV လိုင်းများကတစ်ဆင့် ဝင်ငွေ ရနေသည်ဆိုစေ မိမိ ကုန်အမှတ်တံဆိပ်ကျန်ခဲ့စေရန် မှတ်တမ်းတစ်ခုအနေနှင့် ပုံနှိပ်လုပ်ငန်းကို ဆက်လုပ်နေရ မည်ဟုလည်း သူကပြောကြားသည်။ သူကိုယ်တိုင်လည်း Wired မဂ္ဂဇင်းကြီးကို အွန်လိုင်းရော အော့ဖ်လိုင်းပါ နှစ်မျိုးစလုံး ထုတ်နိုင်ရန် ကြိုးစားနေရုံမက မာလ်တီမီဒီယာနည်းများဖြင့်လည်း လူထုထဲကို သူ၏ Wired ဆိုသည့် အမှတ်တံဆိပ်အား ထိုးဖောက်နိုင်စေရန် ကြိုးစားနေသူဖြစ်သည်။

မာလ်တီမီဒီယာဆိုသည့် သဘောဖြင့် အွန်လိုင်းသာမက အော့ဖ်လိုင်းကိုပါ ထိုးဖောက်နိုင်စေရန် ကြိုးစားနေသည့် အထဲတွင် Moshi မဂ္ဂဇင်းကို နမူနာပြနိုင်သည်။ ထိုမဂ္ဂဇင်းသည် အွန်လိုင်းသာမက အော့ဖ်လိုင်းတွင်ပါ ပရိသတ်ကို အခိုင်အမာရအောင် လုပ်ထားနိုင်သည်။ သူတို့က Moshi Monsters ဆိုသည့် အွန်လိုင်းဂိမ်းကို တီထွင်သည်။ ဂိမ်းဆိုင်ရာ အချက်အလက် ဒေတာများ၊ ကစားနည်းများကို အော့ဖ်လိုင်းဖြစ်သည့် Nuts, FHM စသည့် မဂ္ဂဇင်းများထဲတွင် ဖော်ပြပေးသည်။ Nuts မဂ္ဂဇင်းကို ဝယ်ဖတ်သူ ၁၁၄၁၁၆ ဦးရှိပြီး၊ FHM ကို ဝယ် ဖတ်သူပေါင်း ၁၄၀၇၁၆ ဦးရှိသည်။ အွန်လိုင်းနှင့် အော့ဖ်လိုင်းကို ချိတ်ဆက်ပြီး လုပ်ဆောင်နိုင်စွမ်းကြောင့် နှစ်လိုင်းစလုံးကို ပေါက်အောင် လုပ်နိုင်ခဲ့သည်။ Moshi မဂ္ဂဇင်း အယ်ဒီတာတစ်ဦးဖြစ်သည့် အမ်မာ မွန်ရိုးစမစ်က -

"အိုင်ပက်လို့ခေါ်တဲ့ တက်ဘလက်ပေါ်မှာ မဂ္ဂဇင်းလည်း ဖတ်နိုင်တယ်။ ဂိမ်းလည်း ကစားနိုင်တယ်။ ဒါပေမဲ့ တက်ဘလက်နဲ့ ဖုန်းထဲက ပုံတွေကို ဖြတ်ထားပြီးတော့ နံရံမှာ ကပ်ထားလို့ မရဘူး။ ကလေးတွေက သူတို့ ချစ်တဲ့ဟာလေးတွေကို နံရံမှာ ဖြတ်ညှပ်ကပ်ထားချင်ကြတယ်။ ကလေးတိုင်း တက်ဘလက်ကြိုက်တယ်လို့ ပြောလို့မရဘူး။ စာအုပ်ထဲက ရောင်စုံပုံလေးတွေဟာလည်း သူတို့အတွက် စိတ်လှုပ်ရှားစရာ လောကကမ္ဘာတစ်ခုဖြစ်နိုင်ပါတယ်" ဟု ဆိုသည်။

ဒစ်ဂျစ်တယ်ခေတ်တွင် လူဖြစ်နေကြရသည့် ကလေးများအတွက် ပုံနှိပ်မီဒီယာများကို ဆက်လက်ရှင်သန် ပေးနေရန်လိုပါသည်။ 826 National ဆိုသည့် NGO အဖွဲ့အစည်းသည် အသက် ၆ နှစ်မှ ၁၈ နှစ်အရွယ် ကလေးများအတွက် စာဖတ်ချင်စိတ်၊ စာရေးချင်စိတ်များ ပေါ်ထွန်းနိုင်အောင် ကြံဆောင်ပေးနေသည့် အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ထိုအဖွဲ့မှ CEO ဖြစ်သူ ဂျရဲလ် ရစ်ချတ်က -

"ကျွန်တော်တို့ ကလေးတွေကို စာအုပ်တွေ ဖတ်နေတာမြင်ရရင် အတော်လေးထူးခြားတဲ့ မြင်ကွင်းတစ်ခုကို မြင်ရသလိုဖြစ်နေတယ်။ သူတို့မှာ စာအုပ်လေးတွေ ပိုင်ဆိုင်နေရင် ယုံကြည်မှုတိုးစေတာပေါ့။ သူတို့ ရေးထားတဲ့ စာတွေကို ပုံနှိပ်စာလုံးတွေအဖြစ် တွေ့ရရင် ပိုပြီးပျော်မှာပေါ့။ နောက်ဆုံး စာအုပ်လေး တစ်အုပ်ပေါ်မှာ ကိုယ့်နာမည်ကိုယ် ရေးထိုးလိုက်ရတာကအစ ဘာနဲ့မှ မလဲနိုင်တဲ့ အတွေ့အကြုံတစ်ခုဖြစ်နိုင်ပါတယ်" ဟု ဆိုသည်။

ခေတ်သစ်ကလေးများသည် ကွန်ပျူတာပေါ်တွင် ခလုတ်တွေနှိပ်ပြီး ပျော်ရွှင်စရာတစ်ခုကို ရှာဖွေ နေကြရသူများ ဖြစ်လာသည်။ စာအုပ်အထိအတွေ့၊ စာအုပ်အရသာ၊ စာအုပ်၏ အကျိုးတရားနှင့် စာအုပ်၏ ခံစားချက်များကို ကလေးများအား ပြန်လည် လေ့ကျင့်ပျိုးမထောင်ထားနိုင်လျှင် ပုံနှိပ်မီဒီယာလောကသည် ပျောက်ဆုံးကောင်း ပျောက်ဆုံးနိုင်သည်။ ထို့ကြောင့်လည်း အမေရိကမှ 826 National လို အဖွဲ့အစည်းမျိုးတွေက စာအုပ် စာပေဖြင့် လောကတစ်ခုထူထောင်ရန် ပရောဂျက်များတစ်ခုပြီး တစ်ခု လုပ်ဆောင်နေသည်။ နိုင်ငံများတွင် လည်း ယခုကတည်းက အမြော်အမြင်များဖြင့် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်နေပြီဖြစ်သည်။

နိုင်ငံတကာတွင်လည်း သတင်းစာထုတ်လုပ်သူများအနေနှင့် ကျဆင်းနေသည့် လုပ်ငန်းများကို မနည်းရပ်တည် နိုင်စေရန် ထိန်းသိမ်းနေကြရသည်။ သို့သော် ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်တန်ဖိုးဖြင့် ရပ်တည်နိုင်ရေးကို ကြိုးစား ဆောင်ရွက်နေကြသည်။ The Guardian မှ အယ်ဒီတာ တစ်ဦးဖြစ်သူ ကက်သရင်း ဗီနာ၏ ပြောစကားကို နားထောင်ကြည့်စေချင်ပါသည်။

"ဂျာနယ်လစ်တွေက ပြည်သူနဲ့ သိပ်ပြီးတော့ ကင်းကွာသွားရင် သူတို့တင်ပြတဲ့ အကြောင်းအရာတွေက လူဖတ်ချင်တဲ့အကြောင်းအရာတွေဖြစ်တော့မှာ မဟုတ်ဘူး။ ပြည်သူနဲ့ သိပ်ကင်းကွာတဲ့ သတင်းတွေကို လူတွေက သိပ်ပြီး အယုံအကြည် မရှိတတ်ဘူး" ဟုဆိုသည်။ သူပြောချင်သည်မှာ အွန်လိုင်းပေါ်က သတင်း တိုင်းကို ပြည်သူတွေက ယုံချင်မှ ယုံမည်။ အောင်မြင်စွာ ဆက်ပြီး ရပ်တည်ချင်လျှင် ဂုဏ်သိက္ခာနှင့် ယုံကြည်မှုကို တည်ဆောက်ပြီး ခိုင်မာစွာ ရပ်တည်နိုင်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။

သတင်းအဖွဲ့အစည်းများသည် ကျဆုံးနေသည် မဟုတ်ပါ။ ယမန်နှစ်က Reuters သတင်းဌာနတွင် စာဖတ်သူ ၇ ရာခိုင်နှုန်းပင် တိုးလာကြောင်း Research Associate, Reuters Institute for the Study of Journalism အဖွဲ့က ထုတ်ပြန်ထားသည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း New York Times နှင့် Washington Post တို့သည် ရပ်တည်နေနိုင်သည်သာဖြစ်သည်။ The Guardian ဆိုလျှင် အွန်လိုင်းသတင်းအဖြစ်ပြောင်းထားရာ၌ ဖတ်သူပေါင်း မှတ်ပုံတင်ထားသူ သန်းချီရှိနေသော်လည်း ပိုက်ဆံပေးဖတ်နေသူ ၈ သိန်း ကျော်သာ ရှိတော့သည်။ သူတို့လည်း ကြော်ငြာဖြင့် ရပ်တည်နိုင်အောင် ကြိုးစားနေကြရသည်ကများသည်။ ကြော်ငြာ သမားတွေကလည်း အွန်လိုင်းကို စိတ်ဝင်စားလာကြသဖြင့် လိုင်းပြောင်းပြီး ထိုးဖောက်နိုင်ရန် ကြိုးစားနေ ကြခြင်းဖြစ်သည်။ သတင်းမီဒီယာတွေအားလုံးလည်း အွန်လိုင်းရော အော့ဖ်လိုင်းကိုပါ တွဲကိုင်နိုင်စေရန် ကြိုးစားနေကြရသည့်သဘောဖြစ်နေသည်။

၂၀၁၆ ခုနှစ်တွင် CareerCast သုတေသနအဖွဲ့က ဆန်းစစ်မှုတစ်ခုလုပ်ခဲ့သည်။ အမေရိကရှိ အကောင်းဆုံးနှင့် အဆိုးဆုံး အလုပ်များကိုဖြစ်သည်။ သတင်းထောက်အလုပ်သည် အမေရိက၏ အဆိုးဆုံး အလုပ်ဖြစ်သွားသည်။ ပုံနှိပ်မီဒီယာနှင့် သတင်းစာလုပ်ငန်းများ ကျဆင်းနေခြင်းနှင့်အတူ၊ လစာများ နည်းပါးလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများကလည်း အခြားလုပ်ငန်းများကို ယှဉ်ရန် မလွယ်ကူခြင်းတို့ကြောင့် သတင်းမီဒီယာလောက၏ အလုပ်များ ကျဆင်းခဲ့ရခြင်းဖြစ်သည်ဟု Fox 5NY သတင်းတွင် ထုတ်ပြန်သွားခဲ့သည်။ သတင်းသမားတစ်ဦး၏ လစာသည် တစ်နှစ်မှ ဒေါ်လာ ၃၇၂၀၀ သာရှိတော့သဖြင့် ထိပ်တန်းအဆင့် ၁၀ ခု၏ နောက်ကို ရောက်သွားရခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

Financial Times သတင်းစာတိုက်ကြီးမှ CEO ဖြစ်သူ အိုလစ်ဗီယား ဖလူးရော့ကလည်း

"ကမ္ဘာကြီးက ဒစ်ဂျစ်တယ်ဘက်ကို ရွေ့နေပြီ။ နည်းပညာတိုးတက်လာမှုက ပုံနှိပ်သတင်းတွေကို အင်တာနက်ထဲကို ရောက်အောင်ပို့နေတယ်။ ဒီပြောင်းလဲမှုကို သတိထားပြီး အော့ဖ်လိုင်းကနေ အွန်လိုင်းကို ဘယ်လိုကူးပြောင်းလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားရမယ်။ နည်းပညာကြောင့် ပြောင်းလဲနေမှုကို ဆန့်ကျင်လို့မရဘူး။ ကိုယ့်သတင်းစာ ဆက်ပြီးတော့ တည်တံ့နိုင်အောင် ထိန်းသိမ်းနိုင်ရေး စဉ်းစားရမှာ။ သတင်းအချက်အလက် အဝေးပြေးလမ်းမကြီးပေါ်မှာ ကိုယ်လည်း ပြေးနိုင်အောင်ကြိုးစား။ ကားတိုက်ခံပြီး သေသွားလို့မဖြစ်ဘူး" ဟု ထောက်ပြချက်ကလည်း စိတ်ဝင်စားစရာဖြစ်သည်။

အွန်လိုင်းဆိုသည့် မြင်ကွင်းသေးသေးကို မနှစ်မြို့သူ သတင်းစာသမား၊ စာသမားများစွာရှိပါသည်။ သူတို့သည် မိုးလင်းလျှင် သတင်းစာတစ်စောင်ကို ကိုင်ဖတ်လိုက်ရမှ ကျေနပ်သူများဖြစ်သည်။ အလားတူပင် စာအုပ်ကို ကိုင်ဖတ်ကာ အရသာ ခံနေသူများစွာလည်း ရှိနေသည်။ ထို့ကြောင့် ပုံနှိပ် အော့ဖ်လိုင်းမီဒီယာ ပျောက်ကွယ် သွားမည်လားဆိုသည့် မေးခွန်းကို မပျောက်ကွယ်နိုင်ဟု ဆိုရမည်။ အရေးကြီးသည်မှာ မှန်ကန်မှု၊ တိကျမှု၊ ဂုဏ်သိက္ခာနှင့် အွန်လိုင်းကို ယှဉ်ပြိုင်ရန်သာဖြစ်သည်။

ခေတ်ရေစီးကြောင်းကတော့ ပြောင်းလဲနေမည်သာဖြစ်သည်။ အများစုက နည်းပညာကို အားကိုးအားထားပြုနေကြသည်။ သတင်းကို ဖတ်ရန်ပင် အချိန်မရသူတွေက နားထောင်ရန် ကြိုးစားသည်။ စာအုပ်ကို ဖတ်ရန် အချိန်မရသူတွေက စာအုပ်ဖတ်ပြသည့် နည်းပညာကို အားထားကြသည်။ လူတွေမှာ ထိုင်ဖတ်ရန်အချိန် မပေးနိုင်။ ပြေးရင်းလွှားရင်း လှုပ်ရှားရုန်းကန်နေရသူ အများစုမှာ ဒစ်ဂျစ်တယ်ရေစီးကြောင်းနောက်ကို လိုက်ကုန်သည်။

တရုတ်နှင့် အိန္ဒိယလို လူဦးရေများသည့်နိုင်ငံကြီးများတွင် အွန်လိုင်းပေါ်တက်ပြီး သတင်းတွေ ထုတ်ပြန်ပေးနိုင်အောင်လုပ်လာကြသည်။ သို့သော် အွန်လိုင်းတွင် သတင်း သို့မဟုတ် စာများ ဖတ်နိုင်ရေးအတွက် AI ခေါ် ဉာဏ်ရည်တုများဖြင့် ထိန်းချုပ်နိုင်အောင် ကြိုးစားလာကြသည်။ ပိုက်ဆံပေးမှ စာဖတ်၍ရနိုင်စေရန် နည်းလမ်းများ တီထွင်ကြခြင်းဖြစ်သည်။ သူတို့လည်း အွန်လိုင်းနှင့် အော့ဖ်လိုင်း နှစ်မျိုးစလုံးတွင် ရပ်တည်ပြီး ညီမျှခြင်းချနေရသည့် ကာလတစ်ခုကို ကျော်ဖြတ်နေကြရဆဲဖြစ်သည်။

■ **(Ref: Research Associate, Reuters Institute for the Study of Journalism, The Guardian, Intermarkets)**


ဓာတ်ပုံ - ခင်လှိုင် Facebook Page

## ၂၉ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှာ စတုဒိသာကျွေးခဲ့တဲ့ ခင်လှိုင်တို့ ဇနီးမောင်နှံ

ရန်ကုန်၊ မေ ၂

ဟာသသရုပ်ဆောင် ခင်လှိုင်နဲ့ ဇနီးဖြစ်သူ ဒေါ်အေးအေးပြုံးတို့က မင်္ဂလာသက်တမ်း ၂၉ နှစ် ပြည့်တဲ့ အထိမ်းအမှတ်အဖြစ် မေလ ၁ ရက်နေ့တုန်းက ၎င်းတို့နေထိုင်ရာ ပေါ်ဆန်းလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ရှိ နေအိမ်မှာ စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။

"ဦးခင်လှိုင်တို့ မင်္ဂလာသက် ၂၉ နှစ်ပြည့်အလှူအဖြစ် ရပ်ကွက်ထဲမှာ ရှိတဲ့ ပရိသတ်တွေရော၊ လက်လှမ်းမီသလောက် ဖေ့စ်ဘွတ်ခ်ကနေ ဖိတ်ထားတဲ့ သူတွေရော ဝဝလင်လင် စားနိုင်အောင်၊ ထမင်း၊ သီးစုံပဲဟင်း၊ ဘဲဥချဉ်ဟင်းနဲ့ အာပြဲခြောက်ကြော်တို့နဲ့ စတုဒိသာကျွေးခဲ့ပါတယ်" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ယင်းသို့ ကျွေးမွေးလှူဒါန်းနိုင်တာကလည်း ခုနစ်ရက်သားသမီး ပရိသတ်တွေရဲ့အားပေးမှုကြောင့် ရလာတဲ့ အနုပညာ ကြေးလေးတွေကို စုဆောင်း သိမ်းဆည်းထားနိုင်တာကြောင့်ဖြစ်ပြီး၊ အလှူကို လာတဲ့ သူတွေအားလုံးက မြိန်ရည်ရှက်ရည် စားကြတဲ့အတွက်လည်း ပီတိဖြစ်ရကြောင်း ခင်လှိုင်က ပြောကြားပါတယ်။

"အလှူကိုလာတဲ့ သူအကုန်လုံးကလည်း စားကောင်းတယ်လို့ပြောကြတော့ အစ်မတို့လည်း ပီတိဖြစ်ပါတယ်။ အမြဲတမ်းလည်း လှူသွားမှာပါ။ ဦးခင်လှိုင်ကို အားပေးကြတဲ့ ထမင်းရှင်ပရိသတ်တွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအလှူလေးက ပရိသတ်တွေ အားလုံးနဲ့လည်း သက်ဆိုင်တယ်လို့ ပြောလို့ရပါတယ်" လို့ဇနီးဖြစ်သူ မအေးအေးပြုံးက ဆိုပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## 'ပုဂံမြို့သူ' ဇာတ်လမ်းတွဲ ရိုက်တုန်းက အတွေ့အကြုံတွေ အများကြီးရခဲ့တယ်ဆိုတဲ့ မေမြင့်မိုရ်

ရန်ကုန်၊ မေ ၂

မြန်မာတို့ရဲ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ ပုဂံမှာ သွားရောက်ရိုက်ကူးခဲ့တဲ့ 'ပုဂံမြို့သူ' ဇာတ်လမ်းတွဲကြောင့် အတွေ့အကြုံတွေ အများကြီးရခဲ့ကြောင်း သရုပ်ဆောင် မေမြင့်မိုရ်က The Voice ကို ပြောကြားပါတယ်။

"ဒီဇာတ်လမ်းတွဲ ရိုက်တော့မှ ပုဂံနဲ့ ပတ်သက်ပြီး ညီမ မသိသေးတဲ့ အကြောင်းတွေလည်း အများကြီးသိခဲ့ ရတယ်။ ဦးကျော်သူဆီကနေလည်း သရုပ်ဆောင်ပညာနဲ့ ပတ်သက်ပြီး အများကြီး လေ့လာသင်ယူခွင့်ရခဲ့ပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်း ရုပ်သံဇာတ်လမ်းတွဲက လူဝင်စားအကြောင်းကို အခြေခံပြီး ရိုက်ကူးထားတာဖြစ်တဲ့အတွက် ပရိသတ်တွေ အနေနဲ့ ထူးထူးခြားခြားလေး ကြည့်ရှုခံစားရမှာဖြစ်ကြောင်း၊ အချစ်၊ ဒရာမာ ဇာတ်လမ်း ကောင်းကောင်းကြည့်ချင်သူတွေ နှစ်သက်မယ်လို့လည်း ယုံကြည်ကြောင်း မေမြင့်မိုရ်က ပြောကြားပါတယ်။

"ဒီဇာတ်လမ်းတွဲမှာ ညီမက မစောလတ်ဆိုတဲ့ ပုဂံကမိန်းကလေးတစ်ယောက်အနေနဲ့သရုပ်ဆောင်ထားပါတယ်။ ပုဂံမှာ အကြာကြီးနေပြီး ရိုက်ခဲ့ရတော့ ဇာတ်ကားမှာ ပါတဲ့သူတွေ အကုန်လုံးက ပိုပြီး ရင်းနှီးသွားကြတယ်။ ဟိုတယ်တစ်ခုတည်းမှာ တည်းကြတာဆိုတော့ ညဘက်ဆိုလည်း ဇာတ်ညွှန်းကိုဖတ်ပြီး တိုင်ပင်ကြတယ်။ ပြင်ဆင်ကြတယ်" လို့ ၎င်းက ဆိုပါတယ်။

စာရေးဆရာ မောင်သိန်းဆိုင် ရေးသားတဲ့ ဝတ္ထုကို အခြေခံပြီး ရိုက်ကူးထားတဲ့ 'ပုဂံမြို့သူ' ဇာတ်လမ်းတွဲကို ဒါရိုက်တာကျော်သူက ရိုက်ကူးပြီး သရုပ်ဆောင် ဒေါင်း၊ ထူးအောင်နဲ့ မေမြင့်မိုရ်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

## သီချင်းအခွေသစ်နဲ့ အောင်ပွဲခံဦးမယ့် အန်နီမာရီ

အန်နီမာရီဟာ အင်္ဂလိပ် တေးသံရှင်နဲ့ သီချင်းရေးသားသူ ဖြစ်ပါတယ်။ ဗြိတိန်တေးသီချင်းများ ထိပ်တန်းစာရင်းမှာ Rockabye လို အောင်မြင်တဲ့ သီချင်းများစွာနဲ့ ထိပ်တန်းမှာ ရှိခဲ့သူဖြစ်ပါတယ်။

Speak Your Mind ဆိုတဲ့ သီချင်းအခွေကို ဧပြီလ ၂၇ ရက်နေ့မှာ အန်နီမာရီရဲ့ ပရိသတ်တွေဆီကို ပို့လိုက်ပြန်ပါပြီ။

အဆိုပါ အခွေထွက်မယ့်သတင်းဟာ ၂၀၁၈ အစောပိုင်း ကတည်းက အသံထွက်ခဲ့ပေမယ့် ယခုအချိန်မှ ပရိသတ်တွေ ဆီကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။

သီချင်း ၁၂ ပုဒ်ပါဝင်တဲ့ Speak Your Mind အခွေထဲက သီချင်း ၆ ပုဒ်ဟာ single အဖြစ် ကနဦးထွက်ရှိထားပြီး ပရိသတ်နှစ်သက်လက်ခံမှုကို ရရှိပြီးသား ဖြစ်ပါတယ်။

Single များစွာအောင်မြင်ခဲ့တဲ့ အန်နီမာရီ ဗြိတိန်မလေးဟာ Speak Your Mind ဆိုတဲ့အခွေနဲ့ ပထမဆုံး တေးအယ်ဘမ်ကို ခြေလှမ်းလိုက်ပြီဖြစ်ပါတယ်။

သူ့ကိုယ်သူ bisexual လိင်တူလိင်ကွဲ နှစ်သက်သူလို့ သရုပ်ဖော်ထားတဲ့ အန်နီမာရီဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တဲ့ တေးသီချင်းသီဆိုသူတစ်ဦးအဖြစ် ရပ်တည်နေနိုင်ပြီဖြစ်ပါတယ်။

ဂီတသက်တမ်း ၂ နှစ်အတွင်းမှာ သြဇာကြီးဆုပေါင်းများစွာရဲ့ဆန်ခါတင်စာရင်းအထိ ပါဝင်ခဲ့ပြီး Rockabye သီချင်းနဲ့ iHeart Radio က Best Global Track ဆုကို ရရှိခဲ့ပါတယ်။

F-02





## ရုပ်သံဇာတ်လမ်းတွဲ 'Pretty Noona Who Buys Me Food' ရိုက်ကူးမှု အတွေ့အကြုံတွေကို ပြောပြတဲ့ ဂျောင်ဟေအင်

ဆိုးလ်၊ မေ ၂

တောင်ကိုရီးယားနိုင်ငံမှာ လက်ရှိထုတ်လွှင့်ပြသနေပြီး အောင်မြင်မှု များစွာ ရရှိနေတဲ့ 'Pretty Noona Who Buys Me Food' ဇာတ်လမ်းတွဲကို ရိုက်ကူးရမှု အတွေ့အကြုံတွေကို သရုပ်ဆောင် ဂျောင်ဟေအင်က ဖွင့်ဟ ပြောကြားခဲ့ပါတယ်။

"ဒီဇာတ်လမ်းတွဲကို ပျော်ပျော်ရွှင်ရွှင်နဲ့ ရိုက်ကူးနိုင်ခဲ့ပါတယ်။ နေ့တိုင်းလည်း ကျေးဇူးတင်နေရပါတယ်။ ဇာတ်ကားရိုက်ရင်း ပျော်ရွှင်ရတယ်ဆိုတာကို ဒီဇာတ်လမ်းတွဲကို ရိုက်တော့မှ စသိခဲ့ရတာပါ။ ပရိသတ်တစ်ယောက်နေရာကနေ ခံစားကြည့်ရှုဖြစ်တာလည်း ပထမဆုံး အကြိမ်ပါပဲ" လို့ ဂျောင်ဟေအင်က ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲမှာ ပြောကြားခဲ့ပါတယ်။

"အစပိုင်းမှာတော့ ကာရိုက်တာအရ ချစ်ခန်းကြိုက်ခန်းတွေ ရိုက်ရတာ နည်းနည်းတော့ ရှုံးတိုးရှန့်တန့် ဖြစ်တယ်။ ဒီလို ဖြစ်နေတာကပဲ ဇာတ်လမ်းတွဲထဲက ကျွန်တော်တို့နှစ်ယောက်ရဲ့ဆက်ဆံရေးကို အကောင်းမွန်ဆုံး ပုံဖော်နိုင်အောင် အထောက်အပံ့ပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ်" လို့ ၎င်းကဆိုပါတယ်။

"ရိုက်ကွင်းပေါ်မှာ ဆွန်ရီဂျင်က ကျွန်တော့်ကို ဂရုစိုက်သလို၊ သက်သောင့်သက်သာ နေနိုင်အောင်လည်း ကူညီပေးတာကြောင့် ဇာတ်လမ်းတွဲ ရိုက်ကူးရတာကို ပျော်ရွှင်လာပါတယ်" လို့ ဂျောင်ဟေအင်က ပြောကြားခဲ့ပါသေးတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ဆွန်ရီဂျင်က အချစ်ရေးကံခေတဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်ဖြစ်ပြီး သူငယ်ချင်းဖြစ်သူရဲ့မောင်ငယ်လေးနဲ့တွေ့တဲ့အချိန်မှာ အရူးအမူး ချစ်မိသွားတဲ့အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်။

# ‘ပြောင်းလဲချိန်တန်ပြီ’ ဇာတ်ကားမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေကို မြဝတီရုပ်သံက Ban ထားတယ် ဆိုတဲ့ လူမင်း

**ရန်ကုန်၊ မေ ၂**


ဓာတ်ပုံ- သန့်ဇင်ဦး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ( NLD ) ရဲ့ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးဇာတ်လမ်းတိုဖြစ်တဲ့ ‘ပြောင်းလဲချိန်တန်ပြီ’ မှာ ပါဝင်တဲ့ သရုပ်ဆောင်တွေကို မြဝတီရုပ်သံက Ban ထားတယ်လို့ ကြားသိရကြောင်း သရုပ်ဆောင် လူမင်းက The Voice ကိုပြောကြားပါတယ်။

“ဒီဇာတ်ကားမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေဆိုရင် တရားဝင်မဟုတ်ပေမယ့် မြဝတီရုပ်သံက ကျွန်တော်တို့ကို Ban ထားတယ်ဆိုတာ သိရတယ်။ ကျွန်တော်တို့ဇာတ်ကားတွေကို Blacklist ထည့်ထားတယ်ပေါ့နော်။ ကျွန်တော်တို့ အရုပ်၊ အသံတွေကို မလွှင့်ဘူးဆိုတာ တရားဝင်စာထုတ်ထားလားမေးတော့ မရှိပေမယ့် ပြောင်းလဲချိန်တန်ပြီ ဇာတ်ကားမှာ ပါတဲ့သူတွေကို ပိတ်ထားတယ်လို့ ကြားတော့ စိတ်မကောင်းဘူး” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ယင်းအကြောင်းနဲ့ ဆက်နွှယ်ပြီး တပ်မတော်အပေါ်မှာထားတဲ့ သဘောထားအမြင်ကို သရုပ်ဆောင် လူမင်းက သင်္ကြန်ပွဲတော်ကာလတုန်းက တပ်မတော် နည်းပညာတက္ကသိုလ် ရေကစားမဏ္ဍပ်စင်မြင့်ထက်မှာ ပြောကြားခဲ့တဲ့အခါမှာတော့ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်မှာ ဝေဖန်မှုတွေလည်း ရှိခဲ့ပါတယ်။

“သင်္ကြန်တွင်းမှာ ရုပ်ရှင်ရိုက်ရင်းနဲ့ တပ်မတော် နည်းပညာတက္ကသိုလ်ကို ရောက်သွားတော့ ကျောင်းသားတွေကို ဖျော်ဖြေရင်းနဲ့ စင်မြင့်ထက်မှာ ကျွန်တော်ပြောခဲ့တဲ့ စကားပါ။ ကျွန်တော်တို့ အနုပညာရှင်တွေထဲက NLD ဘက် ရပ်တည်တဲ့သူတွေကို တချို့က ဆန့်ကျင်ဘက်လို မြင်နေကြတယ်။ နိုင်ငံတော်အတွက် ပြည်သူလူထုနဲ့အတူ ကျွန်တော်တို့ NLD ဘက်က ရပ်တည်ခဲ့ပါတယ်။ အဲ့ဒါသည် တပ်မတော်ကို မုန်းခြင်းကြောင့် မဟုတ်ပါဘူး။ တပ်မတော်ကို ချစ်ပါတယ်လို့ ပြောခဲ့တာပါ” လို့ ၎င်းကဆိုပါတယ်။

# ‘ဒုဋ္ဌဝတီကိုလွှန်၍’ ရုပ်ရှင်မှာ ပါဝင်ဖို့ Audition ဝင်ခဲ့ရတဲ့ အမွန်း

**ရန်ကုန်၊ မေ ၂**



ပရိသတ်တွေ စိတ်ဝင်စားနေကြတဲ့ အက်ရှင်အသားပေး မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်တဲ့ ‘ဒုဋ္ဌဝတီကို လွှန်၍’ ဇာတ်ကား မှာ ပါဝင်ခွင့်ရဖို့အတွက် Audition ဝင်ပြီးမှ အရွေးချယ်ခံခဲ့ရတာ ဖြစ်ကြောင်း တေးသံရှင် အမွန်းက The Voice ကို ပြောကြားပါတယ်။

“ဒီကားမှာ ပါဝင်ဖို့ ကိုအာကာက ညီမကို ကမ်းလှမ်းတယ်။ ထုတ်လုပ်သူကတော့ ညီမက အသစ်ဖြစ်တဲ့အတွက် ဖြစ်ပါ့မလားဆိုပြီး စိုးရိမ်တာပေါ့နော်။ ညီမက ဒါရိုက်တာနဲ့ ထုတ်လုပ်သူရှေ့မှာ Audition (သရုပ်ဆောင်ပြရ) ဝင်ခဲ့ရတယ်။ နောက်တော့မှ ညီမကို ရွေးတယ်ဆိုတာ အကြောင်းကြားခဲ့တာပါ” လို့ ၎င်းက ထပ်လောင်း ပြောကြားပါတယ်။

ယင်းဇာတ်ကားမှာတော့ သမိုင်းကြောင်းတွေကို သိထား၊ နားလည်ထားတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ရတာကြောင့် ပင်ကိုက စကားကို မြန်မြန်ပြောတတ်တဲ့ အကျင့်ရှိပေမယ့် ဇာတ်ရုပ်နဲ့ လိုက်ဖက်အောင် ထိန်းပြီး ပြောရတာမျိုးတော့ရှိကြောင်း တေးသံရှင်အမွန်းက ပြောကြားပါတယ်။

“ဒီကားက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရိုက်ထားတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် ပရိသတ်တွေ မကြိုက်တော့မှာကို စိုးရိမ်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်တိုင် ပရိသတ်တစ်ယောက်အနေနဲ့ ပြန်ကြည့်တဲ့အချိန်မှာ ခံစားလို့ရပါတယ်။ ပရိသတ်တွေဆီက ဝေဖန်မှု၊ အကြံပြုမှုတွေကိုလည်း ညီမ နားထောင်ဖို့ အဆင်သင့် ဖြစ်နေပါပြီ” လို့၎င်းက ဆိုပါတယ်။

Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရဲနောင် ရေးသားထားတဲ့ ဇာတ်လမ်းကို လူငယ်ဒါရိုက်တာ အာကာ ရိုက်ကူးတဲ့ ‘ဒုဋ္ဌဝတီကိုလွှန်၍’ ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် နိုင်းနိုင်း၊ ဆန်းထွန်း၊ ဇော်ဇော်အောင်၊ နော်အောင်၊ အမွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

# “ဒုဋ္ဌဝတီကို လွှန်၍’ ဇာတ်ကားက ပရိသတ်တွေရဲ့ အမြင်ကို ပြောင်းလဲစေချင်လို့ ကျွန်တော်တို့အားလုံး ကြိုးစားထားတဲ့ ဇာတ်ကားပါ”

## နိုင်းနိုင်းနဲ့ တွေ့ဆုံခြင်း

**သန့်ဇင်ဦး**

**နာမည်ကျော် သရုပ်ဆောင် နိုင်းနိုင်းနဲ့ တွေ့ဆုံပြီး မေလ ၄ ရက်နေ့မှာ ရုံတင်ပြသတော့မယ့် ‘ဒုဋ္ဌဝတီကို လွှန်၍’ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် စရိုက်အကြောင်း၊ ရိုက်ကွင်းအတွေ့အကြုံများနဲ့ ဇာတ်ကားအပေါ် မျှော်လင့်ချက်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**


ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ဒုဋ္ဌဝတီကို လွှန်၍ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း ကနေစပြီး ပြောပြပေးပါဦး။**

**NN:** ဒီဇာတ်ကားကတော့ ရတနာပစ္စည်းတစ်ခုကို ရှာတဲ့အကြောင်းလေးကို အခြေခံပြီး ရိုက်ပြထားတာပါ။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ပြင်သစ်မှာနေတဲ့ မြန်မာလူငယ်တစ်ယောက်ပေါ့။ အကြောင်းကြောင်းကြောင့် မြန်မာပြည်ကို ပြန်ရောက်လာတဲ့အချိန်မှာ ကိုယ့်အဖေရဲ့ ပြဿနာထဲမှာ ဝင်ပါသွားတဲ့အကြောင်းလေးပါပဲ။ ဇာတ်လမ်းက တကယ်ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာထက် ပရိသတ်တွေအတွက် ဖျော်ဖြေရေးတစ်ခုအနေနဲ့ ရုပ်ရှင်ဆန်ဆန် ဖန်တီးထားတဲ့ ဇာတ်ကားလေးပါပဲ။ ဇာတ်ကားကို ကြည့်ပြီးတော့ လိုအပ်တာတွေကို ဝေဖန်အကြံပေးလို့လည်း ရပါတယ်။

**Voice: ဇာတ်ကားကို ပြန်ကြည့်ရတဲ့အချိန်မှာရော ဘယ်လောက်အထိ ကျေနပ်အားရမှုရှိလဲ။**

**NN:** ဒီဇာတ်ကားကို အထူးပွဲပြတော့မှ ကျွန်တော်လည်း သေချာပြန်ကြည့်ရတာပါ။ ဇာတ်ကားကို ဒါရိုက်တာနဲ့ ထုတ်လုပ်သူပိုင်းက တစ်ဆင့်ပြီးတစ်ဆင့် ကောင်းအောင် လုပ်နေကြတဲ့အချိန်မှာတော့ ကျွန်တော် မကြည့်ရဘူး။ ကျွန်တော်တို့ ရိုက်တုန်းက တချို့ ဇာတ်ဝင်ခန်းတွေမှာဆို ကွန်ပျူတာ အထူးပြုလုပ်ချက်တွေ မပါသေးဘူး။ အခု ပြန်ကြည့်ရတဲ့အခါမှာတော့ အမြင်ဆန်းနေတယ်။ ပရိသတ်တွေလည်း သဘောကျမယ်လို့ ထင်ပါတယ်။

**Voice: ဒီဇာတ်ကားမှာ အက်ရှင်ဇာတ်ဝင်ခန်းတွေကို ကိုယ်တိုင်ကြိုးစားပြီး လုပ်ဆောင်ခဲ့တယ်နော်။ ဘယ်လို အခက်အခဲတွေရော ရှိခဲ့လဲ။**

**NN:** ဒီဇာတ်ကားအတွက် Pre Production လုပ်တုန်းက ကျွန်တော့် ခြေထောက် ခေါက်သွားတယ်။ အဲ့ဒီတော့ ဇာတ်ကား တစ်ကားလုံးက ခြေထောက်အနာကြီးနဲ့ ကျွန်တော် တောက်လျှောက် ရိုက်ထားတာပါ။ ဒါပေမဲ့ ကြည့်လိုက်ရင်တော့ သိပ်မသိသာဘူး။ ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ပြီး ရင် ကျွန်တော့်ခြေထောက်တွေက ညိုမည်းစွဲနေရော။ မနက်ဆိုရင် ခြေထောက် ထောက်လို့မရဘူး။ ခြေထောက် သိပ်မနာအောင်လို့ ထုံဆေးတွေ ဖျန်းပြီး ရိုက်ခဲ့တာပါ။

**Voice: ဒီဇာတ်ကား ရိုက်ကွင်းပေါ်မှာရော ထိခိုက်ဒဏ်ရာရတာမျိုး ရှိခဲ့လား။**

**NN:** ကျွန်တော်တို့က အတတ်နိုင်ဆုံးတော့ အန္တရာယ်ကင်းအောင် သတိထားပြီး ရိုက်ရတာပေါ့ နော်။ ဆိုင်ကယ်စီးတဲ့ အခန်းမှာတော့ ပြေးရင်းလွှားရင်း ရိုက်ရတဲ့အခန်း ဖြစ်တဲ့အတွက် ဆိုင်ကယ်စီးတဲ့ ဦးထုပ်မဝတ်လိုက်မိဘူး။ ရိုက်တဲ့အခါမှာတော့ နည်းနည်း ဂရုစိုက်ရတာပေါ့။ အဲဒီအခန်း ရိုက်တုန်းက မန္တလေးက ဆိုင်ကယ်စတန့်သမားတွေကလည်း ဝိုင်းကူပေးကြပါတယ်။ သူတို့ကြောင့် ဇာတ်ကားလည်း ရုပ်လုံးပိုကြွသွားတာပေါ့နော်။ ဒါရိုက်တာ လိုချင်တဲ့အတိုင်းရအောင်လည်း ဆိုင်ကယ်ကို ခဏခဏ မှောက်ပေးကြတယ်။ သူတို့ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**Voice: ကိုနိုင်းနိုင်းအတွက် အမှတ်တရအရှိဆုံး ဇာတ်ဝင်ခန်းဆိုရင်ရော ဘယ်အခန်းဖြစ်မလဲ။**

**NN:** ကျွန်တော့်အတွက် အမှတ်တရ အရှိဆုံးကတော့ ဆန်းထွန်းနဲ့ ကားချင်းတိုက်တဲ့အခန်းပေါ့။ ကျွန်တော်တို့က ကားမောင်းရင် မတိုက်အောင်ဘဲ မောင်းခဲ့တာလေ။ ဇာတ်ကားထဲမှာ ကားချင်းတိုက်ရတဲ့ အခန်းရိုက်တော့လည်း ကားနှစ်စီးတိုက်ခါနီးမှာ ချက်ချင်းပြန်ပြန်ရှောင်လို့ ဒါရိုက်တာအာကာက တိုက်မှရတော့မယ် ကိုနိုင်းလို့ သတိပေးရတယ်။ သူပြောတော့မှပဲ နှစ်ယောက်လုံးက ကားချင်းစတိုက်ကြတော့တာပါ။ အဲ့ဒီအခန်းကို ရွှေတိဂုံဘုရားနားက လမ်းမပေါ်မှာ ရိုက်ခဲ့တယ်။ လသာ ၁၉ လမ်းဘက်မှာလည်း ညဘက်ကြီး ရိုက်ခဲ့တယ်။ အဲ့ဒီအခန်း ရိုက်တုန်းက ယာဉ်ထိန်းရဲ အဖွဲ့ဝင်တွေကလည်း အများကြီးကူညီပေးခဲ့ကြပါတယ်။

**Voice:ကိုယ့်ရုပ်ရှင်ဇာတ်ကားတွေလည်း ရုံမတင်တာ ကြာပြီဆိုတော့ ‘ဒုဋ္ဌဝတီကို လွှန်၍’ ဇာတ်ကားအပေါ်ရော ဘယ်လောက်အထိ မျှော်လင့်ထားလဲ။**

**NN:** ဒုဋ္ဌဝတီကို လွှန်၍ ဇာတ်ကားက ပရိသတ်တွေရဲ့ အမြင်ကို ပြောင်းလဲစေချင်လို့ ကျွန်တော်တို့အားလုံး ကြိုးစားထားတဲ့ ဇာတ်ကားပါ။ ပရိသတ်တွေ ကြည့်ရတဲ့အခါမှာ ဇာတ်ကားလေးက ကြည့်ရတာ တန်တယ်လို့ ခံစားရတယ်ဆိုရင် ကျွန်တော်တို့အားလုံး ကြိုးစားရကျိုး အရမ်းနပ်သွားပါပြီ။ ကျွန်တော့်ဇာတ်ကားတွေလည်း ရုံမတင်တာကြာပြီဆိုတော့ ရင်လည်း ရင်ခုန်ပါတယ်။ အက်ရှင်ကားကောင်းကောင်း ကြည့်ချင်တဲ့ ပရိသတ်တွေကတော့ ဒီကားလေးကို ကြိုက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

# ဂျာမနီ စစ်ဘက်အသုံးစရိတ် ၂၀၁၇ တွင် ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံအထိ မြင့်တက်


Getty Images

**စတော့ဟုမ်း၊ မေ ၂**

ဂျာမနီနိုင်ငံ၏ စစ်ဘက်အသုံးစရိတ်သည် ၂၀၁၇ တွင် စစ်အေးခေတ်နောက်ပိုင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်ဟု စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျူ SIPRI အစီရင်ခံစာတွင် ဖော်ပြထားကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၇ အတွင်း ကမ္ဘာတစ်ဝန်းတွင် စစ်ဘက်ကဏ္ဍအတွက် ဒေါ်လာ ၁၇၃၉ ဘီလီယံ သုံးစွဲခဲ့ကြရာ ၂၀၁၆ ထက် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု အစီရင်ခံစာက ဆိုသည်။

တရုတ်နိုင်ငံသည် ၂၀၁၇ တွင် ကာကွယ်ရေးအသုံးစရိတ် ၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ကာ ၂၂၈ သန်းအထိ သုံးစွဲခဲ့ပြီး ကမ္ဘာ့ကာကွယ်ရေးစရိတ် အများဆုံးသုံးစွဲမှုစာရင်းတွင် အမေရိကန်၏နောက်၊ အခြားနိုင်ငံများ၏ရှေ့ ဒုတိယနေရာတွင် ရပ်တည်နေသည်ဟု သိရှိရသည်။

DW သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုတွင် SIPRI မှ ပီတာ ဝီဇမန်းက တရုတ်နိုင်ငံသည် စီးပွားရေးအလွန်ကြီးမားပြီး အလွန်ကြီးမားသော တိုင်းပြည်ဖြစ်သောကြောင့် ဒေသတွင်း အင်အားကြီးရုံသာမကဘဲ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်လိုသော ဆန္ဒရှိပြီး ထိုရည်မှန်းချက်ကို စစ်ဘက်အသုံးစရိတ်က ထင်ဟပ်နေသည်ဟု ပြောကြားသည်။

စစ်ဘက် အသုံးစရိတ်များပြားသော နိုင်ငံများစာရင်းတွင် အခြား ခုနစ်နိုင်ငံစုစုပေါင်းထက် ပိုများသော အမေရိကန်ပြည်ထောင်စုတွင် သမ္မတထရမ့်ကတွန်းအားပေးလျက်ရှိသော ကာကွယ်ရေးဘတ်ဂျက် တိုးမြှင့်ရေးအစီအစဉ်အပေါ် ဆန့်ကျင်ကန့်ကွက်မှုများကို ရင်ဆိုင်နေရသော်လည်း အချိန်တန်လျှင် သမ္မတထရမ့်၏ ရည်မှန်းချက်ပြည့်ဝကာ လာမည့်နှစ်များတွင် အမေရိကန်၏ ပိုမိုမြင့်တက်လာသော စစ်ရေးအသုံးစရိတ်ကို မြင်တွေ့ရနိုင်သည်ဟု ၎င်းက မှတ်ချက်ပေးသည်။

အရှေ့အလယ်ပိုင်းတွင်လည်း စစ်ဘက်အသုံးစရိတ် အထူးတလည် မြင့်တက်လျက်ရှိပြီး ကမ္ဘာတွင် ဂျီဒီပီနှင့် နှိုင်းယှဉ်လျှင် စစ်လက်နက်အသုံးစရိတ် မြင့်မားနေသော ၁၀ နိုင်ငံအနက် ခုနစ်နိုင်ငံမှာ အဆိုပါဒေသတွင် တည်ရှိသည်ဟု သိရှိရသည်။ အဆိုပါနိုင်ငံများမှာ အိုမန်၊ ဆော်ဒီအာရေဗီယား၊ ကူဝိတ်၊ ဂျော်ဒန်၊ အစ္စရေးနှင့် လက်ဘနွန်တို့ဖြစ်သည်။

ဆော်ဒီ၊ ယူအေအီးနှင့် ကာတာနိုင်ငံတို့သည် ၎င်းတို့ ဂျီဒီပီ၏ အလွန်များပြားသော ငွေပမာဏကို စစ်ရေးဘတ်ဂျက်တွင် အသုံးပြုရန် ပြင်ဆင်ထားကြသည်။ သာဓကအနေနှင့် ဆော်ဒီသည် ဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းကို စစ်ရေးဘတ်ဂျက်တွင် အသုံးပြုနေပြီး ထိုအချက်သည် ဒေသတွင်းပြိုင်ဘက် အီရန်အား စောင့်ကြည့်နေခြင်းကို ပြသနေသည်။ ဆီးရီးယားနှင့် ယီမင်မှ စစ်ပွဲများသည်လည်း ထိုနိုင်ငံများ၏ စစ်အသုံးစရိတ် မြင့်မားမှုကိုသာမကဘဲ ၎င်းတို့၏ ရည်မှန်းချက်များ ပြည့်ဝစေရန်အတွက် ထိုလက်နက်များကို အသုံးပြုရန် ပြင်ဆင်ထားခြင်းကို ညွှန်ပြနေသည်။

တစ်ဖက်မှ အီရန်မှာမူ စစ်ရေးအသုံးစရိတ် သိသိသာသာ နည်းပါးနေပြီး ကာကွယ်ရေးဘတ်ဂျက်ကို တိုးမြှင့်လိုသော်လည်း နိုင်ငံ၏ စီးပွားရေး အခြေအနေက လောလောဆယ် ခွင့်မပြုနိုင်သေးဟု သိရှိရသည်။

ရေနံအပေါ် မှီခိုနေရသော အာဖရိကနိုင်ငံများတွင်မူ ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် ကာကွယ်ရေး ဘတ်ဂျက်ကို လျှော့ချနေရသည်ဟု ဆိုသည်။ သို့ရာတွင် အစိုးရစစ်တပ်နှင့် သူပုန်များအကြား တိုက်ပွဲဖြစ်ပွားနေသော ဆူဒန်နိုင်ငံ အပါအဝင် နိုင်ငံအချို့တွင်မူ အခြေအနေပေါ်မူတည်ကာ စစ်ရေးအသုံးစရိတ် မြင့်တက်နေသည်။

ဥရောပအလယ်ပိုင်းတွင် စစ်ရေးအသုံးစရိတ် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အနောက်ဥရောပတွင်မူ ၁.၇ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သည်။ ပြီးခဲ့သော ၁၀ နှစ်အတွင်း ရုရှား၏စစ်ရေးအသုံးစရိတ် တိုးမြှင့်မှုကြောင့် ယူကရိန်းနှင့် ပိုလန် အပါအဝင် နိုင်ငံအချို့ကလည်း ၎င်းတို့၏ ကာကွယ်ရေးဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲခဲ့ကြရသည်။ နေတိုးစစ်အုပ်စုကလည်း ဥရောပရှိ စစ်အင်အားကို တိုးမြှင့်ခဲ့သည်။ သို့ရာတွင် လက်ရှိ ရုရှား၏ စစ်ရေးအသုံးစရိတ်သည် ၂၀၁၆-၂၀၁၇ နှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာခြင်းမရှိဟု ဆိုသည်။

သက်ဆိုင်ရာ နိုင်ငံများအနေနှင့် အဆိုပါအချက်အလက်များကို ထည့်သွင်းစဉ်းစားကာ ကာကွယ်ရေးဘတ်ဂျက်ကို တိုးမြှင့်မလား၊ အကျပ်အတည်းကို အခြားနည်းဖြင့် ဖြေရှင်းမလား ဆိုသည်ကို စဉ်းစားသုံးသပ်ကြရလိမ့်မည်ဟု SIPRI မှ ပီတာ ဝီဇမန်းက ပြောကြားသည်။

■ F-04






BBC

မဲလ်ဘုန်းတရားရုံးမှထွက်လာသည့် ကာဒီနယ်ပဲလ်

## ဗာတီကန် ဘဏ္ဍာရေးဝန်ကြီးကို သမိုင်းနှင့်ချီသည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုများဖြင့် စွဲချက်တင်

**ကန်ဘာရာ၊ မေ ၂**

ဗာတီကန်မြို့ပြနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ကာဒီနယ်ဘုန်းတော်ကြီးဂျော့ချ် ပဲလ်သည် သမိုင်းနှင့်ချီသည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုများအတွက် အမှုရင်ဆိုင်ရတော့မည်ဖြစ်ပြီး ကက်သလစ်ကျောင်းတော်သမိုင်းတွင် လိင်မှုကိစ္စဖြင့် စွဲချက်တင်ခံရသူများထဲတွင် ရာထူးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့ကြောင်း CNN သတင်းဌာနက ဖော်ပြသည်။

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ ရာဇဝတ်တရားသူကြီး ဘယ်လင်ဒါ ဝယ်လင်တန်က မတ်လအတွင်းက သက်သေအမြောက်အမြား၏ ထွက်ဆိုချက်များကို ကြားနာခဲ့ပြီးနောက် မေလ ၁ ရက်နေ့တွင် စွဲချက်တင်ရန် လုံလောက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စွပ်စွဲမှုထက်ဝက်ခန့်မှာ မခိုင်လုံဟု တရားသူကြီးက ပယ်ဖျက်ခဲ့သော်လည်း ကျန်ရှိသည့် သက်သေများနှင့်ပင် ခရစ်ယာန်ဘုန်းတော်ကြီး ပဲလ်ကို အမှုအများအပြားဖြင့် စွဲချက်တင်ရန် သက်သေလုံ

စာ-23

## ဥရောပ လက်ယာစွန်းအုပ်စုများက အီးယူရွေးကောက်ပွဲများကို မျှော်မှန်း

**ပဲရစ်၊ မေ ၂**

အင်္ဂါနေ့က နိုက်စ်မြို့ဥရောပလက်ယာစွန်းအုပ်စုများ လူထုစည်းဝေးပွဲတွင် ပြင်သစ် လက်ယာစွန်း နိုင်ငံရေးသမားမာရင်းလာပန်က အီးယူကို အခြေခံကျကျ ပြောင်းလဲကြရန် ဥရောပ အမျိုးသားရေးဝါဒီများကို တိုက်တွန်းလိုက်သည်ဟု DW သတင်းတွင် ဖော်ပြထားသည်။

မစ္စလီပန်က ဥရောပလက်ယာစွန်းမဟာမိတ်များကို နှိုးဆော်ရန် ကြိုးစားခဲ့သော်လည်း ရေပန်းစားသော အဓိကခေါင်းဆောင်အချို့ တက်ရောက်ခြင်း မရှိခဲ့ပေ။

လူဝင်မှုဆန့်ကျင်ရေးနှင့် အီးယူဆန့်ကျင်ရေး နိုင်ငံရေးသမားများသည် လာမည့်နှစ် ဥရောပပါလီမန် ရွေးကောက်ပွဲများ မတိုင်မီ မဲဆွယ်စည်းရုံးရေးကို အားဖြည့်ဖို့ ကြိုးစားသည့်အနေနှင့် အတူတကွစည်းဝေးခဲ့ကြခြင်းဖြစ်သည်။



"ဥရောပပေါင်းစည်းမှုဟာ အိုင်ဒီယာကောင်းတစ်ခုပါ။ ဒါပေမဲ့ ဒီအချက်ကို အီးယူက ဖျက်ဆီးပစ်နေတယ်။ အီးယူဟာ ကျွန်မတို့ နိုင်ငံတွေကို ဆိုးဝါးတဲ့ အကျိုးဆက်တွေဖြစ်စေခဲ့တယ်။ အီးယူကို ကျွန်မတို့ အခြေခံကျကျ ပြောင်းလဲကြရမယ်" ဟု မစ္စလီပန်က ပြောကြားသည်။

"လွတ်လပ်သောနိုင်ငံများ၏ဥရောပ" MENF လှုပ်ရှားမှုတွင် ပါဝင်သော ဥရောပလက်ယာစွန်းပါတီများမှ ကိုယ်စားလှယ်များက ပြင်သစ်လက်ယာစွန်း FN ပါတီခေါင်းဆောင် မစ္စလီပန်နှင့်အတူ လူထုစည်းဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

"ဥရောပကို ပြောင်းလဲဖို့အတွက် မဲအများစု အနိုင်ရရှိရေးဟာ အလှမ်းမဝေးပါဘူး။ ဒီသမိုင်းဝင်အောင်ပွဲကို ရရှိဖို့ ကျွန်မတို့အပေါ်မှာပဲ မူတည်ပါတယ်" ဟု မစ္စလီပန်က ဆိုသည်။

သူမက မြို့တော်၏ အသွင်အပြင်ကို ပြောင်းလဲသွားစေသော လူဝင်မှုဆိုင်ရာ မူဝါဒများကိုလည်း ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

လူထုစည်းဝေးပွဲတွင် ပြီးခဲ့သော ဒီဇင်ဘာလက သြစတြီးယား ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်လာခဲ့သော သြစတြီးယား လက်ယာစွန်းဖရီဒမ်းပါတီမှ ဟာရယ်ဗီလင်စကီး၊ ချက်ရီပတ်ဘလစ်မှ လက်ယာစွန်း SPD ပါတီ ထူထောင်သူ တိုမီယိုအိုကာမူရာ၊ ပိုလန်လက်ယာစွန်း ကွန်ဂရက်ပါတီမှ ကိုယ်စားလှယ်များ၊ ဘူလ်ဂေးရီးယားမှ အမျိုးသားရေးဝါဒီ ဗောလ်ယာ စသည့်

စာ-23

စာ-22 ဗာတီကန် ဘဏ္ဍာရေးဝန်ကြီးကို သမိုင်းနှင့်ချီသည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုများဖြင့် စွဲချက်တင် မှအဆက်

လောက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

သူ့တွင်အပြစ်မရှိဟု ငြင်းဆိုထားသူ ပဲလ်က ဆုံးဖြတ်ချက်ကြေညာချိန်တွင် စိတ်လှုပ်ရှားဟန်မပြခဲ့ပေ။ အပြစ်ရှိကြောင်း ဝန်ခံရန် ရှိ၊ မရှိ မေးမြန်းခဲ့ရာတွင် ပဲလ်က "အပြစ်မရှိပါ" ဟုထွက်ဆိုခဲ့သည်။

တရားစွဲဆိုရန် သင့်မသင့် ကြားနာမှု အပြီးတွင် ပဲလ်၏ ပတ်စ်ပို့ကိုသိမ်းဆည်း လိုက်ပြီဖြစ်ပြီး နိုင်ငံတွင်းမှ ထွက်ခွာခွင့် ပိတ်သိမ်းထားလိုက်ပြီဖြစ်သည်။

လိင်မတော်မတရားလုပ်မှုများဖြင့် စွပ်စွဲခံရသောကက်သလစ် ဘုန်းတော်ကြီး များထဲတွင် ပဲလ်၏အမှုမှာအထင်ရှားဆုံး ဖြစ်လာမည်ဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် ကျောင်းတော် တာဝန်ရှိသူများအပေါ် လိင်မတော်မတရား လုပ်မှုစွဲချက်များ ထောင်ချီထွက်ပေါ်လာခဲ့ပြီး နောက် အမေရိကန်၊ ကနေဒါ၊ အိုင်ယာလန် နှင့်ဩစတြေးလျတွင် စုံစမ်းစစ်ဆေးပြီး ပြစ်ဒဏ်ချမှတ်မှုများရှိခဲ့သည်။

ယခုပဲလ်အပေါ် စွဲချက်မှာဆယ်စုနှစ် သုံးခုကျော်ကျယ်ပြန့်ပြီး ၁၉၉၀ ပြည့်လွန် နှစ်များက ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်း မြို့ရှိစိန့်ပက်ထရစ်ကျောင်းတော်၌ ဂိုဏ်းချုပ် ဘုန်းတော်ကြီး တာဝန်ယူစဉ်က ဖြစ်စဉ်များ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များက ဗစ်တိုးရီး ယားနယ် ကျေးလက်ဒေသရှိ ရေကူးကန် တစ်ကန်တွင် ဖြစ်ပွားခဲ့သည်ဆိုသောကိစ္စ များအတွက်ပါ ပါဝင်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ယမန်နှစ်ကတည်းက အမှုရင်ဆိုင်နိုင်ရန် ပဲလ်ကိုခွင့်ပေးပေးထားပြီး ယခုအချိန်အထိ ပျက်ကွက်ခွင့် ပေးထားဆဲဖြစ်ကြောင်း ဗာတီကန်ကျောင်းတော်က ထုတ်ပြန်သည်။

■ F-03




# စင်ကာပူချန်ဂီလေဆိပ်တွင် မျက်နှာ ခွဲခြားမှတ်သိ စနစ် အသုံးပြုမည်

**စင်ကာပူ၊ မေ ၁**

စင်ကာပူနိုင်ငံချန်ဂီလေဆိပ်တွင် ခရီးသည်များ ဝင်ရောက်ထွက်ခွာမှု ပိုမိုမြန်ဆန်စေရန် ရည်ရွယ်ပြီးမျက်နှာ ခွဲခြားသိမှတ်စနစ် (Facial Recognition) ကို စမ်းသပ်သုံးစွဲနေကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

လက်ရှိသုံးစွဲနေသော Smart ID စနစ်ကိုတိုးချဲ့လိုက်ခြင်းဖြစ်ပြီး ပတ်စ်ပို့ စစ်ဆေးမှုနေရာတွင် အစားထိုးရန်လည်း မျှော်လင့်နေသည်ဟုသိရသည်။

သို့သော်လည်း ခရီးသည်များကို စိစစ်ရန် မီးတိုင်များတွင် တပ်ထားသော ကင်မရာများကိုသုံးမည့် အစီအစဉ်မှာမူ ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ရာရောက်နိုင် ကြောင်း ဝေဖန်မှုများ ရှိနေသည်ဟု Reuters သတင်းကဖော်ပြသည်။

လေဆိပ်တာဝန်ရှိသူများကမူ တစ်ချိန်လုံး စောင့်ကြည့်ခံနေရသည်ဆို သောပူပန်မှုမျိုး ဖြစ်လာစရာမရှိကြောင်း တုံ့ပြန်ထားသည်။

မျက်နှာခွဲခြားသိမှတ်စနစ်ကြောင့် အခြားအကျိုးရှိမည့် ကိစ္စမှာနောက်ဆုံး အကြိမ် လေယာဉ်ပေါ်တက်ရန် ခေါ်ဆိုချိန် နှင့် လွဲသွားသောခရီးသည်များကိုရှာဖွေ ဖော်ထုတ်နိုင်မည့် အချက်ပင်ဖြစ်သည်။

"ခရီးသည် ပျောက်သွားတယ်ဆိုတဲ့ သတင်းပို့မှုတွေ အများကြီးရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တွေးထားတဲ့ အသုံးတည့်နိုင်တာတစ်ခုပါ၊ လေယာဉ်ပေါ် လိုက်တဲ့သူတွေကိုစစ်ပြီး (ပျောက်နေတဲ့ သူကို) ရှာဖွေပေးဖို့ပါ။ ဒါပေမဲ့ လေကြောင်း လိုင်းတွေရဲ့ ခွင့်ပြုချက်လိုပါတယ်" ဟု ချန်ဂီလေဆိပ် အုပ်စု၏ သတင်းအချက် အလက်ရေးရာ အရာရှိချုပ် စတိဗ်လီး က ပြောကြားခဲ့သည်။

ချန်ဂီလေဆိပ်သည် ကုမ္ပဏီအများ အပြားနှင့် လက်တွဲလုပ်ဆောင်နေပြီး တစ်နှစ်အတွင်း မျက်နှာသိမှတ်စနစ်ကို အကောင်အထည်ဖော်ရန် စီစဉ်နေသည် ဟုလည်း လီကပြောကြားခဲ့သည်။

နောက်ဆုံးဖွင့်လှစ်ထားသည့် T4 Terminal လေဆိပ်ဂိတ်တွင် မိမိဘာသာ Check-in ဝင်လိုက ဝင်နိုင်ရန်သာမက အိတ်အပ်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လေယာဉ်ပေါ်တက်ခြင်းအတွက်ပါ မျက်နှာ ခွဲခြားသိမှတ်စနစ်ကိုသုံးစွဲနေပြီဖြစ်သည်။

ယင်းစနစ်ကြောင့် အချိန်ကြာမြင့် စွာ တန်းစီစောင့်ဆိုင်းရမှု လျော့ကျလာမည် ဖြစ်သလို လေဆိပ်လုံခြုံရေးအင်အား လည်း လျှော့ချနိုင်မည်ဖြစ်သည်။

ခရီးသည်ကခရီးဆောင်သေတ္တာကို ဝန်ထမ်းမရှိသည့် စင်တွင် ထားခဲ့သည်နှင့် အဆိုပါခရီးသည်၏ ဓာတ်ပုံကိုမှတ်တမ်း တင်လိုက်ပြီး ပတ်စ်ပို့အတွင်းမှ ဓာတ်ပုံနှင့် တိုက်ဆိုင်စစ်ဆေးကာ သိမ်းဆည်းပေးထား မည်ဖြစ်သောကြောင့် ပြန်လည်ထုတ်ယူ ရာတွင်လည်း လွယ်ကူသွားမည်ဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးရှိ အလို အလျောက် လုံခြုံရေးဂိတ်များတွင် နောက် ထပ် ဓာတ်ပုံထပ်ရိုက်မည်ဖြစ်ပြီး ခရီးသည် မည်သူမည်ဝါဖြစ်ကြောင်းကို လေယာဉ် ပေါ်မတက်မီ Boarding ဂိတ်တွင် ထပ်မံ စိစစ်နိုင်မည်ဖြစ်သည်။

"အခုက ပတ်စ်ပို့ ယူလာရတယ်၊ မျက်နှာပြရတယ်၊ Boarding Pass ပြရ တယ်။ နောင်ကျရင် မျက်နှာပဲ ပြရတာမျိုး ဖြစ်လာမှာ။ ပတ်စ်ပို့တောင် လိုတော့မှာ မဟုတ်ဘူး"ဟု လီက ပြောသည်။ ■ F-03

စာ-22 ဥရောပ လက်ယာစွန်းအုပ်စုများက အီးယူရွေးကောက်ပွဲများကို မျှော်မှန်း မှအဆက်

နိုင်ငံရေးသမားများ တက်ရောက်ခဲ့ကြသည်။

အီတလီမှ အမျိုးသားရေး နောသမ်း လိခ်ပါတီခေါင်းဆောင်မတ်တီယို ဆာလ် ဗာနီက ဖိတ်ကြားမှုကို ငြင်းပယ်ခဲ့သော် လည်း ထောက်ခံသည့်အနေနှင့် ဗီဒီယို မက်ဆေ့ချ် ပေးပို့ခဲ့သည်။

နယ်သာလန်မှ အစ္စလာမ်ဆန့်ကျင် ရေး နိုင်ငံရေးသမား ဂတ်ဝိုင်လ်ဒါမှာမူ တက်ရောက်မည်ဟု မျှော်လင့်ခဲ့ကြသော် လည်း အရေးပေါ်ကိစ္စကြောင့် ပျက်ကွက် ခဲ့သည်ဟု လီပန်၏ပါတီမှ သတင်းထုတ် ပြန်သည်။ ဥရောပပါလီမန် ရွေးကောက်ပွဲ များကို ၂၀၁၉ မေလတွင် ကျင်းပရန် စီစဉ်ထားသည်။

ဥရောပတစ်လွှားရှိ လက်ယာစွန်း ပါတီများသည် မကြာသေးမီ လများအတွင်း သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ရွေးကောက်ပွဲ များတွင် အောင်ပွဲအချို့ရရှိခဲ့ကြသည်။ ဂျာမနီမှ လူဝင်မှုဆန့်ကျင်ရေး AfD ပါတီသည် ၁၃ ရာခိုင်နှုန်း အနိုင်ရရှိကာ လွှတ်တော်သို့ ဝင်ရောက်လာနိုင်ခဲ့သည်။

■ F-04

# နိုင်ဂျီးရီးယားတွင် ဗလီနှင့် ဈေးကို အသေခံဗုံးခွဲတိုက်ခံရ၊ လူဒါဇင်များစွာသေဆုံး



နယ်မြေရှင်းလင်းရေးလုပ်နေသော နိုင်ဂျီးရီးယားတပ်သားများ

**ယိုလာ၊ မေ ၂**

နိုင်ဂျီးရီးယားနိုင်ငံ မူဘီဒေသတွင် ဗလီဝတ်ကျောင်းတစ်ခုနှင့် ဈေးတစ်ခုတို့ကို အသေခံဗုံးခွဲသမားများက ဗုံးနှစ်လုံးခွဲ တိုက်ခိုက်ခဲ့ရာ လူဒါဇင်ပေါင်းများစွာသေဆုံး သွားခဲ့ကြောင်း DW သတင်းတစ်ရပ်က ဖော်ပြထားသည်။

နေ့ခင်းတစ်နာရီအချိန်တွင် အသေခံ ဖောက်ခွဲရေးသမားက ဗလီကိုတိုက်ခိုက် ခဲ့ခြင်းဖြစ်သည်ဟု ဒေသရဲမင်းကြီး အဗ္ဗဒူလာ ဟီယီရီမာ က ပြောကြားသည်။

ထို့နောက် ဒုတိယမြောက် တိုက်ခိုက် ရေးသမားက မီတာ ၂၀၀ ခန့်ကွာသော နေရာတွင် ထပ်မံဗုံးခွဲတိုက်ခိုက်ခဲ့သည်။

ဗုံးရှင်းလင်းရေးသမားများနှင့် လုံခြုံ ရေးတပ်များက နယ်မြေကိုရှင်းလင်းလျက် ရှိကြသည်။ လူပေါင်းများစွာသေဆုံးပြီး ဒဏ်ရာရရှိသူလည်း များပြားကြောင်း ဆေးရုံသတင်းရင်းမြစ်များက အတည်ပြု ပေးထားသည်။

မူဘီဒေသကို ၂၀၁၄ က သိမ်းခဲ့ဖူး သော ဘိုကိုဟာရမ်သည် ယခုအခါ ပြန်လည် ဆုတ်ခွာသွားရပြီး အနီးအနား မြို့များကို လစ်လျှင်လစ်သလို လာရောက် တိုက်ခိုက်လေ့ရှိသည်။

ဘိုကိုဟာရမ် သူပုန်ထမှုကြောင့် နိုင်ဂျီးရီးယားတွင် လူပေါင်း ၂သောင်းခန့် သေဆုံးရကာ လူ ၂သန်းကျော် နေအိမ်များ ကို စွန့်ခွာထွက်ပြေးနေရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့ ကလည်း ဘော်နိုပြည်နယ် မြို့တော် မာဒူဂူရီ ကို တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးသွားခဲ့သည်။

နိုဝင်ဘာလ ၂၁ ရက်နေ့ ပြီးခဲ့သည့် နှစ်က မူဘီဒေသ၌ပင် ဗလီဝတ်ကျောင်း၏ နံနက်ခင်း ကိုးကွယ်ဝတ်ပြုမှုအစီအစဉ်ကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၅၀ ဦး သေဆုံးခဲ့ရသည်။

၂၀၁၄ ခုနှစ်ကလည်း ထိုဒေသ၏ ဘောလုံးပွဲတစ်ခုကို တိုက်ခိုက်ခဲ့သဖြင့် ပရိသတ် ၄၀ ခန့် သေဆုံးခဲ့ရသေးသည်။

■ F-02

# ရွှေပြည်သာအထည်ချုပ်စက်ရုံတစ်ခုတွင် ဓာတ်လိုက်၍ အမျိုးသားတစ်ဦး သေဆုံး၊ ၅ ဦး ဒဏ်ရာရ

**ရန်ကုန်၊ မေ ၂**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ သာစုကန်စက်မှုဇုန်(၁)ရှိအထည်ချုပ်စက်ရုံတစ်ခုတွင် မေလ ၁ ရက် နံနက် ၁၁နာရီ မိနစ် ၄၀ ခန့်က သံစင်များအား 'မ'၍ ရွှေ့ပြောင်းစဉ် ဓာတ်လိုက်ပြီး အသက် ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးကာ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓာတ်လိုက်သေဆုံးသူပါ အလုပ်သမား ၁၅ ဦးတို့သည် ယင်းနေ့က အထည်ချုပ်စက်ရုံရှိ စက္ကူများတင်ရာတွင် အသုံးပြုသောသံစင်များအား နေရာရွှေ့ပြောင်းစဉ် သံစင်၏ အလေးချိန်အား မထိန်းနိုင်သဖြင့် အင်္ဂတေကြမ်းပြင်ပေါ်သို့ ချရာမှ ကြမ်းပြင်ပေါ်ရှိ လျှပ်စစ်မီးကြိုးဖြင့် ထိမိပြီး ပေါက်ပြဲဓာတ်လိုက်ကာ အသက် ၁၈ နှစ်အရွယ် မျိုးဇော်လင်းတွင် နဖူး၊ ဘယ်ပါး၊ ညာ ခြေဖနောင့် ပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်အတူ သံစင်ကို 'မ'ရွှေ့သည့် အလုပ်သမား ၅ ဦးပါ ဓာတ်လိုက်ပြီး ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"တခြားဒဏ်ရာရတဲ့သူတွေက မစိုးရိမ်ရပါဘူး။ ပေါက်ပြဲပွန်းပဲ့ထုံကျဉ်ဒဏ်ရာလောက်ပဲ ရတာပါ။ မီးကြိုးပေါ် ချမိတော့ ဝိတ်အားကိုမခံနိုင်ဖြစ်ပြီး ပေါက်ပြဲသွားတဲ့နေရာကနေ ဓာတ်လိုက်သွားတာပါ။ သေဆုံးသွားတဲ့ ရုပ်အလောင်းကို အင်းစိန်ဆေးရုံကိုပို့ပြီး သေမှုသေခင်းဖွင့်ထားပါတယ်"ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်လိုက်ခံရမှုကြောင့် ၂၀၁၇ ခုနှစ်တွင် ၁၀၈ ဦး သေဆုံးခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ လ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ ၂၀ ဦး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

■ J 16

## မှုခင်းသတင်းတိုများ

■ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်းရှိ ၅လွှာတိုက်ခန်းတစ်ခုတွင် မေလ ၁ ရက် နံနက် ၃ နာရီမိနစ် ၂၀ ခန့်က လျှပ်စစ်ရေနွေးအိုးတည်ရာ အပူလွန်ကဲပြီး စတင်မီးလောင်ခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ၈ မိနစ်ခန့်အကြာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသဖြင့် မီးပေါ့ဆစွာသုံးစွဲသည်ဟုဆိုသော အသက် ၃၈ နှစ်အရွယ် တိုက်ခန်းပိုင်ရှင်အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်ထားသည်။

■ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်းရှိတိုက်ခန်းခုနစ်လွှာတစ်ခုတွင် ဧပြီလ ၃၀ ရက် ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဆေးခြောက်ဟုယူဆရသော ညိုဝါရောင် အရွက်ခြောက်များနှင့် သုံးစွဲရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ ကိုတွေ့ရှိခဲ့သဖြင့် အသက် ၃၉ နှစ်အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် ထားသည်။

■ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ဗိုလ်ချို(၁) လမ်းမပေါ် တွင်မေလ ၁ ရက် ည ၁၁ နာရီခန့်က လောင်းကစားသတင်းအရ ပိတ်ဆို့ဖမ်းဆီးရာ ဖဲချပ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကစားပြုလုပ်နေသည့် အသက် ၃၄ နှစ်မှ ၃၈ နှစ်ကြားရှိ အမျိုးသားလေးဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မ ရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၂ (က)ဖြင့် အမှုဖွင့်ထားသည်။

■ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသော နှစ်ဆန်းအဖြူရောင်ယာဉ်တစ်စီးသည် မေလ ၁ ရက်နံနက် ၁ နာရီခန့်က လှည်းတန်းလူကူးခုံးကျော်တံတားအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်သံပန်းခြံစည်းရိုးအား ဝင်တိုက်ရာ ပျက်စီးခဲ့သဖြင့်ယာဉ်မဆင်မခြင်မောင်းနှင်သည်ဟုဆိုသော အသက် ၂၁နှစ်အရွယ် အမျိုးသားကိုယင်းမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၇၉ဖြင့် အမှုဖွင့်ထားသည်။

■ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် ဧပြီလ ၃၀ရက် ညနေ ၆ နာရီခန့်က အရက်အလွန်အကျွံသောက်သုံးသည်ဟုဆိုသော အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦးပြင်ပဒဏ်ရာ မတွေ့ရပဲ ၎င်းနေထိုင်ရာ အိမ်ဧည့်ခန်းကြမ်းပြင်ပေါ်၌ သေဆုံးနေသည်ကို တွေ့ရသဖြင့် သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာစစ်ဆေးနေသည်။

J 16

# သဲတင်သည့် ဖောကားပေါ်တက်အိပ်သည့် အမျိုးသမီး သဲဖို့ခံရ မှုကြောင့် သေဆုံး

**ရန်ကုန်၊ မေ ၂**

လှိုင်သာယာမြို့နယ် ကစင်ကျေးရွာ၊ မြေတိုင်း ၂၃ တွင် မေလ ၂ ရက်နံနက် ၈ နာရီခွဲခန့်က ဖောကားပေါ်ရှိသဲများကိုချစဉ် သဲပိ၍ သေဆုံးနေသူအသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၆) ရပ်ကွက်၊ ကျန်စစ်သားလမ်းတွင် နေထိုင်သူ အသက် ၃၂နှစ်အရွယ် ယာဉ်မောင်း အမျိုးသားတစ်ဦးသည် မေလ ၂ရက်နံနက် ၇ နာရီခွဲခန့်က နေအိမ်ရှေ့တွင် ရပ်တန့်ထားသော လီဖန်းဖောကား အပြာရောင်ယာဉ်ကိုမောင်းနှင်ပြီး ရွှေလင်ပန်း ငါးမန်းတံတားအဆင်းအနီးရှိ သဲကွင်းမှသဲများကို ဘက်ဟိုးဖြင့်တင်ပြီး ပို့ဆောင်ရမည့် နေရာသို့သွားရောက် ပို့ပေးရာယာဉ်ပေါ်မှ သဲများနှင့် အတူသေဆုံးနေသည့် အမျိုးသမီး၏ ရုပ်အလောင်းကိုတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှသိရသည်။

"သူကအရက်သောက်ပြီး အိပ်ပျော်နေတာနေမှာပါ။ သဲကိုဘက်ဟိုးနဲ့ကုပ်တင်လိုက်တော့ မြေဖို့လိုက်သလိုဖြစ်သွားတာ။ တခြားပြင်ပဒဏ်ရာ မတွေ့ရဘူး။ သဲတွေချမှပဲ သူ သေဆုံးနေတာကိုတွေ့ခဲ့ရတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

သဲပိ၍ သေဆုံးသူ အမျိုးသမီးမှာ ယောကျ်ားစိတ်ပေါက်နေသူ တစ်ဦးဖြစ်ပြီး အရက်သေစာ သောက်စားလေ့ရှိကြောင်း၊ အမှတ်(၁၆)ရပ်ကွက်၌ အခြေအနေမဲ့ သွားလာနေထိုင်ကာ လွန်ခဲ့သော တစ်ပတ်ခန့်မှစ၍ ယာဉ်မောင်းအမျိုးသား၏ အုတ်သဲကျောက်ဆိုင်အနီးတွင် ကြုံသည့်နေရာ၌ အိပ်နေလေ့ရှိကြောင်း၊ ယင်းသေဆုံးမှုနှင့် ပတ်သက်၍ ယာဉ်ကို ပေါ့ဆစွာ မောင်းနှင်သည့် ယာဉ်မောင်း အမျိုးသားကို လှိုင်သာယာမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ၃၀၄-ကဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

■J 16

# ရပ်ကွက်ထဲ ကွန်မြူမဲ့ မသွားလာသင့်ကြောင်း ပြောသူကို ဓားဖြင့်လှီး

**ရန်ကုန်၊ မေ ၂**

လှိုင်သာယာမြို့နယ်၊ ၁၈ ရပ်ကွက်တွင်ပုဆိုးလှန်၍ လမ်းလျှောက်လာသူကို အမျိုးသမီးများရှိနေသဖြင့် ပုဆိုးလှန် လမ်းမလျှောက်သင့်ကြောင်း ပြောဆိုခဲ့သည့် အမျိုးသားမှာ လည်ပင်းနှင့် မျက်နှာတို့ကို ဓားဖြင့် ဆွဲလှီးခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားဖြင့်လှီးခံရသည့် အသက် ၄၇နှစ်အရွယ် အမျိုးသားမှာ မေ ၁ ရက် နံနက် ၂ နာရီက အမှတ် (၁၈)ရပ်ကွက်၊ အနော်မာလမ်းဘေးတွင် အရက်ထိုင်သောက်နေစဉ် တစ်လမ်းတည်းနေ အသက် ၄၄ နှစ် ခင်မောင်မြင့်က ပုဆိုးလှန်၍ လမ်းလျှောက်လာသဖြင့် ၎င်းက ရပ်ကွက်ထဲတွင် အမျိုးသမီးများရှိသဖြင့် ယင်းကဲ့သို့ မပြုလုပ်သင့်ကြောင်း ပြောဆိုရာမှ နှစ်ဦးစကားများ ရန်ဖြစ်ခဲ့သည်။

"ဓားနဲ့ အလှီးခံရသူဘေးမှာ သူ့ဇနီးနဲ့အိမ်ဘေးက အမျိုးသမီးတစ်ယောက်က ထိုင်စကားပြောနေကြတယ်။ အဲအချိန်မှာ လူတစ်ယောက်က ပုဆိုးလှန်ပြီး လမ်းလျှောက်လာလို့ သူက မိန်းကလေးတွေရှေ့မှာ ဒီလိုမပြုမူသင့်ကြောင်း ပြောဆိုရာက နှစ်ယောက်စကားများ ရန်ဖြစ်ကြတာ။ ခင်မောင်မြင့်က အိမ်ပြန်ဓားယူပြီး သူ့ကို ပုဆိုးလှန်လမ်းမလျှောက်ဖို့ ပြောသူကို ဓားနဲ့ လှီးခဲ့တာ။ သူ့ကို ဖမ်းမိထားပါတယ်" ဟု ရဲအရာရှိက ပြောသည်။

ဓားဖြင့် လှီးခံရသော အမျိုးသားမှာ လည်ပင်း၊ ပါး၊ နားရွက်နှင့် မျက်လုံးတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ တင်ပို့ကာ ဆေးကုသမှုခံယူလျက်ရှိပြီး ပြစ်မှုကျူးလွန်သူကို လှိုင်သာယာမြို့နယ်၊ သောင်ကြီးနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■

S-03

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၉၈)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

သူ့ပိုက်ဆံများ ယူပြီးတော့ ကိုယ်က။ အမေက ယူပြီးတော့ ကိုယ့်ကို အဲဒီကျောင်းကြီး ထားကြည့်ပါလား။ ရှစ်တန်းတုန်းက အတွေးပါ။ ထားကြည့်လိုက်ရင် သူ့သမီးနဲ့များ သူ့တူမတွေနဲ့များ သူ့ဘာတွေနဲ့များ ပိုက်ဆံမဆပ်နိုင်လို့များ ပေးစားရင် ငါတော့ ဒုက္ခပဲဆိုတဲ့ ဒီစိတ်က ဝင်သွားတယ်။ ဝင်သွားတယ်။ တကယ်ဝင်သွားတာ။ တော်ပြီ သူများဆီက ပိုက်ဆံယူပြီး ကျောင်းတက်ရမယ့်အလုပ်တော့ သူများအထောက်အပံ့ယူပြီး ကျောင်းတက်ရမယ့်အလုပ်တော့ မလုပ်ဘူး။ တက်ချင်တာပေါ့ ကြိုးစားလိုက်ရင် ဆရာဝန်ဖြစ်မလား၊ ကြိုးစားလိုက်ရင် အင်ဂျင်နီယာဖြစ်မလား။ အာအိုင်တီ ပြောတာပါ။ အဲဒီတော့ ကြိုးစားချင်စိတ်တော့ ရှိတယ်။ အင်ဂျင်နီယာကို ပိုဝါသနာပါတယ်။ အဲဒီကရလိုက်တဲ့ ဗဟုသုတတွေ။ ခုခေတ်လိုပြောရင်တော့ အင်ဖော်မေးရှင်း ခေါ်တာပေါ့။ အဲဒီသတင်း ဘယ်ကနေရလဲ ဝတ္ထုစာအုပ်တွေက ရတယ်။ ဘယ်ကနေရလဲ အသံလွှင့်ဇာတ်ထုပ်တွေက ရတယ်။

အို နောက်ဆုံးကျတော့ သူများကျောင်းထားပေးလို့ အိမ်ထောင်ကျ၊ ဆရာဝန်ဖြစ် အိမ်ထောင်ကျ။ ဆရာဝန်က တယ်နာမည်ကြီးတဲ့ခေတ်ကိုး။ သူဌေးအိမ်မှာ သူဌေးသမက်အနေနဲ့ လိုက်နေ။ အဲဒီတော့ မိန်းမလုပ်တဲ့သူက ကိုယ့်မိဘ နေမကောင်းတာတောင် မိဘအရင်း နေမကောင်းတာတောင် ယောက္ခမနဲ့ ယောက္ခထီးမိဘ နေမကောင်းတာကိုတော့ အနားကပ်ပြုစု။ ကိုယ့်မိဘရင်း နေမကောင်းတာကျတော့ အိမ်တောင်သွားခွင့်မရ ကြွခွင့်မရ လှည့်တောင်ကြည့်ခွင့်မရတဲ့ ဘဝမျိုးတွေ။ ဒီစာတွေ ဖတ်ထားရတော့ ဒီဝတ္ထုတွေ ဖတ်ထားရတော့ ဒီဇာတ်လမ်းတွေ နားထောင်ရတော့ ကြည့်ရတော့ သြော် စိတ်ထဲမှာ ငါ့လိုလူမျိုး ငါ့လိုလူမျိုး။ တော်ပြီ အဲဒီဘဝမျိုးကြီးတော့ အဖြစ်မခံဘူးဆိုတဲ့ အတွေးမှားတယ်ပဲ ခေါ်မှာပေါ့လေ။ ကိုယ့်စိတ် ကိုယ့်စိတ်။ အတွေးမှားတယ်ပဲ ခေါ်မှာပေါ့။ အေးပေါ့လေ ကိုယ်က ဒါဖတ်မိတာကိုး။ ဒါ သွားကြည့်မိတာကိုး။ အဲဒီစိတ်ကြီးဝင်သွားပြီးတော့ တစ်ဖက်က ပြောပြန်ရင်လည်း ဒီလို ရဟန်းသံဃာဘဝရောက်လာတာကို တော်တော်ကောင်းလှပါပြီလို့ ဖြေရတာပေါ့လေ။ အဲဒီမှာတင် ကိုးတန်းမှာ စာတွေပေါ့သွားတယ်၊ ဆယ်တန်းမှာ စာတွေပေါ့သွားတယ်။ မိသားစုအရေး စီးပွားပိုရှာလာရတယ်။ ဆယ်တန်းဖြေပြီးတော့ ဒီအလုံးကြီးကျသွားပြီ။ ဆယ်တန်းဆိုတဲ့ အလုံးကြီးကျသွားပြီ။ လောကသဘော ပြောတာပါ။ စာကျက်ရတာတော့ ဒီလို အလုံးကြီးကျတယ်ရယ်လို့ မရှိပါဘူး။

အဲဒီကျတော့မှ စီးပွားရေးဘက်ကို ပိုပြီးတော့ လုပ်ပေးနိုင်တယ်။ မနက်ဆိုရင်လည်း ဝါးကပ်ရက်တယ် ဝါးထရံရက်တယ်။ ညဆိုရင်လည်းပဲ ခေါင်းရွက်ဗျပ်ထိုး အို ငှက်ပျောထုပ်ရောင်းတယ်။ စသည်အားဖြင့်ပေါ့ ရာသီပေါ်စာ ညစာ။ အဲဒီမှာတင် ပညာကြိုးစားတဲ့အချိန်တွေက လျော့လျော့ လျော့လျော့လာတယ်။ လျော့လျော့လာတယ်။ ကိုယ့်ကိုယ်ကိုယ် ဉာဏ်ကောင်းတယ်ဆိုပြီးတော့ ပေါ့တာမျိုး မဟုတ်ပေမယ့် အလုပ်ခွင်တွေ များလာတော့ လျော့လျော့လာတယ်။ အဲဒါနဲ့ပဲ ကိုးတန်းမှာ၊ ဆယ်တန်းမှာ အမှတ်လည်း မကောင်းတော့ဘူး။ အဆင့်လည်း မကောင်းတော့ဘူး။ ဒါကြောင့်



ဓာတ်ပုံ-အောင်နိုင်

မို့ ဒီခေတ် ဒီအခါမှာ ရဟန်းသံဃာဘဝအနေနဲ့ အဓိကဒီနေရာမှာ ထည့်ပြောချင်တာက ဝိပဿနာတရားဟောတာကသတ်သတ်။ ဘာဝနာတရား ဟောတာကသတ်သတ်။ ဒီလူငယ်တွေကို ပြုစုပျိုးထောင်ပေးတာက သတ်သတ်။ ပြောမိပါတယ်။ ဒီသားတို့သမီးတို့ခေါ်တဲ့ စကားလုံးလည်း အဓိပ္ပာယ် ရှင်းပြဖူးပါတယ်။ သားတို့သမီးတို့ ဘုန်းဘုန်းဘဝမှာ အဲဒီလိုကြုံခဲ့ရတယ် အဲဒီလိုဖြစ်ခဲ့ရတယ်။ သားတို့ သမီးတို့မှာ စွမ်းရည်ရှိလျက်သားနဲ့ သူများပိုက်ဆံယူပြီး ကျောင်းတက်ရင် ငါ့တော့ အဲလိုဖြစ်မှာပဲဆိုတဲ့ အတွေးမှားကြီး မဝင်ကြပါနဲ့။ စိတ်ကူးမှားကြီး မဝင်ကြပါနဲ့။

ဘုန်းဘုန်းတတ်နိုင်သမျှ ကိုယ့်ရင်ခွင် ကိုယ့်အရိပ်ကိုလာခို ကိုယ့်ရင်ခွင်မှာ လာနားတဲ့ သားတွေသမီးတွေကို တစ်နိုင်ငံလုံးမှာ ဓမ္မဒူတမောင်မယ်ဆိုတာ ရှိတာကိုး။ သူတို့တွေကိုတော့ ပြောထားတယ်။ အဲဒီစိတ်မျိုးကြောင့် ကိုယ့်ဘဝမှာ စွမ်းအားအကုန်ထုတ်ပြီးတော့ မသုံးဖြစ်တာမျိုးတော့ အဖြစ်မခံပါနဲ့။ ဝတ္ထုကြေးငွေတတ်နိုင်သမျှ ဘုန်းဘုန်း ကျောင်းထားပေးမယ်လို့ ဒီလိုပြောဖြစ်တယ်။ တကယ်လည်း ကျောင်းထားပေးပါတယ်။ ဟို တစ်ယောက်၊ နှစ်ယောက် သုံးလေးငါးယောက် အယောက်တစ်ရာ၊ နှစ်ရာ စာရင်းမရှိ အင်းမရှိ ထားပေးတာပါ။ ဒါကလည်း တစ်ပိုင်းပေါ့လေ။ နောက်ကျမှ နောက်ပိုင်းကျမှ ဘဝဖြောင့်ကြောင်းထဲ ထည့်ပြောပေးပါမယ်။ အဲဒီတော့ ဘဝမှာ တစ်ခုမရှိရင် ဆိုပါစို့ စီးပွားမပြည့်စုံရင် ပညာရေးပါ လျော့လာတယ်ဆိုတဲ့ ကိုယ့်ဘဝလေးကို ကိုယ်ပြန်မြင်လာတယ်။ စီးပွားမပြည့်စုံရင် ပညာရေး လျော့ကိုလာတယ် လျော့ကိုလာတယ်။ အဲဒီကနေတစ်ဆင့် ဘာပါသွားတုံးဆိုတော့ ပညာရေးလျော့လာရင်လည်းပဲ စီးပွားရေးက လျော့လာပြန်တယ်။ စီးပွားရေးရယ်၊ ပညာရေးရယ်၊ တရားရေးရယ် အဲဒီကတည်းက ဘဝဖြောင့်ကြောင်းအနေနဲ့ ဘာလေးအသိဝင်သွားတုံး ဆိုတော့ ငါ စီးပွားလည်း ရှာရမယ်။ ငါ ပညာလည်း ရှာရမယ်။ ငါ တရားလည်း ရှာရမယ်။ စီးပွား ပညာ တရား၊ တရား စီးပွား ပညာဟာ တစ်ခုခုလျော့သွားတာနဲ့တစ်ပြိုင်နက် ကိုယ့်ဘဝမှာ ကိုယ်ခံစားခဲ့ရပြီ ကိုယ်တွေ့ကြုံခဲ့ရပြီ။

စီးပွားလျော့တဲ့ စီးပွားရေးချို့တဲ့တဲ့ စီးပွားရေးနွမ်းပါးတဲ့ မိဘအသိုင်းအဝိုင်းမှာ နေရတော့ ကိုယ်ကိုယ်တိုင် စီးပွားရေးကို နွမ်းပါးတာကို ကြိုးစားပြီးတော့ မိဘတွေ ညီအစ်ကိုမောင်နှမတွေကို ထောက်ပံ့ချင်လွန်းလို့ စီးပွားရေးကိုဖိပြီး ကြိုးစားလိုက်တဲ့အခါမှာ ပညာရေးကတော့ လျော့သွားတာ။ အာအိုင်တီ တက်ချင်လျက်နဲ့ ဂျီတီအိုင်ပဲ တက်ခဲ့ရတယ်။ အင်ဂျင်နီယာ ဖြစ်ချင်တာချင်းအတူတူ ပညာရေး ပိုအဆင့်မြင့်တဲ့ အဆင့်အတန်းကို မတက်လှမ်းနိုင်ဘူး။ ခုခေတ်လိုဆိုရင်တော့ ရိုးရိုးဘွဲ့ရတယ်။ မဟာဝိဇ္ဇာတွေ မာစတာတွေ ဘွဲ့ရတဲ့ MA ပေါ့။ Ph.D တွေ ဒေါက်တာဘွဲ့ရတယ်။ ဘယ်ပေါ် မူတည်နေတုံးဆိုတော့ ပညာရေးဆိုတာလည်း စီးပွားရေးပေါ် မူတည်တယ်။ စီးပွားရေးဆိုတာလည်း ပညာရေးပေါ် မူတည်တယ်။ ဒီစီးပွားရေး ဒီပညာရေးဟာ ပညာရေးအားနည်းရင် စီးပွားရေးအားနည်းမှာပဲ။ စီးပွားရေးအားနည်းရင် ပညာရေးအားနည်းမှာပဲ။ စီးပွားရေးအားနည်းပြီးတော့ စီးပွားကို မဟုတ်တဲ့နည်းမျိုးနဲ့ ရှာသွားရင် စီးပွားတော့ ဖြစ်ချင်ဖြစ်လာမယ်။ ပညာရေးတိုးတက်မလာဘူးဆိုရင် အဲဒါ တရားမရှိတဲ့နည်းနဲ့ ရှာလို့ပဲ။ ပညာရေးတော့ ကြိုးစားပြီးတော့ရှာတယ် စီးပွားရေးမရှာတော့။ ပညာရေးတိုးတက်ရှာရင်းနဲ့ ပညာရေးမှာ တရားရေးလေးပါ ပါမလာဘူးဆိုရင် အဲ တရားမရှိတဲ့သူတွေပြုတဲ့ စီးပွားရေးမျိုးတွေ ဖြစ်ကုန်ရင် အေးချမ်းမှုလည်း မရနိုင်ဘူး။

ပြောရဲပါတယ် ပြောဝံ့ပါတယ်။ စီးပွားရေးရော၊ ပညာရေးရော၊ တရားရေးရော သုံးမျိုးလုံးကို တစ်ပြိုင်တည်း ကြိုးစားရမှာပါ။ တစ်ပြိုင်တည်း ကြိုးစားရမှာ။ ကြားလိုက်ရတဲ့အသံ ဗဟုသုတ၊ ဖတ်လိုက်ရတဲ့စာ ဗဟုသုတ။ ဒါတွေပေါ် မူတည်ပြီးတော့ ကိုယ့်စိတ်ကလေးက အတွေးတစ်မျိုးဝင်သွားရင် ဘဝလမ်းကြောင်း ဖြောင့်တန်းအောင်လျှောက်တဲ့နေရာမှာ နည်းနည်းလေးများ ယိမ်းယိုင်သွားရင်။ ယိမ်းယိုင်တယ်ဆိုတာ ကိုယ့်ကိစ္စပေါ်မူတည်ပြီးပြောရင် စွမ်းအားရှိသမျှ ထုတ်သုံးချင်စိတ်မရှိတော့ဘူး။ ဘာဖြစ်လဲ ကြိုးစားပေ့။ စာကြိုးစားတာကသတ်သတ် အာအိုင်တီ တက်နိုင်တာ မတက်နိုင်တာကသတ်သတ်။ စာကြိုးစားတာက သတ်သတ်၊ MC တက်နိုင်တာက မတက်နိုင်တာက သတ်သတ်။ အဲဒီလို ကိုယ့်ဘဝမှာ မမြင်ခဲ့ဘူး။ မမြင်ခဲ့တဲ့အတွက်ကြောင့် ကိုးတန်း၊ ဆယ်တန်းမှာ စာတွေ အမှတ်တွေ အဆင့်တွေ လျော့ကုန်တယ် လျော့ကုန်တယ်။ ဒီကိုးတန်း၊ ဆယ်တန်းမှာတင် လျော့တာမဟုတ်ဘူး။ တစ်ခါတလေကျတော့ ဒီဘက်မှာ သာသနာ့ဘောင် မရောက်ခင်ဘက်မှာ အဆင်မပြေတဲ့အချိန်ဆိုတာရှိတယ် အဆင်ပြေတဲ့အချိန်ဆိုတာ ရှိတယ်။ အဆင်ပြေရင်တော့ တက်တက်ကြွကြွရှိပြီးတော့ အဆင်မပြေတဲ့အခါမှာ စိတ်ဓာတ်ကျတတ်တယ်ဆိုတဲ့ အဲဒီအကျင့်တွေပါ လိုက်ပါလာတယ်။ အဆင်မပြေတဲ့အခါ စိတ်ဓာတ်ကျ တော်ပြီ လျှော့လိုက်ပြီ။ အဆင်ပြေတဲ့အခါကျတော့ လုပ်မယ်ကွယ် ချမယ်ကွယ် ဆောင်ရွက်မယ် အိုအားတက်သရော။ စိတ်ဓာတ်ဆိုတာ ကျလွန်းရင်လည်း မကောင်းဘူး။ စိတ်ဓာတ်ဆိုတာ မြင့်လွန်းရင်လည်း မကောင်းဘူး။

စီးပွားရေး၊ ပညာရေး၊ လူမှုရေး အရေးအရာတွေမှာ အဆင်ပြေတဲ့အပေါ်မှာ အို စိတ်ဓာတ် တက်ကြွနေရင် အဆင်မပြေတဲ့ အပေါ်မှာရော စီးပွားရေး၊ လူမှုရေး၊ ပညာရေးပေါ်မှာ စိတ်ဓာတ်ကျနေရင် ပုံမှန် ၁၀၀ ဖြစ်ရမှာကို ပုံမှန် တစ်ကျပ်ဖြစ်ရမှာကို ပြားကိုးဆယ်ဖြစ်နေတဲ့သူနဲ့ တစ်ကျပ်ဆယ်ပြား ဖြစ်နေတဲ့သူလို့ ဒီလိုပဲ လွယ်လွယ်နဲ့ မြင်လာခဲ့တော့ ငါ တစ်ကျပ်ဆယ်ပြား အဖြစ်မခံဘူး။ ငါ ပြားကိုးဆယ် အဖြစ်မခံဘူး။ ငါ့ရှိသမျှ စွမ်းအားနဲ့ ငါတတ်နိုင်သမျှ အဆင်ပြေပြေ မပြေပြေတော့ ကြိုးစားမှာပဲဆိုတဲ့ အဲဒီအသိလေး ဝင်လာတယ်။ ပြားကိုးဆယ်ဘဝက လွတ်သွားတယ်၊ တစ်ကျပ်ဆယ်ပြား ဘဝက လွတ်သွားတယ်။ အဲဒါသည်ပင်လျှင် ဘဝဖြောင့်ကြောင်း တစေ့တစောင်းပဲ။ ဘုန်းဘုန်းတို့တော့ အဲဒီဘဝနဲ့ပဲ အဲဒီအသိလေးမှာ အဲဒီဘဝလေး အတိုင်းလျှောက်လှမ်းခဲ့တော့ အဲဒီ ကိုးတန်း၊ ဆယ်တန်းတုန်းကလိုတော့ ဘုန်းဘုန်းဘဝမှာ အဖြစ်မခံတော့ဘူး။ အဖြစ်နည်းသွားပြီ မဖြစ်တော့ဘူးလို့ပြောရင် လွန်ရာကျပါတယ်။ ဒီအသိလေးဝင်ပြီးတော့ ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

■

**ဓမ္မဒူတအရှင်ဆေကိန္ဒ**


ဓာတ်ပုံ - zaw moe chit thu

# အိန္ဒိယက ကျူးကျော်စိုက်ထူသည့် နယ်ခြားမှတ်တိုင်ကို ပြန်ဖျက်

**ကလေး၊ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဆရာစံကျေးရွာအနီးတွင် အိန္ဒိယနိုင်ငံမှ လာရောက်ကျူးကျော်ကာ စိုက်ထူထားသည့် နယ်ခြားမှတ်တိုင်ကို မေလ ၂ ရက်နေ့တွင် ပြန်လည်ဖျက်ခဲ့ကြောင်း ဆရာစံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က ပြောကြားသည်။

"နောက်ထပ်မလုပ်ဖို့လည်း ပြောခဲ့တယ်။ သူတို့ဘက်ကတော့ မသိလို့ လုပ်မိတာလို့ ပြောပါတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ နယ်နိမိတ်သတ်မှတ်သည့် ကျောက်တိုင်ကို မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ရှိတာဝန်ရှိသူများနှင့် နယ်နိမိတ်တိုင်းတာရေးအဖွဲ့တို့၏ သွားရောက်ကြည့်ရှုခဲ့မှုအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း သုံးဖာလုံခန့် ကျူးကျော်ထားသည်ကို တွေ့ရှိခဲ့ရသည်။

ယင်း နယ်နိမိတ်ကျောက်တိုင်ကို မေလ ၁ ရက်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်အတွင်းရှိ နောင်ကမ်းနှင့် ကျောက်တောင်းရွာမှ ဒေသခံများသည် စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်နှင့် မဏိပူရ်ပြည်နယ်၊ မိုရေးမြို့နယ်အကြား၊ နှစ်နိုင်ငံ နယ်ခြားမှတ်တိုင် BP82 နှင့် BP 83 အကြား မြန်မာဘက်ခြမ်း ဆရာစံကျေးရွာနှင့် နောက်ကမ်းကျေးရွာအကြားတွင် အင်္ဂလိပ်ဘာသာဖြင့် မြန်မာ- အိန္ဒိယ ဆိုသည့် စာတန်းပါ ကျောက်တိုင်ကို စိုက်ထူခဲ့ကြခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာသည့် အဖွဲ့က မေလ ၂ ရက်နေ့တွင်ကွင်းဆင်းကာ ကျောက်တိုင်ကို ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

နောက်ကမ်းရွာနှင့် ဆရာစံရွာသည် မူလက ၆ ဖာလုံခန့်ဝေးရာမှ ၂၀၁၅ ခုနှစ်က ရွာနှစ်ခုအကြား ရွာသစ်ဆိုကာ ဆရာစံကျေးရွာနှင့် ၃ ဖာလုံ အကွာအထိ အိန္ဒိယဒေသခံများက လာရောက်နေထိုင်ကြရာ ယင်းအိမ်များသည် မြန်မာဘက်ခြမ်းတွင် ကျူးကျော်ဆောက်လုပ်နေကြသည့် နေအိမ်များဖြစ်ကြောင်း၊ ယခုအခါ ဆရာစံကျေးရွာနှင့် တစ်ဖာလုံခန့်အကွာတွင် ထပ်မံမြေကျူးကျော်ကာ ကျောက်တိုင်စိုက်ထူခဲ့ခြင်းဖြစ်ကြောင်း ဆရာစံကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

"တစ်နှစ်ကို နည်းနည်း၊ နည်းနည်းနဲ့ ကျူးကျော်လာနေတော့ ကျွန်တော်တို့ မြန်မာဘက်ခြမ်းက မြေကပျောက်သွားတော့မှာ။ နယ်စပ်မှာ နေရတယ်ဆိုတာက ကိုယ့်မြေကတော့ အပါမခံနိုင်ဘူး" ဟု ဆရာစံကျေးရွာနေ ဦးအောင်ဇော်မိုးက ပြောဆိုသည်။ ■ R-20

# မတ်ပဲဈေးကွက်ထိန်းညှိပေးရန် အစိုးရထံတင်ပြမည်

**ဟင်္သာတ၊ မေ ၂**

၂၀၁၉ ခုနှစ် မတ်ပဲစိုက်ရာသီအတွက် တောင်သူများနစ်နာမှုမရှိစေရန်နှင့် ဈေးကွက်ထိန်းညှိတာဝန်ယူပေးနိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မတ်ပဲစိုက်တောင်သူများက အစိုးရအဖွဲ့အဆင့်ဆင့်ထံတင်ပြမည်ဖြစ်ကြောင်း ဟင်္သာတအခြေစိုက် ဒေသဆိုင်ရာလူ့အခွင့်အရေးလှုပ်ရှားသူ ဦးကျော်လွင်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် မတ်ပဲစိုက်တောင်သူများစုစည်းကာ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် အစိုးရအဖွဲ့အဆင့်ဆင့်ထံတင်ပြမေးမြန်းမည်ဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် နိုင်ငံတော်သမ္မတထံ တိုက်ရိုက်တင်ပြမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့တင်ပြနိုင်ရန်အတွက် တောင်သူတွေ့ဆုံဆွေးနွေးပွဲများ ဦးစွာပြုလုပ်မှာဖြစ်ပြီး မေလအတွင်းတင်ပြနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်နေချိန်ကာလအတွင်း မတ်ပဲဈေးကွက်ကိုထိန်းညှိတာဝန်ယူပေးနိုင်ခြင်းရှိ မရှိဆိုသည့် အစိုးရအဖွဲ့၏ တိကျသော အဖြေများရရှိရန်လိုအပ်ပြီး တာဝန်ယူနိုင်မှုမရှိပါက မိုးစပါးပြီးချိန် မတ်ပဲအစားထိုးသီးနှံများဒေသအလိုက် ရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ယင်းအပြင် မတ်ပဲကြောင့်နစ်နာဆုံးရှုံးမှုများအတွက် ကူညီထောက်ပံ့ပေးနိုင်ရေး ထည့်သွင်းစဉ်းစားပေးရန်တင်ပြမည်ဖြစ်ကြောင်း ဦးကျော်လွင်က ဆက်လက်ပြောကြားသည်။

ယင်းသို့တင်ပြနိုင်ရန် ဧရာဝတီတိုင်းအတွင်းရှိ မတ်ပဲစိုက်တောင်သူများအပါအဝင် လယ်သမားအရေးလှုပ်ရှားသည့် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လယ်သမားအရေးဦးဆောင်လှုပ်ရှားသူများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူလည်းဖြစ်၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်သူလည်းဖြစ်သည့် ဦးသောင်းစိန်က ပြောကြားသည်။

၂၀၁၈ ခုနှစ် မတ်ပဲခူးဆွတ်ရာသီ၌ ဆိုးရွားစွာကျဆင်းခဲ့သည့် မတ်ပဲဈေးကြောင့် တောင်သူများနစ်နာခဲ့ရမှုအပေါ်အစိုးရအဖွဲ့က ပြန်လည်ကူညီပေးနိုင်ရန်လိုအပ်နေကြောင်း၊ ဒေသအချို့မှ တောင်သူအချို့သည် မတ်ပဲစိုက်ခင်းများကို စွန့်ပစ်ရသည့် အခြေအနေများဖြစ်ပေါ်ခဲ့ကြောင်း၊ ခူးဆွတ်ရောင်းချသူတောင်သူအများစု အနေနှင့်လည်း စိုက်ပျိုးစရိတ် အရင်းအနှီးပင် ပြန်မရသည့်အထိ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အစိုးရအဖွဲ့အနေနှင့် ပြန်လည်ကူညီပေးနိုင်ရန် ဦးစားပေးစဉ်းစားသင့်ကြောင်း ၎င်းက ပြောဆိုသည်။

မတ်ပဲအစားထိုးသီးနှံများကို ရွေးချယ်စိုက်ပျိုးရန် ဖြစ်နိုင်ခြေရှိသော်လည်း စိုက်ပျိုးရေလုံလောက်ရန် လိုအပ်ချက်ရှိကြောင်း၊ လယ်မြေများအတွင်း ရေတွင်းများတူးဖော်ရန်ဆိုသည်မှာလည်း အရင်းအနှီးလိုအပ်ချက်ရှိသောကြောင့် တောင်သူအများစုအတွက် အဆင်မပြေနိုင်ကြောင်း၊ အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့်သာ အဆင်ပြေနိုင်ကြောင်း ဟင်္သာတမြို့နယ်၊ ယုံသလင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးအောင်ဖြိုးက သုံးသပ်ပြောကြားသည်။

ထို့ပြင် အစေ့ထုတ်ပြောင်းကဲ့သို့ အစားထိုးသီးနှံစိုက်ပျိုးရန်အတွက်လည်း အစိုးရအဖွဲ့အနေနှင့် တောင်သူများအတွက် ပူးပေါင်းကူညီပေးသင့်ကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးမြင့်သိန်းဦးက ပြောဆိုသည်။

■R-13

# တောင်ငူ၌ ကြက်မောက်သီးဈေး ကျ

**တောင်ငူ၊ မေ ၂**

ပဲခူးတိုင်း တောင်ငူကြက်မောက်သီးဈေးကွက်အတွင်း ယခင်နှစ်ကထက် သံတောင်ဒေသထွက်ကြက်မောက်သီး ဈေးကျကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

ယခုနှစ်ဧပြီတတိယပတ် အတွင်းမှ စတင်ထွက်ရှိလာသော သံတောင်ကြက်မောက်သီးသည် ရာသီဥတု ကောင်းမွန်ခဲ့ခြင်းကြောင့် အထွက်နှုန်းကောင်းပြီး တောင်ငူဈေးကွက်သို့ အဝင်များသည့်အတွက် ယခင်နှစ်ကထက် တစ်ထုပ်လျှင် ၁၀၀၀ ကျပ်ခန့်အထိ ဈေးနှုန်းကျဆင်းကြောင်း တောင်ငူဒေသခံ ကုန်သည်များထံမှ သိရသည်။

"မနှစ်က ရာသီဥတုအပူရှိန်မြင့်ပြီး အထွက်လျော့တယ်။ ဒီတော့ ပေါ်ဦးပေါ်ဖျားချိန်မှ တစ်ထုပ်ကို ကျပ် ၃၅၀၀ နီးပါး ရခဲ့တယ်။ ဒီနှစ်တော့ ဒိုင်တွေမှာလည်း ပစ္စည်းတွေ ပုံနေတဲ့အခါ ဈေးက အလိုလို ကျသွားတာပေါ့"ဟု သစ်သီးပွဲရုံ ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခုနှစ် ကြက်မောက်သီးပေါ်ချိန် အနည်းငယ်နောက်ကျခဲ့ခြင်းကြောင့် ဈေးကောင်းမရဟု ပြောဆိုနိုင်သော်လည်း ဒေသတွင်း ကြက်မောက်သီးဈေးမှာ မိုးမကျမီအချိန်အထိ ကျဆင်းဖွယ်မရှိကြောင်း၊ လက်ရှိသံတောင်ဒေသထွက် ကြက်မောက်သီးတစ်ထုပ်လျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀ ခန့်ဈေးရှိကြောင်း သစ်သီးပွဲရုံပိုင်ရှင်များထံမှ သိရသည်။ ■R-15

သတင်းကိုစွဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁


ဓာတ်ပုံ - KPKL

# ကျောက်တံခါးရှိ မြေသိမ်းခံတောင်သူများ ဆန္ဒထုတ်ဖော်

**တောင်ငူ၊ မေ ၂**

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်အတွင်းရှိ မြေယာသိမ်းဆည်းခံထားရသည့် တောင်သူ ၁၀၀ နီးပါးက နစ်နာကြေးရယူလိုကြောင်း မေလ ၁ ရက်နေ့ နံနက်ပိုင်းက ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ယင်းဆန္ဒပြပွဲ ဦးဆောင်သူများထံမှ သိရသည်။

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မဖောက်လုပ်စဉ်ကတည်းက ယခုလက်ရှိမိုင်တိုင် ၉၅ မှ ၁၀၅ အနီး ဒေသခံကြံစိုက်တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေခဲ့သည့် မြေဧက ၃၀၀၀ နီးပါးခန့်ကို ကုမ္ပဏီကြီးများနှင့် စက်မှု ၁ ဝန်ကြီးဌာနတို့က အကြောင်းအမျိုးမျိုးပြသိမ်းဆည်းခဲ့သော်လည်း ယနေ့တိုင် နစ်နာကြေးမရသေးကြောင်း ဒေသခံများက ဆိုသည်။

"ကျွန်တော်တို့မြေတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက သိမ်းဆည်းတာ တောင် နစ်နာကြေးရတယ်။ ခုဖြစ်နေတာ ကုမ္ပဏီတွေက နစ်နာကြေးကို တစ်ဧက ၁၀ သိန်းတောင်မပေးချင်ဘူး။ ဒါကြောင့် ဆန္ဒဖော်ထုတ်တာပါ" ဟု အဆိုပါ ဆန္ဒပြပွဲကို ဦးဆောင်သူ ဦးညီညီလွင်က ပြောဆိုသည်။

ကျောက်တံခါးမြို့နယ် အနောက်ဘက်ကျေးရွာများမှ ဒေသခံတောင်သူ ၁၃၀ ကျော် ပိုင်ဆိုင်လုပ်ကိုင်ခဲ့ကြသည့် ကြံစိုက်ပျိုးမြေများကို ၂၀၀၁ ခုနှစ်ခန့်က သိမ်းဆည်းခံခဲ့ရပြီး ဆောက်လုပ်ရေးဌာနက နစ်နာကြေးပေးသော်လည်း စက်မှု ၁ ဝန်ကြီးဌာနနှင့် ကုမ္ပဏီကြီးအချို့က နစ်နာကြေးမပေးသဖြင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

"ကုမ္ပဏီ ၁၁ ခုနဲ့လုပ်ငန်းရှင်ကိုးဦးက သိမ်းဆည်းခဲ့တာ ခုထိမရသေးဘူး။ မြေပြန်ပေးရင်ပေး၊ မပေးရင်နစ်နာကြေးလိုချင်တယ်" ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောဆိုသည်။

ဆန္ဒဖော်ထုတ်သူ တောင်သူ ၁၀၀ ခန့်သည် အမြန်လမ်း မိုင်တိုင် ၉၅ မိုင်မှ ၁၀၅ မိုင်အထိ သက်ဆိုင်ရာကုမ္ပဏီများရှေ့ထိ ကြွေးကြော်သံများဖြင့် စုပေါင်းဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ လျော်ကြေးပေးအပ်ခြင်း မရှိသောကြောင့် ယခင် အစိုးရလက်ထက်ကတည်းက သက်ဆိုင်ရာဌာန အသီးသီးသို့အကြိမ်ကြိမ် တင်ပြတိုင်ကြားခဲ့ပြီး တင်ပြချက်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် တောင်သူများကို တစ်ဧကလျှင် ကျပ် ၁၅ သိန်း လျော်ကြေးပေးရန် ညွှန်ကြားခဲ့သော်လည်း ပေးအပ်ခြင်းမရှိသည့်အတွက် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ပြီး မထူးခြားပါက ထွန်တုံးတိုက်ပွဲဆင်နွှဲမည်ဟု ဆန္ဒပြသူများက ပြောကြားသည်။ ■R-15

# နမ္မတီးမြို့ရောက် စစ်ရှောင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်ကြီးနား၊ မေ ၂**

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နမ္မတီးမြို့ လမ်းခွကျေးရွာအတွင်းရှိ ဘာသာရေးကျောင်းများတွင် ရောက်ရှိခိုလှုံနေသော ကဆုန်နှင့် ဇွပ်မိုင်ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ရှောင်ဒေသခံများတွင် နှာစေး၊ ချောင်းဆိုးရောဂါများဖြစ်နေခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနေရကြောင်း ယင်းစစ်ဘေးရှောင်စခန်းထံမှ သိရသည်။

လတ်တလောတွင် ကလေး၊ လူကြီးမရွေး နှာစေး၊ ချောင်းဆိုးခြင်းတို့ဖြစ်ပေါ်နေပြီး ဆေးရုံ၊ ဆေးခန်းတက်ရသည့်အခြေအနေအဖြစ် ဆိုးဆိုးဝါးဝါး ဖျားနာသူများမရှိကြောင်း၊ ယင်းဖျားနာသူများအတွက် မိုးကောင်းမြို့နယ်မှ ဆရာဝန်များအပြင် ကျေးလက်ကျန်းမာရေးမှူးများက ဆေးဝါးကုသမှုပေးနေကြောင်း နှစ်ခြင်းအသင်းတော်သို့ ရောက်ရှိနေသည့် ကဆုန့်ဒေသခံ ဦးလတောင်က ပြောကြားသည်။

"အခုက နှာစေးချောင်းဆိုးနေတဲ့ လူတွေရှိတယ်။ ဒါပေမဲ့လောလောဆယ်က ဆေးရုံတက်ရလောက်တဲ့အဆင့် ဖျားတာက မရှိသေးဘူး။ ရာသီဥတုကြောင့်လား၊ ဘာကြောင့်လဲတော့မသိဘူး။ ဖြစ်တာက လူကြီးရော၊ ကလေးရော ဖြစ်တယ်။ တချို့တွေက ဆေးသောက်လို့ ပျောက်လိုက် နောက်တချို့လူကပြန်ဖြစ်လိုက်ပေါ့"ဟု ၎င်းက ဆိုသည်။

လက်ရှိ နမ္မတီးမြို့ လမ်းခွတွင် ကဆုန်နှင့် ဇွပ်မိုင်ကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံများသည် နှစ်ခြင်း၊ RC နှင့် AG ဘာသာရေးကျောင်းများတွင် နေထိုင်သည်မှာ ၁၀ ရက်ရှိပြီဖြစ်ပြီး အစားအသောက်ကို ပြည်နယ်အစိုးရနှင့် အလှူရှင်များက ကူညီပံ့ပိုးပေးလျက်ရှိသည်။

"နေရပ်ပြန်ဖို့ကတော့ လောလောဆယ် မသိရသေးဘူး။ မဖြစ်နိုင်သေးဘူးထင်တယ်။ ရွာသားတွေလည်းကြောက်နေကြတာ။ အဲဒီဘက်မှာကလည်း နှစ်ဖက်တပ်တွေရှိသေးတယ်ဆိုတော့ ပြန်ဖို့က မလွယ်သေးဘူး"ဟု ဦးလတောင်က ပြောဆိုသည်။

အဆိုပါကဆုန့်နှင့် ဇွပ်မိုင်ဒေသခံများသည် လူဦးရေ ၁၀၀၀ ကျော်ရှိပြီး ဧပြီလ ၂၀ ရက်နေ့က စတင်ကာ မိုးကောင်းမြို့နယ် ကဆုန့်ကျေးရွာအနီးတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ် (ကေအိုင်အေ) တို့ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် တိမ်းရှောင်လာသူများဖြစ်ပြီး စစ်ဘေးရှောင်အဖြစ် နမ္မတီးမြို့သို့ ဧပြီလ ၂၂ ရက်နေ့က ရောက်ရှိခဲ့သည်။

ယင်းကဆုန့်ဒေသခံများသည် လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်းကလည်း တပ်မတော်နှင့် ကေအိုင်အေ တပ်ရင်း ၁၁ တို့ တိုက်ပွဲများဖြစ်ပွားစဉ်က နမ္မတီးသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဩဂုတ်လ ၂၂ ရက်နေ့တွင် အခြေအနေတည်ငြိမ်နေပြီဟုဆိုကာ နေရပ်သို့ပြန်လည်ရောက်ရှိနေထိုင်ခဲ့သည်။

■ R-06


ဓာတ်ပုံ - မုန်အောင်

# ကန့်ဘလူခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း ဧကတစ်သောင်းကျော် စိုက်ပျိုး

**ရွှေဘို၊ မေ ၂**

ကန့်ဘလူခရိုင်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းဧက တစ်သောင်းကျော်၊ ပျိုးပင်တစ်သိန်းခွဲခန့် စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ပြောကြားသည်၊

ကန့်ဘလူမြို့နယ်တွင် ဒေသခံပြည်သူအစုအဖွဲ့ ၄၆ ဖွဲ့မှ ဒေသခံတောင်သူ ၅၅၉ဦး စိုက်ပျိုးမည့် မဲဇလီ၊ လျှော်ဖြူ၊ ပျဉ်းကတိုး၊ သနပ်ခါး၊ ယူကလစ် စသည့် စိုက်ခင်းပျိုးပင် ၉ သောင်းကျော်၊ ကျွန်းလှမြို့နယ်တွင် လျှော်ဖြူ၊ ပျဉ်းကတိုး၊ ဝါး၊ မဲဇလီစသည့်ပျိုးပင် ၅၅,၄၅၀ ပင်၊ ကန့်ဘလူခရိုင်အတွင်း စုစုပေါင်း ဒေသအစုအဖွဲ့ပိုင်ပျိုးပင် တစ်သိန်းခွဲနီးပါး စိုက်ပျိုးမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

၂၀၁၈ ခုနှစ်အတွင်း သစ်တောများပြန်လည် တည်ထောင်ရေးစီမံချက်အရ စီးပွားဖြစ် ဌာနပိုင်ကျွန်းစိုက်ခင်းများကို ကန့်ဘလူမြို့နယ်တွင် ဧက ၂၀၀၊ ကျွန်းလှမြို့နယ်တွင် ဧက ၃၀၀၊ ခရိုင်အတွင်းဌာနပိုင် ကျွန်းစိုက်ခင်းဧက ၅၀၀ ကို ပျိုးပင်သန့်ခြင်း၊ ပျိုးထောင်ခြင်း၊ ကျင်းတူးခြင်း၊ ပန္နက်ရိုက်ခြင်းတို့ကိုလည်း စတင်ဆောင်ရွက်နေကြောင်း ရွှေဘိုခရိုင်သစ်တောဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

■

R-09


ဓာတ်ပုံ - စောကျော်ဌေး

လွန်းညကျောက်မိုင်းသို့သွားရာ ရွာလယ်ယာကုန်ထုတ်လမ်းအား ရွာသားများက ဘက်ဟိုးဖြင့် ထိုးထားသည့် ပုံနှင့် လွန်းညကျောက်မိုင်းတွင် CRBC ကုမ္ပဏီမှ တည်ထားသည့် AC Plant တို့ကို တွေ့ရစဉ်

# သတ်မှတ်ကျောက်ကျင်း အရေအတွက်ပြည့်လျှင် ကျောက်ထုတ်ခြင်း ရပ်ပေးမည်ဟုဆို

**ဘားအံ၊ မေ ၂**

ဒေသခံများ ကန့်ကွက်နေသော လွန်းည ကျောက်ထုတ်လုပ်ရေးလုပ်ငန်းမှာ သတ်မှတ်ကျောက်ကျင်း အရေအတွက်ပြည့်လျှင် လုံးဝရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း ချစ်လင်းမြိုင် ကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ နယ်ခြားစောင့်တပ်(BGF)ဗိုလ်မှူးကြီး စောချစ်သူက ပြောကြားသည်။

မေလ ၁ ရက်နေ့က လွန်းညကျေးရွာကျောင်းတိုက်တွင်ပြုလုပ်သည့် လွန်းညတောင် ကျောက်ထုတ်လုပ်ရေးကိစ္စ ဒေသခံများနှင့် ကျောက်ထုတ်လုပ်သည့် ကုမ္ပဏီတို့တွေ့ဆုံညှိနှိုင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်လည်း ဒေသခံဖြစ်သလို ကရင်လူမျိုးပါပဲ။ လမ်းအတွက်ကျောက်လိုတယ်ဆိုတော့ လုပ်ပိုင်ခွင့် လျှောက်တယ်။ အဲဒီလိုလုပ်ကွက်လျှောက်တော့ ဒီနေရာရတယ်။ သတ်မှတ်ချက်က ကျောက်ကျင်းပေါင်း တစ်သိန်းသုံးသောင်းကို သုံးနှစ်အတွင်းတင်သွင်းရမှာဖြစ်တယ်။ ဒါပေမဲ့၃ နှစ်မပြည့်ခင် သတ်မှတ် ကျောက်ကျင်းရေပြည့်ရင် ကျွန်တော်တို့လုပ်ငန်းရပ်ဆိုင်းမှာပါ"ဟု ၎င်းက ပြောဆိုသည်။

ထိုသို့ကျောက်ထုတ်ရေးနှင့် ပတ်သက်၍ ကျောက်ထုတ်လုပ်မည့် ချစ်လင်းမြိုင်ကုမ္ပဏီ၊ လမ်းဖောက်လုပ်မည့် China Road and Bridge(CRBC)ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသခံရွာသူရွာသားပေါင်း ၂၀၀ ကျော်တို့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းကျောက်ထုတ်စခန်းသည် မဟာမဲခေါင်စီမံကိန်း လမ်းအပိုင်းတစ်ခုဖြစ်သော အာရှလမ်းမကြီး(မြန်မာနိုင်ငံအပိုင်း)အပိုင်းတစ်ခုဖြစ်သည့် အိန္ဒြေ-ကော့ကရိတ်လမ်းအပိုင်းအတွက် ကျောက်ကျင်းပေါင်း တစ်သိန်းသုံးသောင်းကို ချစ်လင်းမြိုင်ကုမ္ပဏီက လမ်းဖောက်လုပ်သည့် China Road and Bridge (CRBC)ကုမ္ပဏီထံသို့ တင်သွင်းရမည်ဖြစ်ပြီး ကျောက်ထုတ်စခန်းအနေနှင့် အစိုးရထံ နေရာ ၃ ခုတင်ပြရာတွင် လွန်းညတောင်နေရာကို လုပ်ပိုင်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း ချစ်လင်းမြိုင်ကုမ္ပဏီထံမှ သိရသည်။

"ကျွန်တော်တို့က လွန်းညတောင်ကို ကျောက်ထုတ်လုပ်ငန်းလုပ်တာ ဒေသခံကုမ္ပဏီဖြစ်လို့ ကန့်ကွက်စရာတော့မရှိဘူး။ ဒါပေမဲ့ အဲဒါကိုအကြောင်းပြုပြီး တရုတ်ကုမ္ပဏီကလူတွေ၊ ကားတွေက ကျောက်လာသယ်ကြ ထုတ်ကြတယ်၊ နောက်ပြီး စက်ကြီးတွေလာထိုင်ပြီးတော့ ကျောက်ခွဲတာတွေ ဘာတွေရှိလို့ကန့်ကွက်ရတာပါ" ဟု လွန်းညကျေးရွာ အမှတ်(၆) ရပ်ကွက် ဒေသခံ စောစည်သူက ပြောဆိုသည်။

လွန်းညတောင်တွင် ယခင်က ဒေသခံများ၏ တစ်နိုင်တစ်ပိုင်ထုတ်လုပ်သည့် ကျောက်မိုင်း ၂၃ ခုရှိခဲ့ပြီး ယခုအခါ အိန္ဒြေ-ကော့ကရိတ်လမ်းသို့ တင်သွင်းရန်အတွက် ချစ်လင်းမြိုင်ကုမ္ပဏီမှ တင်ဒါအောင်ပြီးနောက် ကျောက်ခွဲစက်ကြီးများဖြင့် ကျောက်ထုတ်လုပ်မှုများရှိသည့်အပြင် ကွန်ကရစ်ကတ္တရာဖျော် အဆောက်အအုံ (ACPlant)များ တည်ဆောက်လာခြင်းများရှိကြောင်း ဒေသခံများက ဆိုသည်။

ချစ်လင်းမြိုင်ကုမ္ပဏီအနေနှင့် တင်ဒါအောင်ပြီးနောက် ကျောက်ထုတ်လုပ်ရာတွင် လိုအပ်သောကျောက်အရွယ်အစားနှင့် အရည်အသွေးများရရန်အတွက် လိုအပ်သောစက်ပစ္စည်းများနှင့် ကျွမ်းကျင်ဝန်ထမ်းအချို့ကို လုပ်ငန်းပိုင်းဆိုင်ရာ အဆင်ပြေစေရန် ထောက်ပံ့ပေးမှုများရှိကြောင်း China Road and Bridge (CRBC) ကုမ္ပဏီက ကျန်းမာရေး၊ လုံခြုံရေး နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာရှိ ဦးပြည့်ဖြိုးက ဆိုသည်။

■ R-17

# ကျပ်သန်းငါးရာကျော်သုံး၍ ယခုနှစ် ချောက်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ချောက်၊ မေ ၂**

ယခုဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး ချောက်မြို့အတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး ရန်ပုံငွေမှ ကျပ်သန်း ၅၀၀ကျော်သုံး၍ လုပ်ဆောင်မည်ဖြစ်ကြောင်း ယင်းမြို့နယ်စီမံကိန်းဦးစီးရုံးထံမှ သိရသည်။

ချောက်မြို့ ကယ်ဆယ်ရေးဦးစီးဌာန မြေနေရာဝယ်ယူခြင်းအတွက် ကျပ်သန်း ၃၀ ၊ စိုက်ပျိုးရေးဦးစီးဌာနအတွက် ကျပ် ၁၀ သန်းကျော်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအတွက် ကျပ် ၂ သန်းကျော်၊ သစ်တောဦးစီးဌာနအတွက် ကျပ် ၈ သန်းနီးပါး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀ ကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် ကျပ် ၂၇ သန်းကျော်နှင့် စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ်သန်း ၃၅၀ နီးပါးအသုံးပြုခွင့်ပေးထားကြောင်း ယင်းရုံးထံမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ရရှိမည့် ဘတ်ဂျက် ၁၀ သန်းကျော်မှ ၇ သန်းကို တောင်သူပညာပေးစခန်း တည်ဆောက်ခြင်း အတွက် အသုံးပြုမည်ဖြစ်ပြီး ကျန်သုံးသန်းကျော်ကိုသစ်တောစိုက်ခင်းများရှိ ရှေ့တန်းစခန်းခြံစည်းရိုး ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

■

# ဇိုမီးသူရဲကောင်းများ နှစ် ၁၀၀ ပြည့်ပွဲ ကျင်းပ

**ကလေး၊ မေ ၂**

ပြင်သစ်စစ်မြေပြင်တွင် အမှုထမ်းခဲ့သည့် ဇိုမီးသူရဲကောင်းများ၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပွဲကို ချင်းပြည်နယ်၊ တီးတိန်မြို့ မြို့မရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် မေလ ၁ ရက်နေ့က ကျင်းပခဲ့ကြောင်း ပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးဂိုခမ်းပေါင်က ပြောကြားသည်။

ယင်းပွဲသို့ လူဦးရေ ၁၀၀၀ တက်ရောက်ခဲ့ပြီး ပြင်သစ်စစ်မြေပြင်တွင် သွားရောက်အမှုထမ်းခဲ့သည့် တီးတိန်မြို့နယ်မှ ဇိုမီးသူရဲကောင်း ၁၀၃၃ ဦး၏ အကြောင်းကို နောင်လာနောက်သားများသိရှိ စေရန် ဟောပြောခြင်း၊ ၎င်းတို့ စစ်မြေပြင်တွင်း တာဝန်ထမ်းဆောင်စဉ်က အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ပြခန်းအဖြစ် ဖွင့်လှစ်ပြသခြင်းစသည့် အစီအစဉ်များဖြင့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲကို ပြုလုပ်ခဲ့သည်။

ပြင်သစ်စစ်မြေပြင်အတွင်းရောက်ရှိအမှုထမ်းခဲ့သည့် ၎င်းတို့ကို ဂုဏ်ပြုသည့်အနေနှင့် ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်သည့် မေလ ၁ ရက်နေ့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်သည် ပထမအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဦးဂိုခမ်းပေါင်က ရှင်းပြသည်။

■ R-20



Photo - vungh k

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ ၊ ၀၉ ၇၇၈၈၃၃၀၇၁

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ မြန်မာအသင်း အုပ်စုကျပ်

**ရန်ကုန်၊ မေ ၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၁၈ ခုနှစ် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသောကြောင့် အုပ်စုကျပ်အတွင်း ကျရောက်သွားခဲ့သည်။

အဆိုပါပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုကို မေ ၂ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုအဆင့်တွင် တွေ့ဆုံသည့်အသင်းများနှင့်ပင် တွေ့ဆုံနေခဲ့ပြီး လာအိုအသင်းသာ ထပ်တိုးလာခဲ့သည်။

မဲခွဲမှုအရ အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုတို့ ကျရောက်ခဲ့ပြီး အုပ်စု(ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ခြေစစ်ပွဲကစားရမည့် တီမောနှင့် ဘရူနိုင်းအသင်းတို့မှ တစ်သင်း ယှဉ်ပြိုင်ရမည်ဟု ထုတ်ပြန်လိုက်သည်။

ယင်းပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတွင်းလေးပွဲတွင် တစ်သင်းလျှင် အိမ်ကွင်းနှစ်ပွဲစီ လက်ခံကျင်းပရမည်ဖြစ်သည်ဟု အာဆီယံ ဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် မေလ ၁၂ ရက်တွင် ကမ္ဘောဒီးယားအသင်းကို အိမ်ကွင်း၌ စတင်ရင်ဆိုင်ရမည်ဖြစ်ပြီး ၁၆ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ ၂၀ ရက်တွင် ဗီယက်နမ်အသင်းကို အိမ်ကွင်း၌ ထပ်မံညှိခံကစားရမည်ဖြစ်ကာ၊ ၂၄ ရက်တွင် မလေးရှားအသင်း၏ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များ၏ ပထမအကျော့ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်၊ ဒုတိယအကျော့ပွဲများကို ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်တို့တွင်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဟု အာဆီယံဘောလုံးအဖွဲ့ချုပ်က မှတ်ထားသည်။

မြန်မာအသင်းသည် ၂၀၁၆ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ချန်ပီယံဖြစ်ခဲ့သည့် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့ကာ အကြိုဗိုလ်လုပွဲဖြင့်သာကျေနပ်ခဲ့ရသည်။ မြန်မာအသင်းအနေနှင့် ဆူဇူကီးဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အကြိုဗိုလ်လုပွဲထိသာ အမြင့်ဆုံးကစားခဲ့ဖူးသောအသင်းဖြစ်သည်။

■ J-04



# အလိုမရှိသော ကစားသမားများကို မော်ရင်ညို ပညာသားပါပါဖြင့် ရှင်းထုတ်နေသည်ဟု သတင်းမီဒီယာများ စွပ်စွဲ

**မန်ချက်စတာ၊ မေ ၂**

မန်ယူနည်းပြ မော်ရင်ညိုသည် ၎င်းအလိုမရှိသော ကစားသမားများကို ပညာသားပါပါဖြင့် ရှင်းထုတ်နေပြီး မန်ယူအသင်းတာဝန်ရှိသူများက ၎င်းလိုလားသည့် လူအင်အားဖြည့်တင်းမှုမျိုးကို မဖြစ်မနေ ဆောင်ရွက်ပေးစေရန်အတွက် မော်ရင်ညိုက ယင်းနည်းလမ်းကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မော်ရင်ညိုသည် ဗန်ဟားလ် လက်ထက်တွင် မန်ယူအတွက် ခေါ်ယူစုစည်းခဲ့သည့် ကစားသမားအများစုကို ဘဝင်မကျမှုများရှိနေပြီး ကစားသမားရှင်းထုတ်ရေးလုပ်ငန်းစဉ်ကို မော်ရင်ညိုက အဆင့်ဆင့်နည်းလမ်းများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု စွပ်စွဲချက်များလည်း ထွက်ပေါ်နေသည်။

ဗြိတိန်သတင်းမီဒီယာများသည် ခြေစွမ်းကောင်းမွန်သော ကစားသမား အချို့ကို စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် မော်ရင်ညိုဘက်က အလေးအနက်ထားအားထုတ်မှုမရှိသည့်အချက်ကို ထောက်ပြထားပြီး ဒါလေးဘလိုင်း၊ ဟာရီရာ၊ မာတာ၊ ဒါမီယန်နှင့် မာတီရယ်လ်တို့အပါအဝင် အဓိကကစားသမားများကို မော်ရင်ညို လွယ်လင့်တကူ လက်လွှတ်လိုက်ရန် ပြင်ဆင်နေသည်မှာ လွန်စွာပင် နားမလည်နိုင်ဖွယ်ရာ ဖြစ်လျက်ရှိသည်။

မော်ရင်ညိုသည် ၎င်းအလိုရှိသော ကစားသမားများကို ခေါ်ယူရရှိနိုင်ရေးတွင်မူ မန်ယူဒါရိုက်တာဘုတ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ဖိအားပေးတတ်လေ့ရှိပြီး လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းကို အကြီးစားအင်အားဖြည့်တင်းမှုတစ်ရပ် လုပ်နိုင်စေရန် မန်ယူဒါရိုက်တာဘုတ်အဖွဲ့က မော်ရင်ညိုကို အခွင့်အလမ်းပေးလိုက်ရသည်မှာ လက်ရှိကစားသမားအစုအဖွဲ့တွင် မော်ရင်ညိုသဘောမကျသည့်ကစားသမားများစွာရှိနေ၍ဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုသည် မော်ရင်ညိုကို အသင်းအား အောင်မြင်မှုလမ်းကြောင်းထက်ဆီ ပြန်လည်ဆွဲတင်ပေးမည့် နည်းပြအဖြစ် ရှုမြင်ထားဆဲဖြစ်ပြီး မော်ရင်ညိုကိုယ်တိုင်ကလည်း ၎င်း၏နည်းပြဘဝဖြတ်သန်းမှုအတွင်း မန်ယူကို အခြားသောအသင်းများထက် အချိန်ပိုမို တာဝန်ယူဖြစ်နိုင်ကြောင်း ဖွင့်ဟဝန်ခံထားပြီဖြစ်သည်။ ■ E-11

# ရီးရဲလ်မက်ဒရစ်ကို စပိန်သတင်းစာများက အမွှမ်းတင်ပြီး ကတ်တလန်သတင်းစာများက ရှုံ့ချ

**မက်ဒရစ်၊ မေ ၂**

စပိန်အခြေစိုက်သတင်းစာများနှင့် ကတ်တလန်အခြေစိုက် သတင်းစာများသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်သို့ ရီးရဲလ်မက်ဒရစ်အသင်း တက်လှမ်းရောက်ရှိသွားခြင်းကို ရှုမြင်ပုံ ကွဲလွဲနေကြပြီး စပိန်သတင်းစာများက ရီးရဲလ်မက်ဒရစ်ကို အမွှမ်းတင်နေသော်လည်း ကတ်တလန်သတင်းစာများကမူ ရှုံ့ချဝေဖန်နေကြောင်း The Sun က ဖော်ပြထားသည်။




Marca သတင်းစာသည် ဥရောပဖလားကို ၁၃ ကြိမ်မြောက်ရယူဖို့ ရီးရဲလ်မက်ဒရစ်လာပြီဟူသည့် ခေါင်းစဉ်ဖြင့် ရီးရဲလ်မက်ဒရစ်ကို ချီးမြှောက်ခဲ့ပြီး AS သတင်းစာကမူ ကိဗ်ရေ(ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပမည့် ယူကရိန်းနိုင်ငံ ကိဗ်မြို့ကို ရည်ညွှန်းခြင်းဖြစ်သည်)၊ ငါတို့လာပြီဟူသော အရေးအသားဖြင့် ရီးရဲလ်မက်ဒရစ်ကို ဂုဏ်ပြုသွားခဲ့သည်။

ကတ်တလန်အခြေစိုက် El Mundo Deportivo သတင်းစာနှင့် SPORT သတင်းစာ တို့သည် ဒိုင်လူကြီး၏မျက်နှာသာပေးမှုကြောင့်ဗိုလ်လုပွဲရောက်သွားသည့် ရီးရဲလ်မက်ဒရစ်၊ ကံကြမ္မာမျက်နှာသာပေးမှုကို ရခဲ့သည့် ရီးရဲလ်မက်ဒရစ် စသည့်ခေါင်းစဉ်များဖြင့် ရီးရဲလ်မက်ဒရစ်၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့မှုကို ထေ့ငေါ့သွားခဲ့ပြီး အခြားသော ကတ်တလန်သတင်းစာများကလည်း ဘိုင်ယန်မြူးနစ်ဂိုးသမား အားလ်ရိချ်၏ အလွဲအမှားကို မီးမောင်းထိုးပြကာ ရီးရဲလ်မက်ဒရစ်ကို ဘိုင်ယန်မြူးနစ်က ဗိုလ်လုပွဲတက်ခွင့် လက်ဆောင်ပေးလိုက်ပြီဟု ညွှန်းဆိုသွားခဲ့ကြသည်။

ရီးရဲလ်မက်ဒရစ်သည် ဘိုင်ယန်မြူးနစ်ကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် ကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်သို့ သုံးနှစ်ဆက် တက်ရောက်သွားခဲ့ခြင်းဖြစ်ပြီး လက်ရှိဘောလုံးရာသီတွင်လည်း ချန်ပီယံလိဂ်ဆုဖလားကြီးကို ဆွတ်ခူးရယူကာ သမိုင်းစံချိန်သစ်တစ်ခုကို ရေးထိုးဦးမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမို့စ်က ကြုံးဝါးထားသည်။ ■ E-11

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲအများဆုံးကစားခွင့်ရ ကစားသမားအဖြစ် စီရော်နယ်ဒို ရပ်တည်

**မက်ဒရစ်၊ မေ ၂**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အပြီးတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်၌ ဂိုးသမားနေရာကလွဲ၍ အခြားသောနေရာများတွင် ကစားသော ကစားသမားများအနက် ပွဲအများဆုံးကစားခွင့်ရ ကစားသမားအဖြစ် ရပ်တည်လိုက်နိုင်ပြီဖြစ်ပြီး စီရော်နယ်ဒိုမှာ လက်ရှိတွင် ၎င်း၏ ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ချန်ပီယံလိဂ်ပွဲစဉ်အရေအတွက် ၁၅၂ ပွဲ ကစားခွင့်ရခဲ့ပြီးပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။




စီရော်နယ်ဒိုမတိုင်မီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်၌ ဂိုးသမားနေရာကလွဲ၍ အခြားသောနေရာများတွင် ကစားသော ကစားသမားများအနက် ပွဲအများဆုံးကစားခွင့်ရ ကစားသမားအဖြစ် စံချိန်စိုက်ထူထားခဲ့သူမှာ ဘာစီလိုနာကွင်းလယ်ကစားသမား ဇာဗီးဖြစ်ပြီး ဇာဗီး ပါဝင်ကစားခွင့်ရခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အရေအတွက် ၁၅၁ ပွဲကို စီရော်နယ်ဒိုက ၁၅၂ ပွဲဖြင့် ဖြတ်ကျော်တက်သွားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ဂိုးသမားနေရာကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက် ပွဲအများဆုံးကစားခွင့်ရ ကစားသမားအဖြစ်သာ ရပ်တည်နိုင်လိမ့်ဦးမည်ဖြစ်ပြီး ၎င်း၏အထက်တွင် ချန်ပီယံလိဂ်ပွဲစဉ် ၁၆၇ ပွဲကစား၍ ပထမနေရာ၌ ရပ်တည်နေသူမှာ ရီးရဲလ်မက်ဒရစ်ဂိုးသမားဟောင်း ကာဆီးလက်စ်ဖြစ်သည်။

စီရော်နယ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်တွင် ဂိုးအများဆုံးသွင်းယူထားသူ ကစားသမားအဖြစ်လည်း ရပ်တည်နေပြီး ၎င်း၏ချန်ပီယံလိဂ်သွင်းဂိုးအရေအတွက်မှာ ၁၂၀ ရှိနေပြီဖြစ်သည်။ စီရော်နယ်ဒို၏သွင်းဂိုးအရေအတွက်သည် ၎င်း၏အနီးကပ်ပြိုင်ဘက်ဖြစ်သူ ဘာစီလိုနာတိုက်စစ်မှူးမက်ဆီထက် သွင်းဂိုး ၂၀ သာလွန်လျက်ရှိသည်။ ■ E-11



# အသင်းပွဲကြည့်စင်တစ်ခုကို အာစင်ဝင်းဂါးအမည်မှည့်ခေါ်၍ အာဆင်နယ် ဂုဏ်ပြုမည်

**လန်ဒန်၊ မေ ၂**

အာဆင်နယ်အသင်းသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းနှင့် လမ်းခွဲတော့မည့် နည်းပြ အာစင်ဝင်းဂါးကို ဂုဏ်ပြုရန် အစီအစဉ်တစ်ရပ် ရေးဆွဲထားပြီဖြစ်ပြီး အသင်းပိုင် အမ်းမရိတ်စ်ဘောလုံးကွင်း၏ အနောက်ဘက်ပွဲကြည့်စင်ကို အာစင်ဝင်းဂါးပွဲကြည့်စင်ဟု အမည်မှည့်ခေါ်၍ အာဆင်နယ်က ဂုဏ်ပြုလိမ့်မည်ဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မန်ယူအသင်းသည် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်၌ အသင်းဂန္ထဝင်နည်းပြကြီး ဖာဂူဆန်ကိုအသင်းထံတွင် နည်းပြဘဝဖြတ်သန်းမှု ၂၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်း၏မြောက်ဘက်တန်းပွဲကြည့်စင်ကို ဆာအဲလက်စ်ဖာဂူဆန် ပွဲကြည့်စင်ဟု အမည်ပေးအပ်မှည့်ခေါ်၍ ဖာဂူဆန်ကို ဂုဏ်ပြုခဲ့ပြီး လက်ရှိတွင် အာဆင်နယ်ကလည်း အလားတူနည်းလမ်းကို အသုံးပြု၍ အာစင်ဝင်းဂါးကို ဂုဏ်ပြုလိုက်ခြင်းဖြစ်သည်။

အာစင်ဝင်းဂါးသည် ၁၉၉၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်တိုင်သည်အထိ အာဆင်နယ်အတွက် နှစ်ပေါင်း ၂၂ နှစ်ကြာ တာဝန်ထမ်းဆောင်ပေးခဲ့ကာ အဆိုပါ ၂၂ နှစ်တာကာလအတွင်း အာစင်ဝင်းဂါးက အာဆင်နယ်ကို ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးချန်ပီယံသုံးကြိမ်၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် ရှုံးထွက်ချန်ပီယံ ခုနစ်ကြိမ် ဖြစ်စေရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လာမည့်တနင်္ဂနွေနေ့တွင် အာဆင်နယ်နှင့် ဘန်လေတို့ ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်သည် အာစင်ဝင်းဂါး၏ အာဆင်နယ်နည်းပြဘဝ ဖြတ်သန်းမှု နောက်ဆုံးပွဲစဉ် ဖြစ်လာလိမ့်မည်ဖြစ်ပြီး ယင်းပွဲစဉ်ကို တက်ရောက်ကြည့်ရှု၍ အာစင်ဝင်းဂါးကို ဂုဏ်ပြုရန် အသင်းအတွက် ပွဲစဉ်ပေါင်း ၁၀၀ နှင့်အထက် ကစားပေးခဲ့သူ ဂန္ထဝင်ကစားသမားများကို အာဆင်နယ်အသင်းတာဝန်ရှိသူများက ဖိတ်ကြားထားပြီလည်းဖြစ်သည်။■E-11

## ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့ကို အရောင်းဈေးကွက်တင်တော့မည်ဖြစ်ကြောင်း မန်ယူ အသိပေး

**မန်ချက်စတာ၊ မေ ၂**

မန်ယူအသင်းသည် လာမည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းနောက်ခံကစားသမား နှစ်ဦးဖြစ်သည့် ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့ကို အရောင်းဈေးကွက်တင်တော့မည်ဟု အသိပေးပြောကြားထားပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီသစ်တွင် ဝတ်ဆင်မည့် ဝတ်စုံသစ်အတွက် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာဓာတ်ပုံများ ရိုက်ကူးရာတွင် ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့ကို ချန်လှပ်ထားခဲ့ပြီး မန်ယူနည်းပြ မော်ရင်ညိုမှာ အသင်းခံစစ်ကို အားဖြည့်ရန်အတွက် အနိမ့်ဆုံးအဖြစ် ကစားသမားသစ်နှစ်ဦး ခေါ်ယူလိုနေခြင်းကြောင့် ပွဲထွက်ခွင့်နည်းပါးလွန်းနေသည့် ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့မှာ မလွဲမရှောင်သာ အသင်းပြောင်းရမည့်အနေအထားများလည်း ဖြစ်ပေါ်နေပြီဖြစ်သည်။

ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့သည် မန်ယူနှင့်စာချုပ်သက်တမ်း တစ်နှစ်စီကျန်ရှိနေသေးသော ကစားသမားများဖြစ်ကြပြီး ၎င်းတို့၏တန်းကြေးကို မန်ယူက ပေါင် ၁၅ သန်းစီ သတ်မှတ်ဈေးခေါ်လျက်ရှိသည်။

အီတလီစီးရီးအေကလပ်အသင်းများသည် ဒါလေးဘလိုင်းနှင့် ဒါမီယန်တို့ကို ခေါ်ယူရန် စိတ်ဝင်စားနေကြပြီး မန်ယူကမူ လာမည့်နွေဈေးကွက်တွင် အသင်းခံစစ်ကို အားဖြည့်ရန်အတွက် ဘာစီလိုနာနောက်ခံလူ အမ်တီတီနှင့် ဝက်စ်ဘရွန်းနောက်ခံလူ အီဗန်စ်တို့ကို ပထမဦးစားပေးပစ်မှတ်အဖြစ် သတ်မှတ်၍ ထားရှိဆက်သွယ်နေသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် လွန်ခဲ့သည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် ခံစစ်၌ ဘေလ်လီနှင့်တွဲဖက်ရန် လင်ဒီလော့ဖ်ကို ခေါ်ယူခဲ့ပြီး လင်ဒီလော့ဖ်မှာ ယခုအချိန်တိုင်သည်အထိ အသင်းနှင့် အထိုင်မကျနိုင်ဖြစ်နေသည့်အတွက် ၎င်းကို အငှားချရန်လည်း မော်ရင်ညိုက ကြံရွယ်နေပြီဖြစ်သည်။

■E-11



Getty Images



# အိမ်ရှင်အသင်းတွေနဲ့လက်တွဲလိုက်တာက အမှန်ကန်ဆုံး ဖြစ်ပါလိမ့်မယ်

## ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ် ဒုတိယအကျော့ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

### အက်သလက်တီကို - အာဆင်နယ်

**ပထမအကျော့ရလဒ် - အာဆင်နယ် ၁-၁ အက်သလက်တီကို**

အက်သလက်တီကိုဟာ ပထမအကျော့တုန်းက အာဆင်နယ်ရဲ့အိမ်ကွင်း အမ်းမရိတ်စ်မှာ သရေရလဒ်ကို ရယူလိုက်နိုင်တဲ့အတွက် နောက်တစ်ဆင့်တက်နိုင်ဖို့ရာ အခြေအနေ အရမ်းကောင်းသွားခဲ့ပါပြီ။ အထူးသဖြင့် အဝေးကွင်း သွင်းဂိုးတစ်ဂိုး ရယူလိုက်နိုင်တာက အက်သလက်တီကိုအတွက် အကြီးမားဆုံးသော အားသာချက်တစ်ရပ်ပါပဲ။ အာဆင်နယ်ဟာ ပထမအကျော့ကို မိနစ် ၈၀ ကျော်ကြာ ကစားသမားတစ်ယောက်အသာစီးအနေအထားနဲ့ ကစားနိုင်ခဲ့ပေမယ့် အနိုင်ရလဒ်ကို ရယူနိုင်ခြင်း မရှိခဲ့လို့ ဒီတစ်ကျော့မှာ အသည်းအသန် ရုန်းကန်ရတော့မှာပါ။ ဒီပွဲစဉ်ဟာ လက်ရှိဘောလုံးရာသီပြီးဆုံးချိန်ရောက်ရင် အာဆင်နယ်နဲ့ လမ်းခွဲတော့မယ့် နည်းပြကြီး အာစင်ဝင်းဂါးအတွက် သူ့ရဲ့နည်းပြဘဝဖြတ်သန်းမှုအတွင်း ဥရောပပွဲစဉ်ပေါင်း ၂၅၀ ပြည့်မယ့်ပွဲစဉ်လည်း ဖြစ်ပါတယ်။ အက်သလက်တီကိုဟာ အသင်းသမိုင်းကြောင်းတစ်လျှောက် ဥရောပအဆင့်ပြိုင်ပွဲတွေမှာ အင်္ဂလိပ်ကလပ်တွေနဲ့ ပွဲစဉ်ပေါင်း ၂၈ ပွဲ ယှဉ်ပြိုင်ခဲ့ဖူးပြီး အဲ့ဒီပွဲစဉ် ၂၈ ပွဲမှာ အက်သလက်တီကိုက ၁၀ ပွဲနိုင်၊ ၁၂ ပွဲသရေကျကာ ခြောက်ပွဲတည်းသာ ရှုံးနိမ့်ထားပါတယ်။ ဒါဟာ အင်္ဂလန်ကလပ်တွေနဲ့ ထိပ်တိုက်တွေ့တဲ့ပွဲတွေမှာ အက်သလက်တီကိုက ရလဒ်သိပ်မဆိုးတတ်ဘူးလို့ ညွှန်းဆိုနေတဲ့သဘောပါပဲ။ အာဆင်နယ်ကတော့ စပိန်အသင်းတွေနဲ့အားပြိုင်ခဲ့ရတဲ့ ဥရောပပွဲစဉ်ပေါင်း ၃၂ ပွဲမှာ ၁၀ ပွဲတည်းသာ အနိုင်ရပြီး ၁၄ ပွဲ ရှုံးနိမ့်ထားပါတယ်။ စပိန်မြေဆီကို သွားရောက်ကစားခဲ့ရတဲ့ ပွဲစဉ် ၁၄ ပွဲမှာ အာဆင်နယ်က နှစ်ပွဲသာ အနိုင်ရပြီး သုံးပွဲသရေကျကာ ကိုးပွဲထိတောင် ရှုံးနိမ့်ထားတာပါ။ အက်သလက်တီကိုဟာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ယူရိုပါလိဂ်အိမ်ကွင်းပွဲစဉ် ၁၆ ပွဲမှာ ၁၅ ပွဲအထိ အနိုင်ရထားလို့ အာဆင်နယ် မလွယ်လောက်ပါဘူး။ အက်သလက်တီကိုခံစစ်ကြောင်းကို အာဆင်နယ်ထိုးဖောက်နိုင်ဖို့က ခက်လွန်းခြင်းမက ခက်လှပါတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်းပွဲစဉ် ၁၁ ပွဲဆက်တိုက် ဂိုးပေးခဲ့ရခြင်းမရှိတဲ့ အက်သလက်တီကိုခံစစ်ကြောင်းကို အာဆင်နယ် ထိုးဖောက်ထိုးဖောက်ကျော်ဖြတ်နိုင်ဖို့က သိပ်မလွယ်လှပါဘူး။ နည်းပြ ဆီမွန်နီ ကွင်းနံဘေးကနေ ပွဲကြီးကြပ်ခွင့် မရတာတစ်ခုကသာ အက်သလက်တီကိုအတွက် ဆုံးရှုံးမှုဖြစ်ပါလိမ့်မယ်။ အက်သလက်တီကို ကပ်နိုင်ပြီး ဗိုလ်လုပွဲတက်သွားပါလိမ့်မယ်။

**ပွဲကြီးကြပ်မည့် ဒိုင်လူကြီးများ**

**ကွင်းလယ်ဒိုင်လူကြီး** - ဂီယန်လူကာ ရော့ချီ(အီတလီ)

**စည်းကြပ်ဒိုင်လူကြီးများ** - ဒီလီဘာရာတိုရီ(အီတလီ)၊ တိုနိုလီနီ(အီတလီ)

### ဆဲလ်ဘတ် - မာဆေး

**ပထမအကျော့ရလဒ် - မာဆေး ၂-၀ ဆဲလ်ဘတ်**

ဆဲလ်ဘတ်ဟာ အိမ်ကွင်းကစားအားကောင်းတဲ့အသင်းဖြစ်လို့ မာဆေး သတိကြီးကြီးထားရပါလိမ့်မယ်။ ပထမအကျော့အနိုင်ရလဒ်ဟာ မာဆေးအတွက် အတိုင်းအတာတစ်ရပ်အထိတော့ စိတ်ချရမှုရှိနေပါပြီ။ ဆဲလ်ဘတ်က ဥရောပအဆင့်ပြိုင်ပွဲတွေမှာ ပြင်သစ်ကလပ်တွေကို အိမ်ကွင်းပွဲစဉ်သုံးပွဲ လက်ခံယှဉ်ပြိုင်ခဲ့ဖူးပြီး အဲ့ဒီပွဲစဉ်သုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ကို ဆဲလ်ဘတ်က ရရှိပိုင်ဆိုင်ထားပါတယ်။ ဆဲလ်ဘတ်က အိမ်ကွင်းပွဲစဉ်တွေမှာ တိုက်စစ်ဖွင့်ကစားတတ်လေ့ရှိလို့ မာဆေးအနေနဲ့ သတိကြီးကြီးထားပြီး ထိန်းချုပ်ရမှာပါ။ အထူးသဖြင့် ပွဲစတာနဲ့ ဂိုးမပေးလိုက်ရဖို့ကို မာဆေး သတိပြုရပါလိမ့်မယ်။ ဆဲလ်ဘတ်ဟာ နောက်ဆုံးကစားထားတဲ့ ယူရိုပါလိဂ်အိမ်ကွင်းပွဲစဉ် ၁၀ ပွဲမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ကို ရယူနိုင်ခဲ့ပြီး အဲ့ဒီ ၁၀ ပွဲမှာ ဆဲလ်ဘတ်က ဂိုး ၂၀ သွင်းယူကာ သုံးဂိုးတည်းသာ ပြန်ပေးခဲ့ရတာကို မမေ့သင့်ပါဘူး။ ဆဲလ်ဘတ်သာ ဂိုးစောစောစီးစီးရသွားခဲ့ရင် စိတ်ဓာတ်အရမ်းတက်သွားပြီး မာဆေးကို ဆက်တိုက်ဆိုသလို ဖိအားပေးတာမျိုးတွေ လုပ်သွားနိုင်ပါတယ်။ ဆဲလ်ဘတ်ဟာ ၁-၀၊ ၂-၁ လို ရလဒ်မျိုးနဲ့ ကပ်နိုင်သွားပါလိမ့်မယ်။ ဗိုလ်လုပွဲတက်ခွင့်ကိုတော့ မာဆေးက ရရှိသွားနိုင်ပါတယ်။

**ပွဲကြီးကြပ်မည့်ဒိုင်လူကြီးများ**

**ကွင်းလယ်ဒိုင်လူကြီး** - ဆာဂျီ ကာရာဆက်ဗ်(ရုရှား)

**စည်းကြပ်ဒိုင်လူကြီးများ** - အေဗီရီယာနော့ဗ်(ရုရှား)၊ ကာလူဂျင်(ရုရှား)

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၃-၅-၂၀၁၈(သောကြာနေ့)ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ ဒုတိယအကျော့**

| | |
|---|---|
| နံနက် ၁း၃၅ နာရီ | အက်သလက်တီကို - အာဆင်နယ် |
| နံနက် ၁း၃၅ နာရီ | ဆဲလ်ဘတ် - မာဆေး |

## မန်ယူတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဒီဂီယာ ရရှိ၊ နည်းပြရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကို မက်တိုမီနေး ဆွတ်ခူး

**မန်ချက်စတာ၊ မေ ၂**

မန်ယူဂိုးသမား ဒီဂီယာသည် အသင်းက ရွေးချယ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရယူသွားခဲ့ပြီဖြစ်ပြီး ဒီဂီယာမှာ ယင်းဆုကို ၎င်း၏ ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း တတိယအကြိမ်မြောက်အဖြစ် ဆွတ်ခူးရယူသွားနိုင်ခဲ့ခြင်းဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

နည်းပြ မော်ရင်ညိုသည် မန်ယူထံသို့ ၎င်းပြောင်းရွှေ့ရောက်ရှိလာခဲ့အပြီးတွင် အသင်းတစ်သင်း၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂိုးသမားဖြစ်သူက နှစ်စဉ်နီးပါးရရှိနေသည်မှာ ယင်းအသင်းထံ၌ တစ်စုံတစ်ရာ အမှားအယွင်း ဖြစ်နေပြီဟူသော သဘောသက်ရောက်ကြောင်း မှတ်ချက်ပေးခဲ့ဖူးပြီး ၎င်းမတိုင်မီ မန်ယူနည်းပြအဖြစ် ဗန်ဟားလ် တာဝန်ထမ်းဆောင်ခဲ့သည့် ၂ နှစ်တာကာလအတွင်း အသင်း၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဒီဂီယာကို ၂ နှစ်ဆက်ရခဲ့သည်ကို ရည်ညွှန်းကာ မော်ရင်ညိုက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ကစားသမားဘဝဖြတ်သန်းမှုကို အဆုံးသတ်တော့မည့် ဝါရင့်ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်သည် ဂုဏ်ထူးဆောင်အထူးဆုကို ချီးမြှင့်ပေးအပ်ခြင်းခံခဲ့ရပြီး မန်ယူလူငယ်ကွင်းလယ်ကစားသမား မက်တိုမီနေးကမူ နည်းပြမော်ရင်ညိုက ရွေးချယ်သည့် စိတ်ကြိုက်ကစားသမားဆုကို ရရှိသွားခဲ့သည်။

မန်ယူကွင်းလယ်လူ မာတစ်သည် မန်ယူက ခရစ္စတယ်ပဲလေ့စ်ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲပြီးဆုံးခါနီး နောက်ဆုံးမိနစ်တွင် အဝေးကန်ချက်ဖြင့် အသင်းအတွက် ရယူပေးခဲ့သည့် အနိုင်ဂိုးဖြင့် တစ်နှစ်တာအကောင်းဆုံးသွင်းဂိုးဆုကို ရရှိသွားနိုင်ခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး အရန်အသင်းကစားသမားဆုကိုမူ ဒီမီထရီ မစ်ချယ်က ရရှိသွားခဲ့ကြောင်း မန်ယူက သတင်းထုတ်ပြန်ထားသည်။ ■ E-11



AP

## ဗီယက်နမ်အိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရန်စီစဉ်

**ရန်ကုန်၊ မေ ၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် ဗီယက်နမ်အိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းပြိုင်ပွဲကို ဇူလိုင်လ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့အနေနှင့် အဆိုပါ ပြိုင်ပွဲအတွက် ကစားသမားများကိုမူ လက်ရှိအချိန်တွင် ရွေးချယ်ထားခြင်းမရှိသေးကြောင်း ယင်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြသန်းထိုက်က ပြောကြားသည်။

“ကျွန်တော်တို့ ဒီနှစ်ထဲမှာ ပြိုင်ပွဲတွေ တောက်လျှောက်ဆိုသလို ယှဉ်ပြိုင်နေပါတယ်။ ကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံတွေရဖို့ အရေးကြီးပါတယ်။ ထိုင်းပွဲလည်းကစားမယ်။ စင်ကာပူပွဲကတော့ ကစားပြီးပါပြီ” ဟု ၎င်းကဆိုသည်။

ပြိုင်ပွဲဝင်မည့် ကစားသမားများကို လက်ရှိအချိန်တွင် ရွေးချယ်မည် မဟုတ်သေးဘဲ ပြိုင်ပွဲကာလနီးကပ်မှသာ ရွေးချယ်သွားရန် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က စီစဉ်ထားသည်။

ယခုပြိုင်ပွဲကို ၂၀၁၆ ခုနှစ်က တစ်ကြိမ်ယှဉ်ပြိုင်ခဲ့သော်လည်း အောင်မြင်မှုရယူနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာပြေးခုန်ပစ်အဖွဲ့အနေနှင့် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ဧပြီလအတွင်းက စင်ကာပူအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲကို ယှဉ်ပြိုင်ထားခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ကြေးသုံးခုရရှိခဲ့သည်။

ယခုမေလအတွင်းတွင်ကျင်းပမည့် ထိုင်းအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲကိုလည်း ကစားသမားခုနှစ်ဦးဖြင့် ယှဉ်ပြိုင်ရန်ရှိနေသေးသည်။

မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် ပဏ္ဍာမလက်ရွေးစင် ကစားသမား ၄၁ ဦးဖြင့် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းက စခန်းသွင်းလေ့ကျင့်နေခြင်းဖြစ်သည်။ ■ J-04





## အမှတ်ပေးချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းအတွက် ဂွါဒီယိုလာကို ညစာကျွေး၍ ဖာဂူဆန် ဂုဏ်ပြု

**မန်ချက်စတာ၊ မေ ၂**

မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်သည် မန်စီးတီးနည်းပြ ဂွါဒီယိုလာကို ပရီးမီးယားလိဂ်အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးရယူနိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုညစာတည်ခင်းကျွေးမွေးသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

မန်စီးတီးသည် ဝက်စ်ဘရွန်းက ၎င်းတို့၏အနီးကပ်ပြိုင်ဘက် မန်ယူကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် ချန်ပီယံဖြစ်ခွင့်ကို ပိုင်ဆိုင်ရရှိသွားခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဖြစ်အပြီး ရက်အနည်းငယ် အကြာတွင် ဖာဂူဆန်က ဂွါဒီယိုလာကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံလိုက်ခြင်းဖြစ်သည်။

အသက် ၇၆ နှစ်အရွယ်ရှိ ဖာဂူဆန်သည် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်၌ မန်စီးတီးအသင်းကို “ဆူညံလွန်းသည့် အိမ်နီးချင်းများ”ဟု ခေါ်ဆိုသမုတ်ခဲ့ဖူးပြီး ဖာဂူဆန်မှာ နည်းပြဘဝကို ကျောခိုင်းလိုက်အပြီးတွင် ယင်းအမြင်ကို ဖျောက်ဖျက်ပစ်လိုက်ကြောင်း၊ ဘောလုံးကို ဖျော်ဖြေမှုရသပေးစွမ်းသည့် ကစားဟန်ဖြင့် ကစားနိုင်သောအသင်းဖြစ်ပါက မည်သည့်အသင်းကိုဖြစ်စေ ချီးကျူးဂုဏ်ပြုလေ့ရှိကြောင်း ၎င်းနှင့်ရင်းနှီးသူများက ပြောကြားသွားခဲ့သည်။

ဖာဂူဆန်သည် ၎င်းအနားယူပြီးပါက ၎င်း၏နေရာကို ဆက်ခံ၍ မန်ယူနည်းပြသစ်အဖြစ် တာဝန်ထမ်းဆောင်ရန် ဂွါဒီယိုလာကို အလွန်အမင်း ခေါ်ယူလိုခဲ့ဖူးပြီး ဖာဂူဆန်မှာ ဂွါဒီယိုလာကို မန်ယူနည်းပြအဖြစ် ခန့်အပ်နိုင်စေရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့တိုင် သွားရောက်၍ ညစာဖိတ်ကြားကျွေးမွေးကာ စည်းရုံးရေးဆင်းခဲ့ဖူးသေးသည်။

ဖာဂူဆန်သည် လက်ရှိဘောလုံးရာသီတွင် မန်စီးတီးအသင်းပိုင် အီတီဟတ်ဒ်ဘောလုံးကွင်းသို့ သွားရောက်၍ မန်စီးတီး၏ပွဲစဉ်အချို့ကို တက်ရောက်ကြည့်ရှုခဲ့ကာ ဖာဂူဆန်မှာ ဂွါဒီယိုလာ၏ ဘောလုံးဒဿနနှင့် ခံယူချက်များကို လေးစားမှုအပြည့်ရှိသူဖြစ်ကြောင်းလည်း ၎င်း၏ မိတ်ဆွေများက အသိပေးထားသေးသည်။ ■ E-11

## ဇီဒန်းလက်သစ်ဟု တင်စားခြင်းခံထားရသော ဆာဗစ်ကို ခေါ်ယူနိုင်ရန် မန်ယူ အခြေအနေကောင်း

**မန်ချက်စတာ၊ မေ ၂**

မန်ယူအသင်းသည် ဇီဒန်းလက်သစ်ဟု တင်စားခြင်းခံထားရသော လာဇီယိုကွင်းလယ်လူ ဆာဗစ်ကို ခေါ်ယူနိုင်ရန်အတွက် အခြေအနေ လွန်စွာကောင်းမွန်နေပြီဖြစ်ပြီး ၎င်းတို့အနေနှင့် ပြောင်းရွှေ့ကြေး ပမာဏ ပေါင်သန်း ၈၀ နှင့်အထက် ရရှိပါက ဆာဗစ်ကို လက်လွှတ်လိုက်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း လာဇီယိုကလည်း အသိပေးထားပြီဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

မန်ယူသည် လွန်ခဲ့သည့်လအနည်းငယ်ခန့်ကတည်းကစ၍ လာဇီယိုအသင်း ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်များသို့ ဘောလုံးကင်းထောက်များစေလွှတ်၍ ဆာဗစ်၏ခြေစွမ်းကို အကဲခတ်နေခဲ့ခြင်းဖြစ်ပြီး အစောပိုင်း၌ ဆာဗစ်ကို ခေါ်ယူလိုသည့် အသင်းများအနက်တွင် ဘာစီလိုနာ ပါဝင်နေခဲ့သည့်အတွက် မန်ယူမှာ အခွင့်အလမ်း လွန်စွာနည်းပါးနေခဲ့သည်။

သို့သော် လက်ရှိတွင် ဘာစီလိုနာသည် ဆာဗစ်ကို ခေါ်ယူနိုင်ရေးအစီအစဉ်ကို ဖျက်သိမ်းကာ အခြားသောပစ်မှတ်များဘက်သို့ ဦးလှည့်လိုက်ပြီဖြစ်ပြီး ယင်းအတွက် ဆာဗစ်ကို ရရှိနိုင်ရေးတွင် မန်ယူအဓိက အားပြိုင်ရဖွယ်ရှိသည်မှာ စပါးတစ်သင်းတည်းသာ ကျန်ရှိတော့သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းကွင်းလယ်ကို အင်အားဖြည့်တင်းရန်အတွက် ကစားသမားနှစ်ဦးခေါ်ယူရန် စီစဉ်ထားပြီး အသက် ၂၃ နှစ်အရွယ်သာ ရှိသေးသည့် ဆာဗစ်ကို အနာဂတ်တွင် အဆက်မပြတ်တိုးတက်လာမည့် ကစားသမားတစ်ဦးအဖြစ် မော်ရင်ညိုက ရှုမြင်ထားသည်။ ■ E-11



# FOREIGN AFFAIRS

# ကမ္ဘာတစ်ဝန်း အလုပ်သမားနေ့ ဆန္ဒပြမှုများပေါ်ပေါက်၊ ငြိမ်းချမ်းစွာလှည့်လည်မှုများရှိသလို ဆူပူအုံကြွမှုများလည်းရှိ

**ဘာလင်၊ မေ ၂**





မေလ ၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အလုပ်သမားနေ့ကကမ္ဘာ့နိုင်ငံအတော်များများတွင် အလုပ်သမားများနှင့် အစိုးရအတိုက်အခံများက ချီတက်ဆန္ဒပြခဲ့ကြရာအချို့သော ဆန္ဒပြပွဲများသည် ဆူပူအုံကြွမှုအသွင် ဆောင်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ပဋိပက္ခဖြစ်ခဲ့သော်လည်း အချို့မှာမူ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်သည့် ဆန္ဒပြပွဲပုံစံမျိုး ဖြစ်ခဲ့ကြောင်း DW သတင်းဌာနက ရေးသားဖော်ပြသည်။

မေဒေးဟုခေါ်သည့် အဆိုပါအလုပ်သမားနေ့ ကမ္ဘာ့မြို့ကြီးအတော်များများတွင် အလုပ်သမားများက ချီတက်ဆန္ဒပြခဲ့ကြသည်။ အချို့ဆန္ဒပြမှုများမှာရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ရာမှ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းဌာနများက ဖော်ပြသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရဲတပ်ဖွဲ့က ဆန္ဒပြသူဒါဇင်ပေါင်းများစွာကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သို့သော်လည်း ဆန္ဒပြသူများက အစ္စတန်ဘူလ်မြို့ရှိ ဇဟိုရင်ပြင်သို့ ချီတက်ကာအစိုးရကိုဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများက "မေဒေးအဓွန့်ရှည်တည်တံ့စေ" ဟု အော်ဟစ်ကာ ချီတက်ဆန္ဒပြခဲ့ကြသည်။ သတင်းများအရ တူရကီရဲတပ်ဖွဲ့က ဆန္ဒပြသူ ၄၅ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့တွင် အထည်ချုပ်လုပ်သား ၂၀၀၀ ကျော်ခန့်က အမျိုးသားလွှတ်တော်ရှိရာသို့ ချီတက်ကာ အလုပ်သမားများ၏ ခံစားခွင့်တိုးတက်ကောင်းမွန်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ သို့သော် ကမ္ဘောဒီးယားရဲတပ်ဖွဲ့က ချီတက်ဆန္ဒပြသူ အထည်ချုပ်လုပ်သားများကို ဟန့်တားခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင်မူ ဆန္ဒပြသူ ၅၀၀၀ ကျော်ခန့်က မြို့တော်မနီလာရှိ သမ္မတရုံးအနီးသို့ ချီတက်ခဲ့ကြပြီး အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်ရေးအတွက် တောင်းဆိုခဲ့ကြသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အလုပ်သမားသမဂ္ဂများဦးဆောင်မှုဖြင့် ဆန္ဒပြပြည်သူ ၅၅၀၀၀ ခန့်က ချီတက်ဆန္ဒပြကာ သမ္မတ အီမန်နျူယယ်မက်ခရွန်အနေနှင့် အလုပ်သမားမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြသည်။

စပိန်နိုင်ငံတွင်လည်း မြို့ပေါင်း ၇၀ ကျော်၌ အလားတူအလုပ်သမားနေ့ ချီတက်ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ မက်ဒရစ်မြို့တွင်မူ "အောင်ပွဲခံဖို့အချိန်တန်ပြီ" ဟူသော ဆောင်ပုဒ်ဖြင့် အလုပ်သမားများကခံစားခွင့်များနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားစေရေးအတွက် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။

ဂရိနိုင်ငံ အေသင်အပါအဝင် အခြားဥရောပနိုင်ငံအတော်များများတွင်လည်း ဆန္ဒပြပွဲကြီးများ ပြုလုပ်ခဲ့ကြကြောင်း ဥရောပမီဒီယာများက ဖော်ပြသည်။

ရုရှားနိုင်ငံတွင် အလုပ်သမားသမဂ္ဂများဦးဆောင်မှုဖြင့် လူပေါင်းတစ်သိန်းနှစ်သောင်းကျော်ခန့်က မော်စကိုမြို့လမ်းမများပေါ်တွင် စီတန်းလှည့်လည်ခဲ့ကြသည်။ သို့သော် ယင်းဆန္ဒထုတ်ဖော်မှုသည် အာဏာပိုင်များက စီစဉ်သော ရုရှားအစိုးရထောက်ခံရေး လှုပ်ရှားမှုတစ်ရပ်သာဖြစ်သည်ဟုသတင်းဌာနများကဖော်ပြသည်။

စိန့်ပီတာစဘက်မြို့တွင်မူ ရုရှားအစိုးရဆန့်ကျင်သူ ထောင်ပေါင်းများစွာက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ပိတ်ပင်ထားမှု အဆုံးသတ်ရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ■ F-01

## ALSO IN NEWS



## ရှေးဟောင်း Leica ကင်မရာ လေလံတင်ရာ ယူရို ၂ ဒသမ ၄ သန်း ရရှိ

၁၉၂၃ ခုနှစ်ထုတ် ရှေးဟောင်း Leica ကင်မရာများထဲက လက်ကျန်တစ်လုံးကို ဗီယင်နာမြို့မှာ မတ်လအတွင်းက လေလံပစ်ခဲ့ရာမှာ ကမ္ဘာ့စံချိန်တင်လေလံကြေးအဖြစ် ယူရိုငွေ ၂ ဒသမ ၄ သန်းရရှိခဲ့ပါတယ်။ ကြမ်းခင်းဈေးအဖြစ် ယူရိုငွေ လေးသိန်း သတ်မှတ်ခဲ့ပေမယ့် အတော်များများ တိုးမြှင့်ရရှိသွားခဲ့တာဖြစ်ပါတယ်။ အာရှသားလေလံဆွဲသူတစ်ဦးက ဝယ်ယူနိုင်ခဲ့ကြောင်း လေလံပွဲကျင်းပရာ ပြတိုက်ကထုတ်ပြန်ထားပါတယ်။ အဆိုပါကင်မရာစီးရီးထဲက အကောင်းအတိုင်းကျန်တဲ့ ကင်မရာစုစုပေါင်း ၃လုံးသာကျန်တော့ကြောင်း ၎င်းတို့က ဆိုပါတယ်။ ယခင်က တင်ခဲ့တဲ့စံချိန်ဟာ ၂၀၁၂ လေလံပွဲကရခဲ့တဲ့ ဗွေဆော်ဦး ၁၉၂၃ မော်ဒယ်လ် Leica ကင်မရာ ရောင်းဈေးဟာ ယူရိုငွေ ၂ ဒသမ ၁၆ သန်း ဖြစ်ပါတယ်။ Leica ကို နာမည်ကျော် ဂန္ထဝင်ဓာတ်ပုံသတင်းထောက်ကြီးများက နှစ်သက်ကြပြီး ယခုအခါ အဆိုပါအမှတ်တံဆိပ်ကုမ္ပဏီကို အန်ဒရီးရက်စ်ကော့ဖ်မန်းက ပိုင်ဆိုင်တာဖြစ်ပါတယ်။ ဂျာမန်ကုမ္ပဏီဖြစ်တဲ့ Leica ကို ၁၉၁၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်လွှား လေးစားနှစ်ခြိုက်ကြပါတယ်။ ■ F-02

## စမတ်ဖုန်းနဲ့ ဆင်တူမယ့် လက်ကိုင်သေနတ် ထွက်တော့မယ်

ခေါက်ပြီးသိမ်းထားလိုက်မယ်ဆိုရင် စမတ်ဖုန်းတစ်လုံးအလား ထင်ရစရာရှိမယ့် သေနတ်ကို NRA ခေါ် အမေရိကန်အမျိုးသားရိုင်ဖယ်အသင်းက အရောင်းမြှင့်တင် ကြော်ငြာနေပါပြီ။ ပွဲခ်လန်းသေနတ်ပစ်ခတ်မှုကနေ လွတ်မြောက်လာသူ သေနတ်ကိုင်ဆောင်ခြင်းကို မလိုလားတဲ့ ဂျက်ကလင်းကိုရင်ကတော့ အဆိုပါ အဖွဲ့ရဲ့ကြော်ငြာကို ကန့်ကွက်ထားပါတယ်။ လူသန်းပေါင်းများစွာ ကိုင်ဆောင်အသုံးပြုနေတဲ့ စမတ်ဖုန်းနဲ့ တူညီအောင် ထုတ်ထားပြီးတော့ လွယ်ကူစွာ လျှို့ဝှက်သယ်ဆောင်နိုင်တယ်လို့ ဆိုပါတယ်။ လျှို့ဝှက်သယ်ဆောင်နိုင်သလို မိမိကိုယ်ကို ကာကွယ်ဖို့အတွက် ကောင်းမွန်တဲ့ ရွေးချယ်မှုဖြစ်တယ်လို့ NRA ရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။ လွယ်ကူစွာထုတ်ပြီး ပစ်ခတ်နိုင်ပြီဖြစ်ပါကြောင်းလည်း ကြော်ငြာထားပါတယ်။ NRA အဖွဲ့ဟာ လူလူချင်း သေနတ်နဲ့ပစ်တဲ့ကိစ္စကို သာမန်ဖြစ်ရပ်ကဲ့သို့ ဖြစ်လာအောင် အရောင်းမြှင့်တင်နေတယ်လို့ ဝေဖန်ထားပါတယ်။ ■ F-02

